# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါးဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုနှစ် မန်းရွှေစက်တော် ပွဲတော်ရာသီတွင် ဘုရားဖူးညှော့သည်များ ပိုမိုလာရောက်ဖူးမြော်နိုင်ရေး အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိ



**မင်းဘူး နိုဝင်ဘာ ၁၂**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း သမိုင်းဝင် တန်ခိုးကြီးစေတီပုထိုးများတွင် တစ်ခုအပါအဝင်ဖြစ်သည့် မန်းရွှေစက်တော် ဘုရားကြီးသို့ ပြီးခဲ့သည့်နှစ် ပွဲတော်ရာသီက ဘုရားဖူးအများအပြား ဝင်ရောက်လျက်ရှိသကဲ့သို့ ယခုနှစ်တွင် ကိုးခန်းကြီး၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ အထက်စက်တော်ရာ အတက်စောင်းတန်းနှင့် မုခ်ဦး၊ အောက်စက်တော်ရာ ရင်ပြင်နှင့် နဂါးရေအိုင်များပြင်ဆင်၍ တိုင်လုံးများနှင့် ဘုံခုနစ်ဆင့်မှ ပန်းချီ၊ ပန်းပု၊ ဗိသုကာလက်ရာများကို ရှေးမူလက်ရာအတိုင်း အဆင့်မြှင့်တင် ပြင်ဆင်ခြင်းများ ပြုလုပ်လျက်ရှိသည်။ ထို့ပြင် ဘုရားအဝင် (၃)မိုင်လမ်းတွင် တံတားနှစ်စင်း တိုးချဲ့ဆောက်လုပ်ခြင်း၊ အရိပ်ရသစ်ပင်စိုက်ပျိုးခြင်းနှင့် Flower Box တို့ ထားရှိခြင်းတို့ကို ဘုရားပွဲတော်ရာသီအမီ တိုးချဲ့ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့✪

**ယနေ့ ဖတ်စရာ**

**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်များ ထုတ်ပြန်** — စာမျက်နှာ » ၃

**ဆည်ရေသောက်စနစ်အတွင်းရှိ တောင်သူအချင်းချင်း ရာသီအလိုက် သီးနှံပုံစံများ ညှိနှိုင်း၍ ညီညွတ်မျှတသော ရေသောက်စနစ် ဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်** — စာမျက်နှာ » ၅

**သီတင်းကျွတ်လ စာအလင်္ကာများ** — ဆောင်းပါး စာမျက်နှာ » ၆

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၄၆၈၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ** — စာမျက်နှာ » ၁၆

**မြေမီးဖုတ်မြေထည်ရုပ်ကြွယဉ်ကျေးမှုထွန်းကားခဲ့ရာ ပျူမြို့ဟောင်း သရေခေတ္တရာ** — ဆောင်းပါး စာမျက်နှာ » ၂၃

## တာချီလိတ်မြို့ရှိ သွင်းကုန်အစားထိုး Honey ကျန်းမာခြင်းနှင့် အလှအပဆိုင်ရာထုတ်ကုန်(စွန့်ဦးတီထွင်)လုပ်ငန်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဦးတည်ချက်များချမှတ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME)လုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် တာချီလိတ်မြို့နယ်မှ မှတ်ပုံတင်ထားသည့် လုပ်ငန်းအရေအတွက်မှာ အောက်တိုဘာလအထိ ၅၄ ခုရှိပြီး လူသုံးကုန်ထုတ်လုပ်သည့် စွန့်ဦးတီထွင်လုပ်ငန်းလေးခုပါဝင်ကြောင်း သိရသည်။

စာမျက်နှာ ၁၀ သို့ ❖



ကြေးမုံ

# စုပေါင်းညီညွတ်မှုအားများ တိုင်းပြည်အကျိုးစီးပွားတွင်ပါဝင်

သမိုင်းအစဉ်အလာနှင့် တည်တည်တံ့တံ့ စုစုစည်းစည်းဖြင့် နေထိုင်လာကြသော လူမျိုးစုံ သို့မဟုတ် လူပေါင်းစု သို့မဟုတ် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ လွှမ်းတည်ရာ၊ ပျံ့နှံ့ရာဒေသကို ပထဝီဝင်နယ်နိမိတ်အရ သတ်မှတ်ထားသည့်အခါတွင် ထိုနယ်မြေဒေသကို တိုင်းပြည် သို့မဟုတ် နိုင်ငံဟုခေါ်ကြပေသည်။ တိုင်းပြည်သည် ရုပ်ပိုင်းဆိုင်ရာဖွဲ့စည်းမှုဖြစ်ပြီး နိုင်ငံတော်သည် စိတ်ပိုင်းဆိုင်ရာဖွဲ့စည်းမှု ဖြစ်သည်။ တိုင်းပြည်နှင့်နိုင်ငံတော်သည် အချင်းချင်းကျေးဇူးပြုသောအားဖြင့် ဆက်စပ်လျက်ရှိသည်။

လူသည် လူအဖြစ်ကိုရကတည်းက လူ့အဖွဲ့အစည်းနှင့်ကင်း၍မရပေ။ လူ့အဖွဲ့အစည်း၏ဘဝကံကြမ္မာကို ဖန်တီးအပ်သောနိုင်ငံတော်၏အရေး သို့မဟုတ် နိုင်ငံရေး သို့မဟုတ် တိုင်းပြည်ရေးတွင်လည်း မပါဝင်မဆောင်ရွက်ဘဲနေ၍မရပေ။ "လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခအတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစုတစည်းတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်"ဟု ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့ ရွှေတိဂုံအလယ်ပစ္စယံ ဖဆပလညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်းက ပြောကြားခဲ့သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးအသီးသီးဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသော ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အား စီးပွားရေး၊ လူမှုရေးတို့ သာယာဝပြော၍ တည်တံ့စည်းလုံးခိုင်မြဲသောနိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရာတွင် တိုင်းရင်းသားလူမျိုးအားလုံးတို့၏ ချစ်ကြည်ရေး၊ သွေးစည်းညီညွတ်ရေးသည် အခြေခံလိုအပ်ချက်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးအချင်းချင်း သွေးစည်းညီညွတ်ရေး၊ ချစ်ကြည်ရေးဆိုသည်မှာ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးတို့ အေးအတူပူအမျှ ဥမကွဲသိုက်မပျက် ရာသက်ပန်ပူးပေါင်းနေထိုင်ကြမည်ဟု သန္နိဋ္ဌာန်ချထားရန်လိုအပ်ပါသည်။ ပြည်ထောင်စုအကျိုး၊ နေထိုင်ကြသောလူမျိုးအားလုံး၏အကျိုးကို အတူတကွ လက်တွဲလုပ်ကိုင်သွားကြရန်လိုအပ်ပါသည်။

တိုင်းပြည်ကို ညီညာစွာ စုစည်းတည်ဆောက်ထားသဖြင့် ထာဝစဉ်ခိုင်မြဲစည်းလုံးနေသည့် ပြည်ထောင်စုကြီးတစ်ခုလုံးအကျိုးအတွက် အားလုံးမပါဝင်လျှင်မဖြစ်၊ စုပေါင်းလုပ်ဆောင်ရမည့်တာဝန်ရှိပါသည်။ တိုင်းရင်းသားလူမျိုးအသီးသီး၏ ထူးခြားသောအခြေအနေအရ သီးခြားလွတ်လပ်စွာ ဆောင်ရွက်ရမည့်အချက်များလည်းရှိပါသည်။ အားလုံးနှင့် စုပေါင်းလုပ်ဆောင်ရမည့် တာဝန်များရှိသည်ဆိုရာ၌ ဥပမာအားဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး တည်တံ့ခိုင်မြဲရေး၊ တစ်ပြည်လုံး စီးပွားရေး၊ လူမှုရေး စသည့်လုပ်ငန်းများတွင် အများအကျိုးအတွက် အများကပင် အမျိုးဘာသာခွဲခြားခြင်းမရှိ၊ တက်ညီလက်ညီ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ရရှိလာသည့်အသီးအပွင့်ကို အားလုံး ခံစားစံစားကြရန်ဖြစ်ပါသည်။

ပြည်ထောင်စုသားများအားလုံး စုပေါင်းဆောင်ရွက်ရမည့်တာဝန်များတွင် ပြည်ထောင်စုကို ကာကွယ်စောင့်ရှောက်ရေးတာဝန်လည်းရှိပေသည်။ တပ်မတော်တွင် ပြည်ထောင်စုအတွင်းရှိ လူမျိုးများ ပါဝင်အမှုထမ်းပြီး ပြည်တွင်းပြည်ပအန္တရာယ်များကို အစဉ်ကာကွယ်လျက်ရှိသည်။ မျက်မှောက်ကာလတွင် နိုင်ငံတော်အစိုးရက တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖြန့်ကြက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိုင်းရင်းသားပြည်သူတစ်ဦးချင်း၏ လူမှုစီးပွားဘဝများတိုးတက်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် လူတစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝတိုးတက်ရေးကို ဦးတည်ချက်ထား ဆောင်ရွက်နိုင်ရေး ရည်မှန်းချက်ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

သို့သော် တစ်ဖက်၌ တရားဥပဒေစိုးမိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နှောင့်ယှက်ဖျက်ဆီးနေသည့် အဖျက်အန္တရာယ်များရှိနေသည်။ တိုင်းရင်းသားလူမျိုးများ နှစ်ပေါင်းရှည်လျားစွာ ဥမကွဲသိုက်မပျက် စုပေါင်းနေထိုင်မှုများကို ဖျက်ဆီးနေကြသည်။ အကြမ်းဖက်သောင်းကျန်းမှုများ ရှိနေသည့်နယ်မြေများတွင် ဒေသဖွံ့ဖြိုးမှုကို မဆောင်ရွက်နိုင်သဖြင့် လူမှုစီးပွားအခက်အခဲအကျိုးဆက်များကို နယ်မြေခံလူထုနှင့် တိုင်းရင်းသားပြည်သူများခံစားနေကြရသည်။ အသိဉာဏ်ဆင်ခြင်ကင်းမဲ့သော အဖျက်သမား၊ သစ္စာဖောက်များ၏ နှောင့်ယှက်ဖျက်ဆီးမိုက်မဲမှုများကြောင့် ဒေသခံပြည်သူများ ဆင်းရဲဒုက္ခများ များစွာခံစားနေကြရသည်။

သို့ဖြစ်ရာ ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည်နှင့်အညီ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှု၊ စုပေါင်းဆောင်ရွက်မှုများသည် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားတစ်ရပ်အဖြစ် ရှိနေပါသည်။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအနေဖြင့် ဒေသအကျိုး၊ နယ်မြေအကျိုး၊ ပြည်သူလူထုအကျိုးတို့ကို အလေးထား၍ ဒေသဖွံ့ဖြိုးရေး၊ တည်ငြိမ်အေးချမ်းရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးတို့တွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူလက်တွဲ၍ စုပေါင်းပါဝင်ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

MINISTRY OF HEALTH

(၂၀၂၃)ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့

(၁၄-၁၁-၂၀၂၃)

"ဆီးချိုသွေးချိုအန္တရာယ်ကာကွယ်ဖို့၊ ကိုယ်တိုင်သိရှိဆင်ခြင်စို့"

"Know your risk, Know your response"

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများဆက်လက်လှူဒါန်း



**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်(၁၆)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ (ဗိုလ်ချုပ်ကြီးစိုးဝင်း)-ဒေါ်သန်းသန်းနွဲ့(မလေး-မုံရွာ) မိသားစုနှင့် အန်ကောခေတ်ယဉ်ကျေးမှုစာအုပ်ရေးသားသူ ဦးကျော်ညွန့်ရည်-ဒေါ်ဝါဝါကျော် (ကျော်ညွန့်ရည်စာပေ) တို့က အလှူငွေကျပ် ၁၀ သိန်းစီ၊ ဗိုလ်တထောင်မြို့နယ် စာရေးဆရာအသင်းက ငွေကျပ်သုံးသိန်း၊ ဦးဇော်မင်း(မင်္ဂလာကုမ္ပဏီ)မိသားစုနှင့် ဒဂုံ(မြောက်ပိုင်း)မြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်နှစ်သိန်းစီ၊ ဆရာတော်ဘဒ္ဒန္တပဏ္ဍာနန္ဒ(မြတ်ဘုန်း- တပ်ကုန်း)၊ ဆရာကြီးသူရဇော်-ခင်(တိုင်းရင်းမေ) စာပေမောင်နှံ မိသားစု၊ ဒေါက်တာခင်မောင်လွင် (FAME Pharmaceuticals) မိသားစု၊ စာရေးဆရာတင့်တယ် မိသားစု(တင့်တယ်ရိပ်မွန်)၊ ဒေါ်ခင်မာမြင့်(မာမာညိုလင်း-မြန်အောင်)၊ ကျောက်တန်းမြို့နယ် စာရေးဆရာအသင်း၊ ကြည့်မြင်တိုင်မြို့နယ် စာရေးဆရာအသင်းနှင့် မရမ်းကုန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်တစ်သိန်းစီ၊ လှိုင်မြို့နယ် စာရေးဆရာအသင်းဒုတိယဥက္ကဋ္ဌ ဆရာကြယ်နီလေး(ဥပဒေ)၊ ဦးမိတ်(ပါမောက္ခဒေါက်တာမိတ်)မဟာအောင်မြေမြို့နယ် နှင့် စာရေးဆရာမ ပေါက်ပေါက်၊ နတ်တလင်းမြို့နယ် စာရေးဆရာအသင်းနှင့် ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ် ငါးသောင်းစီ၊ ကွယ်လွန်သူ သက်ကြီးကန်တော့ခံ စာပေပညာရှင် ဦးလှမြင့် (မောင်မဟာ) မိသားစု၊ ဦးခင်ဇော်ဝင်း(ခက်ဇော် -ကဗျာ)- ဒေါ်မြင့်မြင့်အေး (ပန်းမြမွှေး) မအူပင်မြို့နယ်၊ မိုးယံ (တပ်ကုန်း)နှင့် တပ်ကုန်းမြို့နယ် စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ အမရပူရမြို့နယ် စာရေးဆရာအသင်းက ငွေကျပ်၂၈၀၀၀၊ ဦးအောင်မျိုးဇော် (ဇဂျမ်းရွာကျောင်းအိုသား)နှင့် သင်းသင်းလှိုင် (တပ်ကုန်း)တို့က အလှူငွေကျပ်နှစ်သောင်းစီ၊ နွေကံ့ကော်(မြို့လှ)- ပင်မြင့်စံ(ရွှေဘို) မိသားစုက ငွေကျပ် ၁၅၀၀၀၊ ဉာဏ်လင်း (တပ်ကုန်း)နှင့် သိန်းဝင်းမြင့်(တပ်ကုန်း) တို့က ငွေကျပ် တစ်သောင်းစီ ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)၊ တွဲဖက်အတွင်းရေးမှူးများ ဖြစ်ကြသည့် ဦးအောင်သန်းဦး (ပုသိမ်အောင်သန်းဦး) နှင့် ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ်(၁၇၃/၁၇၅)ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်သူရနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၀ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၀ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ တိုင်းမှူးအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law)အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကွတ်ခိုင်မြို့နယ်
( ခ ) ကွမ်းလုံမြို့နယ်
( ဂ ) နမ့်ခမ်းမြို့နယ်
(ဃ) မူဆယ်မြို့နယ်
( င ) လားရှိုးမြို့နယ်
( စ ) သိန်းနီမြို့နယ်

၂။ တိုင်းမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၁ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၁ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)၊ ဒေသကွပ်ကဲရေးမှူးအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)နယ်မြေဖြစ်သည့် ရှမ်းပြည်နယ်အတွင်းရှိ အောက်ပါမြို့နယ်များ၏ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး (Martial Law) အာဏာကို ကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အပ်နှင်းလိုက်သည်-

(က) ကုန်းကြမ်းမြို့နယ်
( ခ ) လောက်ကိုင်မြို့နယ်

၂။ ဒေသကွပ်ကဲရေးမှူးသည် အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲဖြစ်ပေါ်လျက်ရှိသော အခြေအနေအရပ်ရပ်အပေါ်မူတည်၍ မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများကို တာဝန်လွှဲအပ်၍လည်းကောင်း စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကို ကျင့်သုံးနိုင်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၂ / ၂၀၂၃ ထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၂ / ၂၀၂၃**
၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်
( ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၂၀၂၃၊ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်စွဲပါ စစ်အုပ်ချုပ်ရေး(Martial Law)အမိန့်အမှတ်၊ ၁၀/ ၂၀၂၃ နှင့် အမိန့်အမှတ် ၁၁/၂၀၂၃ တို့ဖြင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့အား စစ်အုပ်ချုပ်ရေးဒေသအဖြစ် ကြေညာထားသော အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လောက်ကိုင်)တို့၏ နယ်မြေများဖြစ်သည့် သတ်မှတ်မြို့နယ်များအတွင်း လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အလို့ငှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ စစ်အုပ်ချုပ်ရေး(Martial Law) အာဏာကိုကျင့်သုံးရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ အပ်နှင်းခဲ့ပါသည်။

၂။ စစ်အုပ်ချုပ်ရေးဒေသအတွင်းရှိဒေသအာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်တို့သည် ယင်းတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းတာဝန်များကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လောက်ကိုင်) ဒေသကွပ်ကဲရေးမှူးတို့၏ကွပ်ကဲမှုအရ ဆောင်ရွက်ရမည်။

၃။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း စစ်နယ်မြေများသတ်မှတ်၍ စစ်နယ်မြေမှူးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ခန့်ထားနိုင်သည်။

၄။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်း မိမိကိုယ်တိုင်သော်လည်းကောင်း၊ စစ်နယ်မြေမှူးများဖြင့်သော်လည်းကောင်း၊ မိမိတာဝန်လွှဲအပ်သော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စများကို ပြီးမြောက်အောင် ဆောင်ရွက်ရမည်-

**(က) အုပ်ချုပ်ရေး**
(၁) လုံခြုံရေးကိစ္စရပ်များ၊
(၂) လူမှုရေးကိစ္စရပ်များ၊
(၃) ကုန်သွယ်ရေးကိစ္စရပ်များ၊
(၄) သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ။

**( ခ ) တရားစီရင်ရေး**
(၁) **တရားရုံးများဖွဲ့စည်းခြင်း။** တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးကာလအတွင်း ပြစ်မှုဆိုင်ရာမှုခင်းများကို တည်ဆဲဥပဒေအရဖွဲ့စည်းထားသော တရားရုံးများဖြင့်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး ဖွဲ့စည်းသည့် စစ်ခုံရုံးများဖြင့်ဖြစ်စေ စစ်ဆေးစီရင်နိုင်သည်။
(၂) **စစ်ခုံရုံးဖြင့်စစ်ဆေးခြင်း။** စစ်ခုံရုံးများသည် ပြစ်မှုဆိုင်ရာမှုခင်းများကို အကျဉ်းနည်းဖြင့် စစ်ဆေးစီရင်နိုင်သည်။
(၃) **ပြစ်ဒဏ်ချမှတ်ခြင်း။** နောက်ဆက်တွဲဇယား(က)ပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သူတစ်ဦးအား စစ်ခုံရုံးကပြစ်မှုထင်ရှားစီရင်ပါက တည်ဆဲဥပဒေများနှင့်အညီ အောက်ပါပြစ်ဒဏ်တစ်မျိုးမျိုးကို ချမှတ်ရမည်-
(ကက) သေဒဏ်၊
( ခ ခ ) နှစ်အကန့်အသတ်မရှိ အလုပ်နှင့်ထောင်ဒဏ်၊
( ဂ ဂ ) သက်ဆိုင်ရာပြစ်မှုအလိုက် သတ်မှတ်ထားသော အမြင့်ဆုံးပြစ်ဒဏ်။

(၄) **အတည်ပြုခြင်း။** စစ်ခုံရုံးများကချမှတ်သော ဆုံးဖြတ်ချက်များနှင့် စီရင်ချက်များသည် အပြီးအပြတ်ဖြစ်စေရမည်။ သို့ရာတွင် သေဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အတည်ပြုချက်ရရှိမှသာ အတည်ဖြစ်သည်။ နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်စီရင်ပါက ထိုသို့စီရင်ခြင်းသည် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးတို့၏ အတည်ပြုချက်ရရှိမှသာအတည်ဖြစ်သည်။ အတည်ပြုခြင်းနှင့် ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များ ရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း။
( ခ ခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း။
( ဂ ဂ ) ပြစ်ဒဏ်ကိုပို၍နိမ့်သော ပြစ်ဒဏ်အမျိုးအစားသို့လျှော့ပေါ့ပြောင်းလဲခြင်း။
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကိုအတည်ပြုခြင်း။

(၅) **အယူခံခြင်း။** စစ်ခုံရုံးများကချမှတ်သော ဆုံးဖြတ်ချက်၊ ပြစ်ဒဏ်ချမှတ်ချက်များနှင့် စပ်လျဉ်း၍ အယူခံပိုင်ခွင့်မရှိစေရ။

(၆) **ပြင်ဆင်မှုလျှောက်ထားခြင်း။** စစ်ခုံရုံးများက သေဒဏ်စီရင်ပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ (၁၅)ရက်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့လည်းကောင်း၊ အခြားပြစ်ဒဏ်ချမှတ်ခြင်းခံရပါက ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ(၁၅)ရက်အတွင်း သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများထံသို့လည်းကောင်း ပြင်ဆင်မှုလျှောက်ထားနိုင်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများသည် မိမိသဘောအလျောက်လည်း ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်နိုင်သည်။ ပြင်ဆင်မှုစီရင်ပိုင်ခွင့်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည်-
(ကက) ပြစ်မှုထင်ရှားစီရင်ခြင်းကို ပယ်ဖျက်ခြင်း၊
( ခခ ) ပြစ်ဒဏ်ကို လျှော့ပေါ့စေခြင်း၊
( ဂဂ ) ပြစ်ဒဏ်ကို ပို၍နိမ့်သောပြစ်ဒဏ်အမျိုးအစားသို့ လျှော့ပေါ့ပြောင်းလဲခြင်း၊
(ဃဃ) ပြစ်မှုထင်ရှားစီရင်ခြင်းကို အတည်ပြုခြင်း။

(၇) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သို့မဟုတ် သက်ဆိုင်ရာတိုင်းမှူး သို့မဟုတ် ဒေသကွပ်ကဲရေးမှူးများက မိမိသဘောအလျောက် ပြင်ဆင်မှုဖွင့်၍ ဆောင်ရွက်သည့်ကိစ္စတွင် အထက်အပိုဒ်ငယ်(၆)တွင်ပါရှိသော လုပ်ပိုင်ခွင့်များအပြင် ပြစ်ဒဏ်ကို တိုးမြှင့်နိုင်သည်။

၅။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် မိမိ၏တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် စစ်အုပ်ချုပ်ရေးအကြံပေးအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။

၆။ တိုင်းမှူးနှင့် ဒေသကွပ်ကဲရေးမှူးတို့သည် စစ်အုပ်ချုပ်ရေးဒေသအတွင်းဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ အစီရင်ခံရမည်။

အမိန့်အရ
အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

**စာမျက်နှာ ၄ သို့ ☆**

☆ စာမျက်နှာ ၃ မှ

နောက်ဆက်တွဲဇယား(က)

**စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုများ**

၁။ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၂)၊
၂။ အစိုးရကို အကြည်ညိုပျက်အောင်ပြုလုပ်မှု(ရာဇသတ်ကြီးပုဒ်မ ၁၂၄-က)၊
၃။ တပ်မတော် သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့၏ ဆောင်ရွက်မှုကို နှောင့်နှေးစေခြင်း သို့မဟုတ် ပျက်ပြားစေခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဂ)၊
၄။ တပ်မတော်သားများ သို့မဟုတ် အစိုးရအမှုထမ်းများကို ဟန့်တားခြင်း သို့မဟုတ် နှောင့်ယှက်ခြင်း(ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ)၊
၅။ ရာဇသတ်ကြီးပုဒ်မ ၅၀၅၊
၆။ အစိုးရဝန်ထမ်းတစ်ဦးအား ပြစ်မှုကျူးလွန်စေရန်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိတ်လန့်စေခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ မမှန်သတင်းများဖြန့်ခြင်း (ရာဇသတ်ကြီးပုဒ်မ ၅၀၅-က)၊
၇။ မတရားအသင်းအက်ဥပဒေအရပြစ်မှုများ၊
၈။ လက်နက်အက်ဥပဒေအရပြစ်မှုများ၊
၉။ လူသတ်မှု၊
၁၀။ လူသေမှု၊
၁၁။ မုဒိမ်းမှု၊
၁၂။ လုယက်မှု၊
၁၃။ ဓားပြမှု၊
၁၄။ အဂတိလိုက်စားမှု၊
၁၅။ ၁၉၉၃ ခုနှစ်၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ ပြစ်မှုများ၊
၁၆။ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေအရ ပြစ်မှုများ၊
၁၇။ ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သောပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေးဥပဒေအရ ပြစ်မှုများ၊
၁၈။ သတင်းမီဒီယာဥပဒေအရ ပြစ်မှုများ၊
၁၉။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရ ပြစ်မှုများ၊
၂၀။ ၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလောပြဋ္ဌာန်းချက်များ) အက်ဥပဒေအရ ပြစ်မှုများ၊
၂၁။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအရပြစ်မှုများ၊
၂၂။ ရပ်ကွက်သို့မဟုတ်ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေအရပြစ်မှုများ၊
၂၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရပြစ်မှုများ၊

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၂၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများအစည်းအဝေး၊ ဆွေးနွေးဖက်နိုင်ငံများဖြင့်ကျင်းပသော ဝန်ကြီးအဆင့်အစည်းအဝေးများ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘန်မြို့တွင် နိုဝင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ကျင်းပသော (၂၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၂၂)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၂၁)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး၊ (၁၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးနှင့် အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ခရီးသွားလာရေးဝန်ကြီးများ၏ ကြားဖြတ်အွန်လိုင်း အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ယမန်နေ့ ညနေပိုင်းက ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### တက်ရောက်

ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စု ဝန်ကြီးသည် နိုဝင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ကျင်းပသော (၂၉)ကြိမ်မြောက် အာဆီယံပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများနှင့်အတူ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေး ဝန်ကြီး H.E Mr. Ngampasong MUONGMANY က အဖွင့်အမှာစကားပြောကြား၍ အစီအစဉ်များအတိုင်း အစည်းအဝေးကို ကျင်းပသည်။



အစည်းအဝေးတွင်ပြည်ထောင်စုဝန်ကြီးက အာဆီယံပို့ဆောင်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ၂၀၂၄ ခုနှစ်တွင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံ လေကြောင်းလမ်းညွှန်ထိန်းသိမ်းမှု ပင်မစီမံချက် တတိယအကြိမ် ပြင်ဆင်တည်းဖြတ်မှု၊ လေယာဉ်အမှုထမ်းများအတွက် လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်း အစီအစဉ်၏ အခြေပြစာချုပ်ငယ်(၃)နှင့်အညီ အဖွဲ့ဝင်နိုင်ငံများ၏ လေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးကို ကြီးကြပ်ဆောင်ရွက်ရသူများအတွက် လုပ်ထုံးလုပ်နည်း ရေးဆွဲမှု၊ အာဆီယံလေကြောင်းပို့ဆောင်ရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးစီမံချက်အရ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ အာဆီယံ အမြန်လမ်းကွန်ရက်နှင့်စပ်လျဉ်းသည့် နားလည်မှုစာချွန်လွှာ ပြင်ဆင်ချက်လက်မှတ်ရေးထိုးရေးကိစ္စ၊ လျှပ်စစ်သုံးယာဉ်များ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးအတွက် ချမှတ်သင့်သည့် မူဝါဒများရေးဆွဲမှု၊ ဆိပ်ကမ်းများတွင် နည်းပညာတိုးမြှင့်အသုံးပြုရေးလုပ်ငန်း လမ်းညွှန်ချက်များနှင့် ဆိပ်ကမ်းများ၏ စဉ်ဆက်မပြတ် လုပ်ငန်းဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းလမ်းညွှန်ချက်များ အတည်ပြုခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။ မွန်းလွဲပိုင်းတွင် (၂၂)ကြိမ်မြောက် အာဆီယံ-တရုတ် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ အာဆီယံ- တရုတ် ပူးပေါင်းဆောင်ရွက်မှု လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်မှုနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ ဘေးကင်းလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့သည်။

### ပါဝင်တက်ရောက်

ပြည်ထောင်စု ဝန်ကြီးသည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် နှစ်(၅၀)ပြည့် အာဆီယံ-ဂျပန် မိတ်ဖက်ဆက်ဆံရေး ထူထောင်မှု အခမ်းအနား၊ နှစ်(၂၀)ပြည့် အာဆီယံ- ဂျပန် ပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှု အထိမ်းအမှတ် အခမ်းအနားများနှင့် အွန်လိုင်းဖြင့် ကျင်းပသော (၂၁)ကြိမ်မြောက် အာဆီယံ-ဂျပန် ပို့ဆောင်ရေးဝန်ကြီးများ အစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။ ထို့အပြင် (၁၄)ကြိမ်မြောက် အာဆီယံ-ကိုရီးယား ပို့ဆောင်ရေး ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ကာလအတွင်း အာဆီယံနှင့် ကိုရီးယားနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လမ်းပြမြေပုံပါ လုပ်ငန်းစဉ်များနှင့် အာဆီယံ-ကိုရီးယား လေကြောင်း သဘောတူစာချုပ် ချုပ်ဆိုရေး ကိစ္စရပ်များကို ဝန်ကြီးများအကြား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အွန်လိုင်းဖြင့်ကျင်းပသော အာဆီယံပို့ဆောင်ရေးဝန်ကြီးများနှင့် ခရီးသွားလာရေးဝန်ကြီးများ၏ ကြားဖြတ်အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံနိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်စေရန် ခရီးသွားလုပ်ငန်းများ မြှင့်တင်ရေးအတွက် ကဏ္ဍနှစ်ရပ်လုံးမှ ကိုယ်စားလှယ်များပါဝင်သော လုပ်ငန်းအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ရန်နှင့်ပတ်သက်သော ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့ပြီး ညနေပိုင်းတွင် မြန်မာ-လာအို နှစ်နိုင်ငံပို့ဆောင်ရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်ကျော် သယ်ယူပို့ဆောင်ရေး စာချွန်လွှာမူကြမ်းကိစ္စ၊ မဲခေါင်မြစ်ရေလမ်းကြောင်း ကောင်းမွန်ရေး ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များနှင့် အလားအလာရှိသော နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

အဆိုပါ အစည်းအဝေးများသို့ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံ၊ ကိုရီးယားနိုင်ငံတို့မှ ပို့ဆောင်ရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဘာသာရပ်ဆိုင်ရာ အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် အာဆီယံခရီးသွားလာရေးဝန်ကြီးများက အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဆည်ရေသောက်စနစ်အတွင်းရှိ တောင်သူအချင်းချင်း ရာသီအလိုက်သီးနှံပုံစံများ ညှိနှိုင်း၍ ညီညွတ်မျှတသော ရေသောက်စနစ် ဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းကြရန်လိုအပ်



နေပြည်တော် နိုဝင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိကြသည့် ဝန်ကြီးဌာနကိုယ်စားပြု အားကစားသမားများကို သွားရောက်တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားပြီး အားကစားနည်းပြများနှင့် အားကစားသမားများအတွက် ဂုဏ်ပြုငွေများပေးအပ်ကာ အားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နေပြည်တော်ကောင်စီရုံးအနီးရှိ ငလိုက် ရာဘာရေလွှဲဆည်ကို ကြည့်ရှုစစ်ဆေးကြပြီး ပြည်ထောင်စုဝန်ကြီးက ငလိုက်ရေသောက်စနစ်အတွင်း ဒေသစိုက်ပျိုးရေရရှိရေး၊ စိမ်းလန်းစိုပြည်ရေးအတွက် အကျိုးပြုနိုင်မှု၊ နေပြည်တော် ရာဇဌာနီလမ်းမကြီးနှင့် ပင်လောင်းလမ်းဘေးဝဲ/ယာ တစ်လျှောက်ရှိ စိုက်ပျိုးဧရိယာများ၏ ၂၀၂၃-၂၀၂၄ ဆောင်းသီးနှံစိုက်ပျိုးရာသီ စိုက်ပျိုးရေပေးဝေရန် စီစဉ်ဆောင်ရွက်ထားရှိမှုလုပ်ငန်းများနှင့်ပတ်သက်၍ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ထို့မှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် လယ်ဝေးမြို့နယ်ချောင်းမငယ်ဆည်ရေသောက် အဆင့်မြင့်လယ်ယာ ဧက ၂၀၀ စိုက်ကွင်းတွင် ဒေသခံ တောင်သူလယ်သမားများနှင့် တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရန် စီမံဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရ၏ ရည်ရွယ်ချက်နှင့် မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များ၊ သီးထပ်သီးနှံများ အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ဆည်ရေသောက်စနစ်အတွင်းရှိ တောင်သူအချင်းချင်း ရာသီအလိုက် သီးနှံပုံစံများ ညှိနှိုင်းတိုင်ပင်၍ ညီညွတ်မျှတသော ရေသောက်စနစ် ဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ချက်များကို ရှင်းနီးပွင့်လင်းစွာ ဆွေးနွေးပြောကြားပြီး တောင်သူများ၏ တင်ပြချက်များကို သက်ဆိုင်ရာဌာနတာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ အထောက်အပံ့ဖြင့် ဆောင်းသီးနှံ စိုက်ပျိုးကြမည့် တောင်သူများကို ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက နေကြာနှင့် မတ်ပဲ မျိုးစေ့များပေးအပ်ကြပြီး တောင်သူများ စိုက်ပျိုးထားသည့် မိုးစပါးမျိုးစေ့ထုတ်စိုက်ကွင်း၏ အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး



လွိုင်လင် နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ပထမအကြိမ် ထုတ်ချေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကောင်းဝိုကျေးရွာ၌ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

## ရှင်းလင်းပြောကြား

ဦးစွာ လွိုင်လင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က ကောင်းဝိုကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား အသင်းသူများနှင့် တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မေပိုးဦးနှင့် ဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံသို့ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉၈ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကောင်းဝိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်မည့် အသင်းသား အသင်းသူ ၂၂ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၉၈ သိန်းအား အသင်းသား အသင်းသူများ၏ တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**၂၂၂**

# ငွေဆောင်မြို့၌ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး တောင်သူများအား ပညာပေးဆွေးနွေး



ငွေဆောင် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ်ဆောင်းဆီထွက်သီးနှံ(နှမ်း၊ မြေပဲ၊ နေကြာ)တိုးချဲ့စိုက်ပျိုးရေးအတွက် ငွေဆောင်မြို့ ကျောက်ဖျာကျေးရွာအုပ်စုနှင့် ဆင်မကျေးရွာအုပ်စုရှိ တောင်သူများနှင့် တွေ့ဆုံ၍ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်းအသင်းတော်ခန်းမ၌ ယမန်နေ့ ညနေ ၃ နာရီခွဲက ကွင်းဆင်းစည်းရုံးပညာပေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဦးစွာ ပုသိမ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆီထွက်သီးနှံများ ထောက်ပံ့ပေးအပ်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှိုင်မျိုးသန့်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီထွက်သီးနှံများ ထောက်ပံ့မည့်အစီအစဉ်များကို တောင်သူများအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ဆီထွက်သီးနှံများဖြစ်သည့်(နှမ်း၊ မြေပဲ၊ နေကြာ)စိုက်ပျိုးထုတ်လုပ်မှုနှင့် ပတ်သက်သည့် နည်းပညာများကို ပညာပေးဆွေးနွေးခဲ့သည်။

တက်ရောက်လာကြသည့် တောင်သူများက သိရှိလိုသည့် အကြောင်းအရာများကို ပြန်လည်မေးမြန်းခဲ့ရာ ရှင်းလင်းဆွေးနွေးဖြေကြားပေးခဲ့ကြောင်း သိရသည်။ အဆိုပါ ဆောင်းဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး ပညာပေးဆွေးနွေးပွဲသို့ ကျောက်ဖျာကျေးရွာအုပ်စုနှင့် ဆင်မကျေးရွာအုပ်စုတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူစုစုပေါင်း ၅၃ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေဆောင်(ပြန်/ဆက်)**

# ကျိုက်လတ်မြို့နယ်၌ အောင်တံခွန်တံတား ရေလယ်တိုင်နိမ့်ကျမှု ပြန်လည်ပြုပြင်နိုင်ရန် ကွင်းဆင်းစစ်ဆေး

ကျိုက်လတ် နိုဝင်ဘာ ၁၂

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ် ဖောင်ရိုးချောင်းကျေးရွာနှင့် မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင် ကျုံဝါးကျေးရွာ ကျေးရွာချင်းဆက်လမ်းပေါ်ရှိ အောင်တံခွန်တံတား ရေလယ်တိုင်နိမ့်ကျမှု ပြန်လည်ပြုပြင်တည်ဆောက်နိုင်ရန်အတွက် နိုဝင်ဘာ ၁၁ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ ဧရာဝတီတိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမင်းသိန်းနှင့် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြည့်ရှုကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်တံခွန်တံတားကို ၂၀၁၇ ခုနှစ်က ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါတံတားသည် ယခုနှစ် ဩဂုတ် ၂၄ ရက်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေစီးနှင့်မျောပါလာသော အမှိုက်၊ ဒိုက်၊ ဗေဒါများ အရှိန်ဖြင့်ဝင်တိုက်မှုကြောင့် နိမ့်ကျခြင်းဖြစ်ကြောင်းနှင့် တံတား၏အကျယ်မှာ ၁၄ ပေနှင့် အရှည် ပေ ၃၆၀ ရှိကာ ကွန်ကရစ်တံတားအမျိုးအစားဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

**❂ ရှေ့ဖုံးမှ**

ထိုကဲ့သို့ အဆင့်မြှင့်တင်ထားရှိခြင်းကြောင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးဧည့်သည်များ မျက်စိပသာဒအေးချမ်းစွာဖြင့် ကြည်ညိုသဒ္ဓါပွားနိုင်ခြင်း၊ ကြယ်လိပ်နှင့် ရွှေသမင်များ ကြည့်ရှုလေ့လာနိုင်ခြင်း၊ ဆင်စခန်းမှ ဆင်များစီး၍ အပန်းဖြေခြင်းများအပြင် မန်းချောင်းအတွင်းမှ အပျော်စီးလှေများစီး၍ စိတ်အေးချမ်းပျော်ရွှင်စွာ တည်းကျောင်းများတွင် တည်းခိုကာ အထက်စက်တော်ရာနှင့် အောက်စက်တော်ရာ ပါဒစေတီတော်နှစ်ဆူအား ဖူးမြော်ကြည်ညိုနိုင်သောကြောင့် ယခုနှစ်တွင်လည်း ဘုရားဖူးပြည်သူ အများအပြား ဝင်ရောက်နိုင်ကြောင်း ရွှေစက်တော်ဂေါပက ဒုတိယဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

သမိုင်းဝင် မန်းရွှေစက်တော်ဘုရားကြီးသို့ ပြီးခဲ့သည့်နှစ် ပွဲတော်ရာသီအတွင်း ဘုရားဖူးဧည့်သည် ၄၈၈၇၇၃ ဦးအထိ ဝင်ရောက်ဖူးမြော်ခဲ့ကြကြောင်း ရွှေစက်တော်ဂေါပကအဖွဲ့ထံမှ သိရသည်။

**ဖေယျာထက်(မင်းဘူး)**

သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့

# သီတင်းကျွတ်လ စာအလင်္ကာများ

မောင်လူမွှေး(မြန်မာမှု)

**ဗုဒ္ဓဘာသာနှင့် ဆယ့်နှစ်လရာသီပွဲတော်များသည် အနည်းနှင့်အများဆိုသလို တစ်နည်းမဟုတ်တစ်နည်း ဆက်နွယ်ပတ်သက်မြဲဖြစ်ပေသည်။ သီတင်းကျွတ်လတွင် အဘိဓမ္မာအခါတော်နေ့၊ ပဝါရဏာပွဲတော်၊ တာဝတိံသာ ဆီမီးပူဇော်မီးပုံးပွဲနှင့် လူကြီးမိဘများကို ကန်တော့သော မင်္ဂလာမှုပွဲများ ကျင်းပကြလေသည်။**

သီတင်းကျွတ်လပြည့်နေ့တွင် ဗုဒ္ဓဘုရားရှင်သည် တာဝတိံသာမှ သင်္ကဿမြို့သို့ ကြွရောက်တော်မူခဲ့သည်။ ထိုအခြင်းအရာကို မြန်မာမှုနယ်ပယ်တွင် ရုပ်လုံးရုပ်ကြွ၊ ပန်းချီကား၊ စာအလင်္ကာများဖြင့် ခေတ်အဆက်ဆက် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ဖော်ဆောင်ခဲ့ကြပေသည်။ ပိဋကတော်လာ စာပေများအရ ဗုဒ္ဓဘုရားရှင်ကြွလာသည့် ပတ္တမြားစောင်းတန်း၊ နတ်အပေါင်းကြွလာသည့် လက်ယာဘက်ရွှေစောင်းတန်း၊ ဗြဟ္မာများကြွလာသည့် လက်ဝဲဘက်ငွေစောင်းတန်း၊ ပဉ္စသိခ်ဂန္ဓဗ္ဗနတ်၏ ဗေဠုဝစောင်း၊ သုယာမနတ်မင်း၏ စာမရီသားမြီးယပ်၊ သန္တုသိတနတ်မင်း၏ ပတ္တမြားယပ်ဝန်း၊ သိကြားမင်း၏ ဝိဇယုတ္တရခရုသင်း၊ သဟံပတိဗြဟ္မာကြီး၏ ထီးဖြူတော်၊ မာတလိနတ်သား၏ မွှေးပျံ့သောရနံ့များ၊ ဘုရားရှင် လူ့ပြည်သို့အရောက် လက်ယာခြေတော်ကို ချတော်မူရာ ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာပူဇော်ပုံတို့သည် နောင်သော် ဗုဒ္ဓဘာသာမြန်မာယဉ်ကျေးမှုနယ်ပယ်တွင် ခရုသင်း၊ သားမြီးယပ်၊ ထီးဖြူတော်၊ ခြေတော်ရာစသည့် မြန်မာမှုများအဖြစ် တည်ရှိလာလေတော့သည်။

တာဝတိံသာပွဲ ပန်းချီပုံကို ပုဂံဒေသ မြင်းကပါဂူပြောက်ကြီးဘုရားတွင် နံရံဆေးရေးပန်းချီကားအနေဖြင့် ဦးစွာတွေ့ရပေသည်။ ပိဋကတော်စာပေ(အဋ္ဌသာလိနီအဋ္ဌကထာ(၁၈)ဓမ္မသင်္ဂဏီများ ဋီကာ(၁၈) အဋ္ဌသာလိနီယောဇနာ (၂၂) ကျမ်း)တို့ကို မှီငြမ်း၍ ဗုဒ္ဓဘုရားရှင် သင်္ကဿမြို့သို့ ကြွရောက်ချိန်တွင် ယနေ့ခေတ် အိန္ဒိယစံတော်ချိန် မွန်းလွဲ ၂ နာရီမှ ၆ နာရီအတွင်းသာ ဖြစ်နိုင်ကြောင်းကို ဆရာကြီး ဓမ္မာစရိယ ဦးအေးနိုင်က သုံးသပ်ပြထားသည်ကိုလည်း တွေ့ရပေသည်။ (မီးထွန်းသည့် အချိန်မဟုတ်ဟု ဆိုလိုပေသည်) ဤသို့ မီးထွန်းခြင်းအကြောင်းအရာသည် ခေတ်အဆက်ဆက်တွင် ဝိဝါဒကွဲပြားခဲ့ရာ လင်းပါးဖွယ်ရှိရာ၏။

ဤသို့ လင်းပါးဖွယ်ရှိ၍ ကုန်းဘောင်ခေတ် ဘိုးတော်ပဒုံမင်းတရားကြီး မေးလျှောက်ချက်ကို ပထမမောင်းထောင်သာသနာပိုင် ဆရာတော်က အမေးတော်ဖြေကျမ်းတွင် ဖြေဆိုထားပေသည်။ သက္ကရာဇ် ၁၁၅၀ ပြည့် တော်သလင်းလပြည့်ကျော် ၁၃ ရက် စနေနေ့ (၂၈-၉-၁၇၈၈) ထိုအမေးတော်ပုံ သဘောအဖြေကို အကျဉ်းတင်ပြရပါက-

“ဇာတ်နိပါတ်များတွင် ကြတ္တိကာသဘင်ရှိကြောင်းကို ဥမ္မဒန္တီဇာတ်တော်အရ သိရသည်။ ရှင်မဟာရဋ္ဌသာရက **“မီးပန်းပွင့်တုန်း တန်ဆောင်မုန်း”** ဟူ၍ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် ရေးစပ်ခဲ့ကြောင်း၊ ယခု ဆီမီးမြင်းမိုရ်ပွဲသည် တန်ဆောင်တိုင်ရော၊ သီတင်းကျွတ်ရော ပူဇော်ကြသည်။ ဗုဒ္ဓဝင်လာသည့်အတိုင်း တာဝတိံသာမီးထွန်းပွဲကို သာလွန်မင်းလက်ထက်တွင် စတင်ခဲ့သည်ဟု သုံးသပ်ကြောင်း၊ ထို့ကြောင့် ယခုကျင်းပသော သီတင်းကျွတ်လတွင်ပင် ကျင်းပခြင်းကမှန်သလော၊ ကြတ္တိကာနက္ခတ်နှင့်ယှဉ်သော တန်ဆောင်မုန်းလတွင် ကျင်းပသင့်သလောဟု မေးလျှောက်ထားလေသည်။”

**ဆရာတော် ဖြေဆိုချက်ကို တင်ပြရပါက -**

“သီတင်းကျွတ်လ မီးပူဇော်ကြောင်းကို ဇာတ်နိပါတ်ကျမ်းဂန်တို့၌မလာ။ တန်ဆောင်မုန်းလ ကြတ္တိကာနက္ခတ်နှင့်ယှဉ်သော ပွဲသဘင်သာလာသည် (ဥမ္မဒန္တီဇာတ်မှ ၅-၂၂၄)။ သို့သော် နက္ခတ်နှင့်ယှဉ်သောသဘင်၊ ဥတုဆန်းစသဘင်၊ ရာသီနှင့်ယှဉ်၍ ပန်းပွင့်ချိန်သဘင်များရှိကြောင်းကို ဝေဿန္တရာဇာတ်တွင် ဆိုသည်နှင့်အညီ ရေမြေသနင်းမင်းတို့ အဦးမူ၍ ပြုသည့်သဘင်မှာ အစဉ်ထုံးစံကာလရှိသင့်သည်။ ရတနာသုံးပါးကို စွဲ၍ပြုသည်ဖြစ်စေ၊ နက္ခတ်ကိုစွဲ၍ဖြစ်စေ နက္ခတ်ယှဉ် ဥတုဆန်း၊ ပန်းပွင့်ချိန်များနှင့် သင့်အောင်ခံလျှင် မည်သည့်နက္ခတ်သဘင်၊ ဥတုသဘင်၊ ပန်းသဘင်ဟုဆိုသင့်တော့သည်။ သီတင်းကျွတ်လ ရွှေဆင်၊ ငွေဆင်၊ ဆင်ရုပ်၊ မြင်းရုပ်စသည့် အလှူတော်များကိုလည်း ကျမ်းဂန်တွင် ဆင်လှူသည်၊ မြင်းလှူသည်ဆိုသည့်ထုံးစံများကိုစွဲ၍ ရှေးမင်းတို့လက်ထက် အစဉ်လှူဒါန်းခြင်း ထုံးစံဖြစ်သည်ဟုယူရန် ရှိသည်။” (အမေးတော်ဖြေ-စာ-၂၈၄/၂၈၅)

ဆရာတော်၏အဖြေမှာ “ရာဇာပဓာနံ မင်းပြဋ္ဌာန်းချက်” သာ အဓိကဖြစ်ကြောင်း၊ ရာသီပြောင်း၊ နက္ခတ်ပြောင်းအရလည်း ကျင်းပနိုင်ကြောင်းကို ဖြေကြားတော်မူထားသည်။ မည်သို့ဖြစ်စေ ဤအမေးတော်ဖြေကျမ်းစာအရ တာဝတိံသာမီးထွန်းပွဲသည် သာလွန်မင်းတရားကြီးလက်ထက်တွင် ရှိနေပြီဟု သမိုင်းအရသိရှိရလေသည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက် သီတင်းကျွတ်ပွဲတော်ဆင်နွှဲကြပုံကို စာဆိုတော် ဦးယာက လူးတားစာအလင်္ကာဖြင့် ရေးစပ်ခဲ့လေသည်။

လူးတားရေးစပ်နည်းမှာ အက္ခရာ သုံးလုံး အစချီ၍ရေးပြီးလျှင် အဆုံး၌ ခုနစ်လုံးတစ်လှည့်၊ ၁၁ လုံးတစ်လှည့် ရေးစပ်ရသော စာပေအမျိုးအစားဖြစ်သည်။

“…ကြော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စို မြင်းမိုရ်ပွဲကြီး..”

“…သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်၊ အတူတကွ၊ မောင်ကတိုင်မြောက်၊ မယ်ကဖောက်၍၊ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန်းသည်၊ ပြောင်ရွှန်း ဆီမီးတိုင်နှင့်လေး… ကြာခိုင်တည့်လျှံဝင်း၊ ကျွတ်သတင်း…”

ဤလူးတား ဒုတိယပိုဒ်တွင် “သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်” မှ “ကြာခိုင်တည့်လျှံဝင်း၊ ကျွတ်သတင်း” အထိကို ဖတ်ကြည့်ခံစားမိရာ သီတင်းကျွတ်လပြည့် မီးထွန်းပွဲတော်ကို ဝတ်ကောင်းစားလှဝတ်ဆင်ကြပြီး မောင်နှံစုံစွယ်တော်စင်တွင် ဆီမီးထွန်းကြပုံ၊ ဆုတောင်းကြပုံ၊ ကြာပန်းနှင့် ဆီမီးများ လှူကြပုံတို့မှာ ယခုခေတ် ဗီဒီယိုရိုက်ပြီး ပို့လိုက်သည်ကို မြင်သိခံစားရသကဲ့သို့ ရှိလှပေသည်။

မြောက်စား၍ လွှတ်တော်ပြီးသည့်အခါ အလှူပွဲကြီးလုပ် ရေစက်သွန်းချသည်မှာ ဘဝဂ်မိုးသို့ တိုင်သည်။ ရွှေပြည်အင်းဝနန်း ပွင့်လန်းဝေစည်ပါကြောင်းကို ရေးဖွဲ့ထားခြင်းဖြစ်လေသည်။

ဆီသည်ရွာစား ဦးအောင်ကြီးမှာ သက္ကရာဇ် ၁၀၃၀-၁၀၉၀ ခုနှစ် မှန်နန်းရှင် ဆင်ဖြူရှင်ထံ ခစားသောစာဆိုတော်ဖြစ်သည်။ သက္ကရာဇ် ၁၀၇၆ ခုနှစ် နောက်ပိုင်းတွင် အဝမြို့ဘွဲ့ ဆယ့်နှစ်လရာသီ လူးတားကို ရေးဖွဲ့ခဲ့ခြင်းဖြစ်သည်။

အထက်ဖော်ပြပါ ဦးယာ၏ လူးတားမှာမူ ကုန်းဘောင်ခေတ် အမရပူရမြို့ဘွဲ့ ဆယ့်နှစ်လရာသီ လူးတားမှာ သီတင်းကျွတ်လဘွဲ့ဖြစ်သည်။

စာဆို နှစ်ဦးတို့၏ သီတင်းကျွတ်လဘွဲ့ လူးတားသည် တစ်ဦးက (ဦးအောင်ကြီး) နေပြည်တော်ဒေသ ဘုရင့်မင်းခန်းတော်ဆိုင်ရာ မြင်ကွင်းကို ဖွဲ့ဆို၍ ဦးယာ က ပြည်သူလူထုနှင့် ဆက်စပ်သောမြင်ကွင်းကို ဖွဲ့ဆိုထားခြင်းဖြစ်သည်။ ထိုကဲ့သို့ပင် လအလိုက်ဖွဲ့ဆိုကြသည့် စာဆိုအသီးသီးတို့၏ စာအလင်္ကာများသည် ဂုဏ်ရသ အလင်္ကာမြောက်လှ၍ သူ့နည်းသူ့ဟန်ကောင်းကြပါပေသည်။

> **လအလိုက်ဖွဲ့ဆိုကြသည့် စာဆိုအသီးသီးတို့၏ စာအလင်္ကာများသည် ဂုဏ်ရသအလင်္ကာမြောက်လှ၍ သူ့နည်းသူ့ဟန်ကောင်းကြပါပေသည်။ ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတို့တွင် အရပ်ဇာတ်သဘင်များ ပေါ်လာသည်။ အရပ်ဇာတ်သဘင်တို့တွင် ဆယ့်နှစ်လရာသီ ဗုံထောက်၊ ခွန်းထောက်၊ လေပြေ၊ သဖြန်၊ လွမ်းချင်း၊ ပတ်တိုက်၊ စည်တော်သံစသည့် စာအလင်္ကာများအနေဖြင့် ရေးဖွဲ့လာကြသည်။ ဇာတ်သဘင်သုံးဖြစ်သော ထိုဆယ့်နှစ်လရာသီ စာအလင်္ကာများမှာ စာရေးသူ၊ စာဆို မထင်ရှားလှပေ။ အဆင့်ဆင့် နှုတ်ဖြင့် မှတ်တမ်းတင်ခဲ့ကြသည် သာများသည်။ ထီးသံ၊ နန်းသံ မပါဘဲ အရပ်သံ၊ ဇာတ်သံနှော၍ ရေးဖွဲ့ကြသည်။ ရေးဖွဲ့သည့်ပုဂ္ဂိုလ်များသည်လည်း စာ၏အနက်အဓိပ္ပာယ်ကိုကြည့်၍ ရှေးဟောင်းစာပေ ပေါရာဏဝေါဟာရပါဠိပျက် ပါဠိသက် စသည်များကို ကျွမ်းကျင်ကြသည့် ပုဂ္ဂိုလ်များဖြစ်**

လောက၌ ဤအကြောင်းအရာ ဤဝတ္ထုကိုပင် ပုဂ္ဂိုလ်တစ်ဦးနှင့်တစ်ဦး အမြင်ချင်းမတူ၊ ရှုထောင့်မတူ၊ မြင်နည်းမြင်ပုံကွာခြားမှုအရ အလှအပရသများသည်လည်း ကွာခြားမြဲဖြစ်ပေသည်။ ဤသီတင်းကျွတ်လကိုပင် စာဆိုအသီးသီးခြယ်မှုန်းကြရာ စာဆိုတော် ဆီသည်ရွာစား ဦးအောင်ကြီးကလည်း အင်းဝမြို့နှင့် သီတင်းကျွတ်လဘွဲ့ကို အောက်ပါအတိုင်း လူးတားစာအလင်္ကာဖြင့် ဖွဲ့ဆိုထားလေသည်။

“သာစွလေ…မြောက်လေပြန်စ၊ ကောင်းကင်လနှင့်၊ အဿဝနီ၊ ပြည့်လှာညီသော်၊ ရာသီတူခွင်၊ ရေပြင်လှတင့်၊ ကြာမျိုးပွင့်၍၊ မြတ်ကျင့်ခေါင်ထွတ်၊ သီတင်းကျွတ်ကား၊ ရွှေလွှတ်တော်ပွဲ၊ တက်မြဲခင်းကျင်း၊ မြို့တွင်းမြို့ပြင်၊ ထွန်းထင်ညီးဝါ၊ မြို့လယ်မှာမူ၊ အချာဗဟို၊ မီးမြင်းမိုရ်လည်း၊ မင်္ဂိုလ်ရေးရှူ၊ ပူဇော်လှူ၍၊ လူတို့ထွတ်ချာ၊ စောနရာလျှင်၊ ရတနာဘုရင်၊ မကိုဋ်ဆင်လျက်၊ သဘင်ထွက်ကာ၊ စကြာချပ်ဆင့်၊ ရှစ်ဆိုင်ဖွင့်၍၊ စဉ်သင့်နေထား၊ ရာ့တစ်ပါးတို့၊ ဖလားရွှေစိုင်၊ ရွှေခိုင်မောက်မောက်၊ ထိုက်လျောက်မြတ်နိုး၊ အုပ်ထည်မျိုးနှင့်၊ ရှိခိုးလက်ဆောင်၊ မြားမြောင်ဆင်၊ မြင်း၊ မကြွင်းလိုက်ဖက်၊ ရှတ်ရက်မြောက်ချီး၊ ထီးနှင့်တံခွန်၊ ခန့်ရန်ပူဇော်၊ အလှူတော်ကို၊ နုမော်စိတ်ထက်၊ ချရေစက်သည်၊ ဘဝဂ်မိုးထိ သန်းတည့်လေ…။ ။ ပွင့်လင်းစည်သည်၊ ရွှေပြည်ရွှေဝ နန်းတည့်လေး…”

ဆိုလိုရင်းအဓိပ္ပာယ်မှာ မြောက်လေပြန်စ သရဒဥတု (သီတင်းကျွတ်၊ တန်ဆောင်မုန်း) မိဿရာသီ အဿဝဏီနက္ခတ်နှင့် စန်းယှဉ်၍ လပြည့်သည်။ ရာသီစက်က တူရာသီတွင် တည်ရှိသည်။ ကြာမျိုးငါးပါး ပွင့်၍ တင့်တယ်သည့် အခါသမယတွင် မြို့တွင်းမြို့ပြင်၌ (တိုင်းပြည်တစ်ခွင်) ဆီမီးမြင်းမိုရ်ပွဲတော်များပြု၍ ကုသိုလ်ယူဆုပန်ကြသည်။ မင်းနေပြည်တော်တွင် ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ရတနာဒုရင်မကိုဋ်ဆင်၍ သဘင်ပွဲကြီးဆင်နွှဲသည်။ အရပ်လေးမျက်နှာမှ ကန်တော့လာကြသည့်နယ်စားနယ်ခံများကို ရာထူးဌာနန္တရအလျောက် ဆင်မြင်းရတနာအဆောင်အယောင်များ ချီးမြှင့်

ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးရပြီးနောက်ပိုင်းတို့တွင် အရပ်ဇာတ်သဘင်များ ပေါ်လာသည်။ အရပ်ဇာတ်သဘင်တို့တွင် ဆယ့်နှစ်လရာသီ ဗုံထောက်၊ ခွန်းထောက်၊ လေပြေ၊ သဖြန်၊ လွမ်းချင်း၊ ပတ်တိုက်၊ စည်တော်သံစသည့် စာအလင်္ကာများအနေဖြင့် ရေးဖွဲ့လာကြသည်။ ဇာတ်သဘင်သုံးဖြစ်သော ထို ဆယ့်နှစ်လရာသီ စာအလင်္ကာများမှာ စာရေးသူ၊ စာဆို မထင်ရှားလှပေ။ အဆင့်ဆင့်နှုတ်ဖြင့် မှတ်တမ်းတင်ခဲ့ကြသည်သာများသည်။ ထီးသံ၊ နန်းသံမပါဘဲ အရပ်သံ၊ ဇာတ်သံနှော၍ ရေးဖွဲ့ကြသည်။ ရေးဖွဲ့သည့် ပုဂ္ဂိုလ်များသည်လည်း စာ၏ အနက်အဓိပ္ပာယ်ကို ကြည့်၍ ရှေးဟောင်းစာပေ ပေါရာဏဝေါဟာရပါဠိပျက် ပါဠိသက်စသည်များကို ကျွမ်းကျင်ကြသည့် ပုဂ္ဂိုလ်များဖြစ်သည်။ အောက်ပါသီတင်းကျွတ်လဘွဲ့မှာ ဇာတ်သဘင်ကရာတွင် အခန်းတစ်ခုမှ အခန်းတစ်ခုသို့ ပြောင်းသည့်အခါ လေပြေထိုးခြင်း ဇာတ်စာဖြစ်သည်။ အထူးရှင်းပြရန် မလိုတော့ပေ။ သိသာလွယ်ပေသည်။

ထိုသို့ လေပြေထိုးရွတ်ဖတ်ပြီး ကတ္တီပါပြည်ဖုံးကားလိပ်ကြီး ချလိုက်သောအခါ စိတ်ထဲတွင် ရသတစ်မျိုးခံစားကြရပေသည်။ စာရှုသူများ ထိုရသကို ခံစားကြည့်ကြကုန်…ဟု နိဂုံးချုပ်အပ်ပါသည်။

“ငွေစာညှင်းအဆို လူဆရာကဝိထားကဲ့၊ နေမင်းလိုဇမ္ဗူမှာ မရှိခြားပါဘု၊ ရွှေမြင်းမိုရ် ယူဇနာအပြားဝယ် စူဠာမုနိဘုရား ထီးဖြူတော်နှင့်၊ မီးပူဇော်ခါ အခေါင်လုပ်ပြန်တော့ တောင်စမုတ် မင်းဗိမာန်ဝယ်၊ ဝင်းအိမ်ဖန်ဇာတ်ရုပ်သေးတို့ပါ မှတ်ဖို့အဟုတ်ရေးခဲ့၊ နည်းထုံးစံနှင့် မီးပုံးပျံရတနာ နန်းခရိုင်ဝယ်၊ ကြာပန်းခိုင်နှင့်မင်းအထွတ်ပြုရ၊ သီတင်းကျွတ်လ ထက်နတ်ပြည်ကဲ့သို့၊ နက္ခတ်အဿဝဏီ အဇတာထိန်ဝါ၍ တာဝတိံသာက ဘဂဝါအရဟံ သက်ပေသည့်၊ ကာယကံလက်နှင့် ဖူးညားတော့၊ အမှုအားထားခါ အောင်စည်တော် မချဲ့ပါဘု၊ ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ တီးတော်မူစမ်း…”။ ။

■

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ မန္တလေးတိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၁၂

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ စားသုံးသူရေးရာဦးစီးဌာန တိုင်းဦးစီးမှူးရုံး၌ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့နှင့် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီရုံး (မန္တလေးရုံးခွဲ) တို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုန်သွယ်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ကုန်သွယ်မှုမြှင့်တင်ရေး၊ စားသုံးသူများ ပစ္စည်းအရည်အသွေး မှန်ကန်စွာဝယ်ယူနိုင်ရေး၊ ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေအပါအဝင် စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအား ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်ရေးအတွက် လုပ်ငန်းတာဝန်များကို စေတနာထားဆောင်ရွက်ပေးကြရန်၊ တာဝန်ဆောင်ရွက်ရာတွင် အဂတိလုံးဝကင်းရန်၊ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စွမ်းအားပြည့်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပြည်ကြီးတံခွန်မြို့နယ် မန္တလေးစက်မှုဇုန်ရှိ အာရှလိုင်းကျော်ပဲခွဲစက်ရုံအတွင်း ပဲများသန့်စင်၊ ကြိတ်ခွဲ၊ ထုပ်ပိုးနေမှုများကို ကြည့်ရှုစစ်ဆေး၍ ပြည်တွင်းဖူလုံမှုရှိရေး၊ ပြည်ပသို့ ပို့ကုန်မြှင့်တင်ပေးပို့ရေး၊ ပြည်ပဈေးကွက်ရရှိရေးတို့ကို သတ်မှတ်စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ရန်မှာကြားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွစားသုံးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဆောင်းသီးနှံနှင့် နွေသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှု အချိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် သဘာဝအခြေခံကောင်းများကို အသုံးပြု၍ ရေရရှိရေးနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက ဇေယျာသီရိမြို့နယ် ကျောက်ချက်ကျေးရွာအနီးရှိ ဆင်သေချောင်း ယာယီချောင်းပိတ်ဆည် တည်ဆောက်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ ယာယီချောင်းပိတ်ဆည် တည်ဆောက်ပြီးစီးပါက ကျောက်ချက် တံတားအောက်ရှိ ဆင်သေချောင်းတွင် ရေထိန်းထားနိုင်မည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ သန့်ရှင်းသာယာလှပရေးအပြင် ယခုနှစ်အယ်လ်နီညို ရာသီဥတုဖြစ်စဉ်ကြောင့် နွေကာလတွင် စိုက်ပျိုးရေ မလုံလောက်မှု မဖြစ်ပေါ်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ဆိုလာရေတင်စနစ်ဖြင့် လယ်မြေဧက ၁၀၀ ခန့်အား စိုက်ပျိုးရေပေးဝေနိုင်ရန် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

ထို့ပြင် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပျဉ်းမနားမြို့နယ် ဆင်သေကျေးရွာအနီး အကောင်အထည်ဖော်လျက်ရှိသည့် ငလိုက်ဆည်ရေသောက်စနစ်တွင် ယခင်က ရေလှောင်တမံအတွင်း ရေဝင်ရောက်မှုနည်းပါးခဲ့ခြင်းကြောင့် ရေပေးဝေနိုင်မှုမရှိခဲ့သော မြောင်းအဖျားပိုင်း စိုက်ပျိုးမြေဧက ၇၀၀ အား ပေါင်းလောင်းမြစ်မှ ရေကူဖြည့်သွင်း၍ စိုက်ပျိုးရေပေးဝေနိုင်ရေး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ပြည်တွင်း စားရေရိက္ခာ ဖူလုံစေရန်နှင့် ပို့ကုန်တိုးမြှင့်စေရန် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရေး အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ တစ်ကေချင်း၏ ထုတ်လုပ်မှုတိုးတက်ရေး၊ သီးထပ်စွမ်းအား မြှင့်တင်နိုင်ရေးအတွက်ကိုလည်း စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ အပါအဝင် ဘက်စုံကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်းသီးနှံနှင့် နွေသီးနှံများ၏ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ အချိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက သဘာဝအခြေခံကောင်းများကိုအသုံးပြု၍ ရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ရှာဖွေဖော်ထုတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပင်လုံမြို့၌ မျက်စိနာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

ပင်လုံ နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ မျက်စိနာရောဂါအကြောင်း အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



ဦးစွာ ပင်လုံမြို့စီမံအုပ်ချုပ်ရေးမှူး ဦးရန်ပိုင်ဖြိုးက အမှာစကားပြောကြားပြီး လွိုင်လင်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အဖွဲ့ခေါင်းဆောင် ဆရာဝန်(တီဘီ/အနာကြီး) ဒေါက်တာသက်ပိုင်ဦးက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများ၊ မျက်မြေးရောင်ရောဂါ(မျက်စိနာရောဂါ)အကြောင်း၊ ဆယ်ကျော်သက်အရွယ် ကျန်းမာရေးဗဟုသုတများနှင့်ပတ်သက်၍ အသိပညာပေး ဟောပြောသည်။

အဆိုပါအခမ်းအနားသို့ ပင်လုံမြို့ စီမံအုပ်ချုပ်ရေးမှူး၊ ပင်လုံနယ်မြေမီးသတ်ဦးစီးမှူး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပြည်သူ့ဆေးရုံမှ ဒေါက်တာသက်ပိုင်ဦးနှင့် ပင်လုံမြို့ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ ကျန်းမာရေးဝန်ထမ်းများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တောင်ဥက္ကလာပမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲ အခမ်းအနားကျင်းပ

တောင်ဥက္ကလာပ နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက်နံနက် ၉ နာရီခွဲက အမှတ်(၉)ရပ်ကွက် သူရလမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးမြအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစုအနေဖြင့် အသင်းဝင်အသင်းများသို့ အစုပေါ်အမြတ်ငွေကျပ် ၃၃၅၀၀၀၀၊ ကုန်ဝယ်ပေါ်ပြန်အမ်းငွေကျပ် ၆၇၀၀၀၀၀ နှင့် အသင်းဝင်ကိုယ်စားလှယ်များသို့ တစ်ဦးလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် ငွေကျပ် ၆၉၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၇၄၀၀၀၀ ပေးအပ်ခဲ့ကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် တင်ပြသည့် အမှုဆောင်ဒါရိုက်တာအဖွဲ့ အစီရင်ခံစာ၊ အသင်းစာရင်းစစ်အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများ၊ မြို့နယ်အသင်းဝင်ကိုယ်စားလှယ်များ၏ အကြံပြုချက်များကို ရှင်းလင်းတင်ပြကြပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်များ၊ မြို့နယ်အသင်းဝင်ကိုယ်စားလှယ်များ၏ ဆုံးဖြတ်ပေးရန်အချက်များမှ အတည်ပြုချက်ရယူခဲ့ကြသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့ဝင် ကိုးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရန်ကုန်တိုင်းဒေသကြီးအဆင့်ဖွဲ့စည်းရေးကော်မတီက အတည်ပြုရွေးချယ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာမြင့်၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်၊ တိုင်းဒေသကြီးသမဝါယမဦးစီးဌာန ဦးစီးအရာရှိဦးတင်အေး၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်လီမိတက်မှ အတွင်းရေးမှူး ဦးအေးကို၊ တောင်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက်မှဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

ခင်ဆွေနှင်း(ပြန်/ဆက်)



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်မြို့ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လေ့ကျင့်သင်ကြားပေးနေသော ကျောင်းများသို့ ကြည့်ရှုစစ်ဆေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည်ရန်ကုန်မြို့ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ လေ့ကျင့်သင်ကြားပေးနေသော ကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများအား ပြည်သူ့ဘဝရပ်တည်မှု ခိုင်မာစေရေးအတွက် အထောက်အကူပေးနိုင်သော သက်မွေးပညာရပ်များကို သတ်မှတ်စံနှုန်းများနှင့်အညီ လေ့ကျင့်သင်ကြားပေးနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် သက်မွေးပညာ၊ နည်းပညာရပ်များဖြစ်၍ လက်တွေ့ကျွမ်းကျင်မှု Hand on ဖြစ်အောင်နှင့် တတ်မြောက်မှုအရည်အသွေး စစ်ဆေးခြင်းများ စနစ်တကျဆောင်ရွက်ရန်၊ အရည်အသွေးပြည့်မီသော သင်ကြားလေ့ကျင့်စနစ်များဖြစ်ရေးအတွက် ဆရာများသည် မိမိတို့၏ စွမ်းရည်များကို အစဉ်ဆန်းစစ်မွမ်းမံသွားရန်၊ အထူးစီးပွားရေးဇုန်များ၊ MSMEsများ၊ စက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် လိုအပ်သော နည်းပညာရှင်/ သက်မွေးပညာရှင်များကို အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ဆောင်ရွက်သွားရန်၊ Talent ရှိသော ကျောင်းသားများကို



ပြည်တွင်း/ ပြည်ပ နည်းပညာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေပြီး အခြေခံကျွမ်းကျင်ပညာရှင်အဆင့်မှသည် အင်ဂျင်နီယာပညာရှင်များအဖြစ်သို့ ဆက်လက်တက်ရောက်နိုင်သည့် အခွင့်အလမ်းများရှိနေသဖြင့် နိုင်ငံ့ရေရှည်အကျိုးစီးပွားကို မျှော်မှန်း၍ ဆက်လက်သင်ကြားခွင့်ရရှိနိုင်အောင် လေ့ကျင့်ပေးရန်၊ သင်တန်းသားများသည် အနာဂတ်တိုင်းပြည်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရမည်ဖြစ်သဖြင့် ဆရာများ ထက်ပို၍တော်သော တပည့်များဖြစ်စေရေးနှင့် ဗလငါးတန်ပြည့်စုံသော နိုင်ငံ့လူငယ်ကောင်း ပညာရှင်များပေါ်ထွန်းလာစေရေး မြေတောင်မြှောက်ပေးရန်၊ သင်တန်းဆင်းများ၏ လူမှုဘဝအဆင့်အတန်း မြင့်မားလာမှုများကို Feedback Survey and Analysis ပြုလုပ်၍ မှတ်တမ်းတင်ကာ မျိုးဆက်သစ်ကျောင်းသားသစ်များ အတုယူဖွယ်ဖြစ်ရေး ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၉ ရက် ညနေပိုင်းတွင် အင်းစိန်မြို့နယ်ရှိ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းကိုရောက်ရှိရာ ကျောင်းအုပ်ကြီး ဦးနေကျော်ထက်က လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ကွန်ပျူတာအခြေပြု Welding Simulator များ အသုံးပြု၍ လေ့ကျင့်နေမှုများ၊ အလုပ်ရုံများတွင် Arc Welding Training၊ Gas Metal Arc Welding Training နှင့် Pipe Welding Training များ လေ့ကျင့်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသားများနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ လိုအပ်သည်များကို မှာကြားသည်။

ဒုတိယဝန်ကြီးသည် နိုဝင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားသည့် အခြေခံပညာအထက်တန်းကျောင်း(စိုက်မွေး)တွင် စက်မှုနည်းပညာဘာသာရပ်မှ ကျောင်းသား ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး သင်ခန်းစာများသင်ကြားနေကြမှုနှင့် လက်တွေ့လုပ်ငန်းများလေ့ကျင့်နေကြမှုကို ကြည့်ရှုအားပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာကောလိပ် (တောင်ဒဂုံ)သို့ ရောက်ရှိရာ ကျောင်းအုပ်ကြီး ဒေါက်တာသန်းထိုက်က လုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြပြီး စာကြည့်တိုက်နှင့် လက်တွေ့အလုပ်ရုံများကို ကြည့်ရှုစစ်ဆေးကာ ရလဒ်အခြေပြုပညာရေးစနစ် (Outcome–based Education System) ဖြင့် နိုင်ငံဖွံ့ဖြိုးရေး အမှန်တကယ် အကျိုးပြုနိုင်မည့် Engineering Technologists များကို ထိရောက်ပီပြင်စွာ မွေးထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တာချီလိတ်မြို့၌ ခရိုင်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ အားကစားဖွင့်ပွဲအခမ်းအနား ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၂**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်၏ ခရိုင်အဆင့် အားကစားနည်းခုနစ်မျိုးဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် ညနေ ၃ နာရီက တာချီလိတ်မြို့မ အားကစားကွင်း၌ ကျင်းပသည်။



**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သူရဇော်လွင်စိုးက နိုင်ငံတော်အနေဖြင့် မြန်မာ့အားကစားကို ဘက်စုံဖွံ့ဖြိုးတိုးတက်နေစေရန် ရေတို၊ ရေရှည် စီမံကိန်းများ ချမှတ်ဖော်ဆောင်လျက်ရှိပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံ့ဂုဏ်ဆောင် မျိုးဆက်သစ်လူငယ် အားကစားသမားများ ပေါ်ထွန်းလာစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကျင်းပနေသည့် ပြိုင်ပွဲများမှ ပြည်နယ်၊ နိုင်ငံအဆင့် လက်ရွေးစင် အားကစားသမားများအဖြစ် ပေါ်ထွန်းလာအောင် ကြိုးစားကြစေလိုကြောင်း အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူး ဒေါ်သန္တာလွင်က ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားကာ အဖွင့်ပွဲစဉ်အနေဖြင့် အမျိုးသားဘောလုံးပြိုင်ပွဲ တာချီလိတ်(B)အသင်းနှင့် မိုင်းယောင်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တာချီလိတ် (B) အသင်းက လေးဂိုးပြတ်ဖြင့် အနိုင်ရသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် အားကစားနည်း ခုနစ်နည်းဖြစ်သည့် ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ ပိုက်ကျော်ခြင်းနှင့် ပြေးခုန်ပစ် စသည့်အားကစားများပါဝင်ပြီး ကျောင်းသား ကျောင်းသူ အားကစားသမားပေါင်း ၂၅၂ ဦး ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း၊ အားကစားနည်း ခုနစ်မျိုးကို အမျိုးသား အမျိုးသမီး အလိုက် ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ထူးချွန်သူများသည် ပြည်နယ်အဆင့်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း(တာချီလိတ်)**



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံများ ကွင်းဆင်းကြည့်ရှုကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၂**

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးသည် ရန်ကုန်တိုင်းဒေသကြီးကုသရေးဦးစီးဌာနမှူး ဒေါက်တာငွေးလွင်၊ ညွှန်ကြားရေးမှူး ဒေါက်တာရန်နောင်ထွန်းနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူ့ဆေးရုံ–မှော်ဘီမြို့၊ မှော်ဘီမြို့နယ်ရှိ မြောင်းတကာတိုက်နယ်ဆေးရုံနှင့် ပြည်သူ့ဆေးရုံတိုက်ကြီးမြို့တို့သို့သွားရောက်ကာ ဆေးရုံလုပ်ငန်းဆောင်ရွက်နေမှု ၊ ဆေးသိုလှောင်ခန်းများ၊ ဆေးရုံအဆောက်အအုံ ပြင်ဆင်ထိန်းသိမ်းမှုများ၊ ဆေးရုံသုံးစက်ကိရိယာများ စနစ်တကျအသုံးပြုမှု ၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ ဆေးရုံအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်ချက်များ မေးမြန်းဖြည့်ဆည်းပေးခြင်း၊ ဆေးရုံလုပ်ငန်းတိုးတက်ဆောင်ရွက်နိုင်စေရေးအတွက် ညှိနှိုင်းဆွေးနွေးဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၄၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၁၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၁–၁၁–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂–၁၁–၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၈၄၉ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကိုကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာစီစာကုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနား ကျင်းပ

**သံဖြူဇရပ် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်၌ ကျိုက္ခမီအသင်း(ရန်ကုန်)နှင့် ကျိုက္ခမီမြို့အခြေခံပညာအထက်တန်းကျောင်းတို့ပူးပေါင်း၍ စာစီစာကုံးပြိုင်ပွဲဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျိုက္ခမီမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားကိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဆုရကျောင်းသား ကျောင်းသူများတက်ရောက်ခဲ့သည်။

ဦးစွာအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင်က အဖွင့်အမှာစကား ပြောကြားပြီး အဖွဲ့ဝင် ဦးအောင်သန်း၊ ကျိုက္ခမီအသင်း(ရန်ကုန်) နာယက ဦးလွင်သိန်း၊ ဥက္ကဋ္ဌဒေါ်အေးအေးသန်းနှင့် အတွင်းရေးမှူး ဦးဝင်းနိုင် (စာရေးဆရာမင်းဆက်ပိုင်)တို့က စာစီစာကုံးပြိုင်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကိုပြောကြားသည်။

ဆက်လက်၍ "ချစ်မြတ်နိုးရပါသောကျိုက္ခမီ" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသောဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး အထက(ကျိုက္ခမီ)ကျောင်းစာကြည့်တိုက်အတွက် အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# ပေါင်မြို့နယ်၌ ရဟန်းသံဃာများ သီးသန့်အဆောင်နှင့် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်းအဆောက်အအုံ အုတ်မြစ်ချမင်္ဂလာအခမ်းအနား ကျင်းပ

**မော်လမြိုင် နိုဝင်ဘာ ၁၂**

မွန်ပြည်နယ် ပေါင်မြို့နယ် ကြခတ်ငူကျေးရွာအုပ်စု ကြခတ်ငူကျောင်းကြီးအတွင်း မြင့်မြတ်စိတ်ထား ဇီဝိတဒါနအခမဲ့ဆေးခန်းတွင် အများပြည်သူများ၏ ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို လူမျိုးဘာသာမရွေး အခမဲ့ဆေးဝါး ကုသပေးလျက်ရှိပြီး ထပ်မံလိုအပ်နေသော ရဟန်းသံဃာများ သီးသန့်အဆောင်နှင့် ခွဲစိတ်ခန်း၊ ဓာတ်မှန်ခန်း အဆောက်အအုံ အုတ်မြစ်ချမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြင့်မြတ်စိတ်ထား ဇီဝိတဒါနအခမဲ့ဆေးခန်း၌ ကျင်းပရာ ဆရာတော်၊ သံဃာတော်များ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ကျေးရွာအုပ်စုသံဃနာယကဥက္ကဋ္ဌ လက်ပံသံကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များက အလှူငွေများ၊ ဘိလပ်မြေအိတ်များနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းကြပြီး လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူကြည်ညို၍ ရေစက်သွန်းချအမျှပေးဝေကြသည်။

**အမွှေးနံ့သာရည်များ ပက်ဖျန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် အလှူရှင်များသည် မင်္ဂလာ အချိန်တွင် မြင့်မြတ်စိတ်ထား ဇီဝိတဒါန အခမဲ့ဆေးခန်းတိုးချဲ့အဆောက်အအုံအား အုတ်မြစ်တော်ချပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အခမဲ့ဆေးခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## လူငယ်ရေးရာ

### ကျိုင်းတုံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျိုင်းတုံ နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ကျိုင်းတုံ)တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျိုင်းတုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုင်းဆမ်တစ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန(ကျိုင်းတုံ) လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းစံဖူးလောဝ်နှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ကျိုင်းတုံ) ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်တို့က အမှာစကားပြောကြားပြီး ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်က နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နိုင်ငံ့သားကောင်းရတနာများဖြစ်သည့်လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကျင်းပရခြင်း ဖြစ်ကြောင်း ပြောကြားသည်။

လူငယ်စကားဝိုင်းတွင် ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိုင်းရွှေအောင်က ဦးဆောင်ဆွေးနွေးသူအဖြစ်ဆောင်ရွက်ပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(ကျိုင်းတုံ)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ယဉ်ကျေးမှု၊ လူငယ်နှင့် အချိန်၊ လူငယ်နှင့် ကိုယ်ကျင့်တရား၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့် အောင်မြင်ရေး၊ လူငယ်နှင့်စည်းကမ်း စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြရာ တက်ရောက်လာကြသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း အသင်းဝင်များက ဖြည့်စွက်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**



### ဘူးသီးတောင်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**ဘူးသီးတောင် နိုဝင်ဘာ ၁၂**

ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ခင်စောမိုးက စာဖတ်ခြင်း အတတ်ပညာ ခေါင်းစဉ်ဖြင့် ဟောပြောရာ ကျောင်းသား ကျောင်းသူများ အနေဖြင့် နိုင်ငံနှင့် လူမျိုးကို ချစ်မြတ်နိုးတတ်ရန်၊ တန်ဖိုးထားတတ်ရန် အသိပညာ အတတ်ပညာများကို လေ့လာဆည်းပူးကြ စေလိုကြောင်း၊ အလက(ခွဲ)မြို့သစ်ကျောင်းမှ ဆရာမ ဒေါ်မြတ်ပန်းဝေက ကျောင်းစာပညာရပ်များအပြင် ဘဝတိုးတက်ရေးအတွက် စာဖတ်ကြရန်လိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာမြင့်မားလာမှသာ ဗလငါးတန်ဖွံ့ဖြိုးပြီး လူငယ်များ၏ အနာဂတ်ဘဝ ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း၊ အလက(ခွဲ) မြို့သစ်ကျောင်းမှ ဆရာမ ဒေါ်ခင်သန်းအေးက အနာဂတ်လူငယ်များဖြစ်သည့် အတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းပြီး ရိုးသားကြိုးစားတရားမျှတမှုရှိကာ မေတ္တာတရားဖြင့် ညှာတာထောက်ထားတတ်သူ များဖြစ်ရန် လိုအပ်ပြီး လူငယ်များ အကျင့်စာရိတ္တ ကောင်းမွန်ရမည်ဖြစ်ကာ လူ့ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေနေတတ်စေလိုကြောင်းစသည်ဖြင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးဟောပြောခဲ့သည်။

အဆိုပါ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲသို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**လှကျော် (ပြန်/ဆက်)**

### တွန်းဇံမြို့၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**တွန်းဇံ နိုဝင်ဘာ ၁၂**

ချင်းပြည်နယ် တွန်းဇံမြို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းခန်းမ၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၀ ရက်မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခမ်ငိုက်မန်က ဗလငါးတန်ဖွံ့ဖြိုးရေး၊ မြို့နယ်တရားသူကြီး ဦးဇော်ဖြိုးအောင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ သိကောင်းစရာများ၊ ဒုတိယမြို့နယ်ပညာရေးမှူး ဦးဇမ်ဆွင်းလျန်က လူငယ်နှင့်ပညာရေးခေါင်းစဉ်များကို ဟောပြောကြသည်။



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က ဟောပြောချက်များကို မေးမြန်း၍ ပြန်လည်ဖြေကြားနိုင်သူ ကျောင်းသား ငါးဦးကို ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့်ဆုချပြီး ကျောင်းသားများအတွက် အာဟာရဖြည့်စွက်စရိတ်ထောက်ပံ့ငွေကျပ် ၅၀၀၀၀ ကို ကျောင်းအုပ်ဆရာကြီး ဦးအောင်ဘူးထံ ပေးအပ်ကာ အမျိုးသမီးရေးရာအဖွဲ့များက ကျောင်းသားများအား အာဟာရဖြည့်မုန့်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ဇိုဇွန်းပါလ်(ပြန်/ဆက်)**

### မိုင်းယောင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မိုင်းယောင်း နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်လူငယ်ရေးရာကော်မတီနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

မြို့နယ်လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဗိုလ်မှူးဇော်မင်းဆွေနှင့် အဖွဲ့ဝင်(၃) ဦးထွန်းထွန်း၊ သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းမာနွယ်၊ မြို့နယ်ပညာရေးမှူးရုံးမှ ဦးမျိုးမင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်၊ မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစောတင်ထွန်းဦး၊မြို့နယ်ဆက်သွယ်ရေးဌာနမှ ဒေါ်နန်းကိန်ခိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချို၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်နန်းမြမြဝင်းနှင့်(၂၄)ကြိမ်မြောက်မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြည်နယ်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ဒေါ်မေသူဝင်း၊ ပြည်နယ်အဆင့်ပြိုင်ပွဲတွင် ခရိုင်ကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် မောင်ဆန်းသူအောင်နှင့် မောင်ကောင်းပြည့်စုံတို့က "မျိုးဆက်သစ်လူငယ်များ မျိုးချစ်စိတ်ရှင်သန်ထက်မြက်ရေး" အကြောင်းကို ဆွေးနွေးခဲ့ကြသည်။ **ထွန်းမြင့်လှိုင်(ပြန်/ဆက်)**

❖ **တာချီလိတ်မြို့မှ**

အဆိုပါ မှတ်ပုံတင်ထားသည့် စွန့်ဦးတီထွင်လုပ်ငန်းများအနက်မှ တာချီလိတ်မြို့နယ် ပါလျှံ (၃)ရပ်ကွက်ရှိ Honey အမည်ဖြင့် ကျန်းမာခြင်းနှင့် အလှအပဆိုင်ရာ လူသုံးကုန်ထုတ်လုပ်ငန်းရှင်တစ်ဦးဖြစ်သည့် မနွယ်နွယ်ထွန်းနှင့် တွေ့ဆုံမေးမြန်းမှုကို ရေးသားတင်ပြလိုက်ရပါသည်။

**မေး။ ။ လုပ်ငန်းစတင် ဆောင်ရွက်ဖြစ်ပုံကို ရှင်းပြပေးပါဦး။**

ဖြေ။ ။ အလှပြုပြင်ရေးလုပ်ငန်းကို သူများဆိုင်မှာ လေ့လာသင်ယူတဲ့ကာလ သုံးနှစ်နဲ့ ကိုယ်တိုင်ဆိုင်ဖွင့်လုပ်ကိုင်တဲ့ကာလ ကိုးနှစ်ကျော် အတွေ့အကြုံတွေအရ မျက်နှာအသားအရေ သန့်ရှင်းလှပဖို့နဲ့ ဆံသားအတွက် အာဟာရဖြစ်စေတဲ့ပစ္စည်းတွေကို သိလာတယ်။ ပြီးတော့ ပြည်ပကနေဝင်လာတဲ့ပစ္စည်းတွေကို အသုံးပြုရတဲ့အခါ ကုန်ကျစရိတ်ကြီးမားတဲ့အတွက် ပြည်တွင်းမှာရှိတဲ့ သဘာဝပစ္စည်းတွေကိုအခြေခံပြီး အရည်အသွေးပြည့်မီတဲ့ပစ္စည်းတွေကို ကိုယ်တိုင်ထုတ်လုပ်ချင်တဲ့စိတ်ဖြစ်လာတဲ့အတွက် လေ့လာသင်ယူပြီး လုပ်ငန်းစတင်ဆောင်ရွက်ဖြစ်ခဲ့တာပါ။

**မေး။ ။ ဘယ်လို ကုန်ကြမ်းပစ္စည်းတွေကို အသုံးပြုပြီး ဘယ်လိုပစ္စည်းအမျိုးအစားတွေကို ထုတ်လုပ်တယ်ဆိုတာ ရှင်းပြပေးပါဦး။**

ဖြေ။ ။ အခုလက်ရှိ Honey မျက်နှာသစ်ဆပ်ပြာရယ်၊ Honey 1 မိနစ်ဆံပင်ပေါင်းဆေးရယ် နှစ်မျိုး ထုတ်လုပ်ပါတယ်။ မျက်နှာသစ်ဆပ်ပြာကိုတော့ သဘာဝဆေးဖက်ဝင်ပစ္စည်းတွေဖြစ်တဲ့ ရှားစောင်းလက်ပတ်၊ သံလွင်ဆီ၊ ပျားရည်တို့ကို အခြေခံပြီး ထုတ်လုပ်ထားတာပါ။ 1 မိနစ်ဆံပင်ပေါင်းဆေးကိုတော့ သံလွင်ဆီနဲ့ ပြည်တွင်းထုတ် ဆံသားအတွက် အာဟာရဖြစ်စေတဲ့အဆီတွေကို ပြည်ပကလာတဲ့ ကုန်ကြမ်းတွေနဲ့ အချိုးကျပြန်လည်ပေါင်းစပ် ထုတ်လုပ်ထားတာ ဖြစ်ပါတယ်။

**မေး။ ။ လက်ရှိဈေးကွက်အတွင်း ထုတ်လုပ်ရောင်းချနေမှုနဲ့ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှုအခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ အခုလို မျက်နှာသစ်ဆပ်ပြာနဲ့ ဆံပင်ပေါင်းဆေးတွေကို ကိုယ်တိုင်ထုတ်လုပ်နိုင်တဲ့အတွက် တာချီလိတ်မြို့အပြင် တောင်ကြီး၊ လားရှိုး၊ ပဲခူး၊ ရန်ကုန်၊ မန္တလေး၊ ပြင်ဦးလွင်၊ နေပြည်တော်၊ ပူတာအို စတဲ့ မြို့နယ်တော်တော်များများက လက်ခွဲကိုယ်စားလှယ်တွေကို အရင်းအနှီးနည်းနည်းနဲ့ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**မေး။ ။ ပြည်ပကို တင်ပို့နေမှုအခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ ထိုင်း၊ စင်ကာပူနဲ့ မလေးရှားနိုင်ငံတွေကို တင်ပို့နေပါတယ်။ ထိုင်းနိုင်ငံကိုတော့ အဓိကပို့ပါတယ်။

**မေး။ ။ Honey က ထုတ်လုပ်တဲ့ပစ္စည်းတွေကို အသုံးပြုခြင်းအားဖြင့် ရရှိနိုင်တဲ့ အကျိုးကျေးဇူးတွေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ Honey မျက်နှာသစ်ဆပ်ပြာကို သဘာဝဆေးဖက်ဝင်ပစ္စည်းတွေနဲ့ ထုတ်လုပ်ထားတဲ့အပြင် ရွှေလည်းပါဝင်တာကြောင့် မျက်နှာနဲ့ အသားအရေ သန့်ရှင်းကောင်းမွန်မှုကို များစွာအကျိုးကျေးဇူးရှိသလို ကျန်းမာရေးနဲ့လည်း ညီညွတ်ပါတယ်။ Honey 1 မိနစ်ဆံပင်ပေါင်းဆေးကို ပြည်တွင်းက ဆံသားကိုအာဟာရဖြစ်စေတဲ့အဆီတွေနဲ့ ပြည်ပက ကုန်ကြမ်းကိုအခြေခံထုတ်လုပ်ထားတာကြောင့် ဈေးနှုန်းလည်းသင့်တင့်သလို ဆံသားပျက်စီးမှု၊ ဆံသားကျိုးကြေမှု၊ ဆံသားပွခြင်းနဲ့ ဆံသားမွဲခြောက်ခြင်းတွေကို ကာကွယ်ပေးပါတယ်။ ဒီပစ္စည်းတွေက ဓာတ်ခွဲခန်းအဖြေလည်း အောင်မြင်ပြီးသားဖြစ်တဲ့အတွက် သုံးစွဲသူတွေအနေနဲ့ ယုံကြည်စိတ်ချစွာ သုံးစွဲလို့ရပါတယ်။





မျက်နှာသစ်ဆပ်ပြာနှင့် Honey 1 မိနစ်ဆံပင်ပေါင်းဆေး ထုတ်လုပ်နေသည်ကို တွေ့ရစဉ်။

**မေး။ ။ လက်ရှိလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ရာမှာ တွေ့ကြုံရတဲ့အခြေအနေတွေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ အခုချိန်မှာ နိုင်ငံတော်က MSME လုပ်ငန်းတွေကို အားပေးမြှင့်တင်ဆောင်ရွက်ပေးတဲ့အတွက်ရော၊ ကျွန်မတို့လို လုပ်ငန်းထူထောင်သူတွေကို စားသုံးသူရေးရာဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ကလည်း အစစအရာရာ ကူညီပေးတဲ့အတွက်ရော အဆင်ပြေပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။

**မေး။ ။ လုပ်ငန်းတိုးချဲ့ဆောင်ရွက်မယ့် အခြေအနေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ။ ။ လက်ရှိ ထုတ်ကုန်နှစ်မျိုးအပြင် အောင်မဲညိုကို အခြေခံပြီး ခေါင်းလျှော်ရည် ဆက်လက်ထုတ်လုပ်ဖို့ရှိပါတယ်။ ကျွန်မတို့လို လုပ်ငန်းထူထောင် လုပ်ကိုင်လိုသူတွေကို သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ကျွန်မတို့ သိထားတတ်ထားတာတွေကို ဆက်လက်ဖြန့်ဝေပေးသွားဖို့ရှိပါတယ်။ အခုအချိန်မှာ နိုင်ငံတော်ကလည်း MSME လုပ်ငန်းတွေကို အားပေးနေသလို သက်ဆိုင်ရာဌာနတွေကလည်း ကူညီပေးနေတဲ့အတွက် လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူတွေအနေနဲ့ စတင်လုပ်ကိုင်ဖို့ အကောင်းဆုံးအချိန်ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

တာချီလိတ်မြို့နယ်ရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများအနက် Honey ကျန်းမာခြင်းနှင့် အလှအပဆိုင်ရာ လူသုံးကုန်ထုတ်လုပ်ငန်းသည် မိသားစုဝင်ငွေတိုးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်သည်သာမက ပြည်ပသို့ပင် ပြန်လည်တင်ပို့နေသည့်အတွက် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

> **"လက်ရှိ ထုတ်ကုန်နှစ်မျိုးအပြင် အောင်မဲညိုကိုအခြေခံပြီး ခေါင်းလျှော်ရည် ဆက်လက်ထုတ်လုပ်ဖို့ရှိပါတယ်။ ကျွန်မတို့လို လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူတွေကို သက်ဆိုင်ရာဌာနတွေနဲ့ပူးပေါင်းပြီး ကျွန်မတို့ သိထားတတ်ထားတာတွေကို ဆက်လက်ဖြန့်ဝေပေးသွားဖို့ရှိပါတယ်။ အခုအချိန်မှာ နိုင်ငံတော်ကလည်း MSME လုပ်ငန်းတွေကို အားပေးနေသလို သက်ဆိုင်ရာဌာနတွေကလည်း ကူညီပေးနေတဲ့အတွက် လုပ်ငန်းထူထောင်လုပ်ကိုင်လိုသူတွေအနေနဲ့ စတင်လုပ်ကိုင်ဖို့ အကောင်းဆုံးအချိန်ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်"**





# ကိုးကန့်ဒေသ ပါစင်ကျော်၊ ကွမ်းလုံ၊ သိန်းနီနှင့် ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်ဒေသဘက်တို့တွင် တိုက်ပွဲဖြစ်ပွားမှုအခြေအနေနှင့် ပတ်သက်၍ တပ်မတော်မှ ဆောင်ရွက်မှုအခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့ထိတွေ့တိုက်ပွဲဖြစ်ပွားမှု အခြေအနေကတော့ နိုဝင်ဘာ ၁၂ ရက်နေ့ ညပိုင်းအထိ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်မှာ ကိုးကန့်ဒေသ ပါစင်ကျော်နားမှာ တိုက်ပွဲတွေဆက်လက်ဖြစ်ပွားနေတာရှိပါတယ်။ တပ်မတော်အနေနဲ့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ နောက်တစ်ခုကတော့ MNDAA အဖွဲ့အနေနဲ့ နယ်ခြားမှတ်တိုင် ၁၂၅ နားမှာရှိတဲ့ စစ်ဘေးရှောင်အဖွဲ့တွေကို နှစ်နိုင်ငံအထင်အမြင်လွဲမှားအောင် လက်နက်ကြီးနဲ့ပစ်ခတ်ခဲ့တာရှိတယ်။ ကွမ်းလုံမှာတော့ တပ်မတော်အနေနဲ့ စစ်ဗျူဟာအရ ဟပေးခဲ့တာတွေရှိပါတယ်။ အဆိုပါနေရာတွေကို MNDAA အဖွဲ့က ခိုးကြောင်ခိုးဝှက်လာပြီး ခါက်ပုံရိုက်ပုံစံမျိုးတော့ရှိပါတယ်။ သိန်းနီဘက်မှာတော့ တပ်မတော်အနေနဲ့ နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့တစ်နေကုန်မှာတော့ ကယားပြည်နယ် လွိုင်ကော်မြို့မှာတော့ မြို့အပြင်မှာလာပြီးတော့ အဝေးမှပစ်ခတ်မှုတွေရှိတယ်။ တပ်မတော်ကလည်း ပြန်လည်ပစ်ခတ်တာတွေရှိတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေ အလောင်း၊ လက်နက်ကျန်ခဲ့တာတွေရှိပါတယ်။ ထီးချိုင့်မြို့ပေါ်တော့ တစ်ရက်တုန်းက ထီးချိုင့်မြို့ထဲအထိ KIA၊ PDF တွေ ဝင်ရောက်လာတာရှိတယ်။ ဒါတွေကို တပ်မတော်အနေနဲ့ ဒီနေ့မှာ ပြန်လည်တိုက်ထုတ်လိုက်ပြီဖြစ်ပါတယ်။ သူတို့ဆီက အလောင်း၊ လက်နက်တော်တော်များများ ရလိုက်တာရှိပါတယ်။ ထီးချိုင့်မြို့မှာ၊ လွိုင်ကော်ဘက်မှာပါ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်ဒေသ ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေဒေသအသီးသီးမှာ နိုင်ငံတော်၏အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ နယ်မြေလုံခြုံရေး၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်ကြတဲ့ တပ်မတော်သားများ၊ လုံခြုံရေးဆောင်ရွက်နေကြတဲ့ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆက်စပ်မဟာမိတ် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအားလုံးကို ဒီနေရာမှ အသိအမှတ်ပြုကြောင်းနှင့် ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ပြီးရင်တော့ ငြိမ်းချမ်းတည်ငြိမ်တဲ့ အခြေအနေမျိုးကို ဆက်လက်တည်ဆောက်သွားပါမယ်။




# အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများပေးပို့လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။


**ပေးအပ်**


ယနေ့တွင်လည်း စေတနာရှင် အလှူရှင်ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။


စေတနာရှင်ပြည်သူများလှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေကြောင်း၊ ဘေးအန္တရာယ်ကင်းရှင်းစေကြောင်း၊ တရားသောစစ် အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရသည်။


**သတင်းစဉ်**






နိုင်ငံတော် အရေးသုံးပါးကို အမြဲတမ်း ဦးထိပ်ပန်ဆင်ရင်း
တိုင်းပြည်နဲ့ လူမျိုးအတွက်
အသက်ကို ပဓာနမထားဘဲ
တရားသောစစ်ကို ဆင်နွှဲနေကြတဲ့
ရှေ့တန်းရောက် တပ်မတော်သားအားလုံး
ဘေးရန်ကင်းကွာလို့
ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း
ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။




Fighting ပါ တပ်မတော်သားတို့ရေ။
Moe Swe

# မြစ်သားမြို့နယ်၌ မိုးစပါးစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**မြစ်သား နိုဝင်ဘာ ၁၂**

မြစ်သားမြို့နယ် မိုင်းလမ်းကျေးရွာအုပ်စု မိုင်းလမ်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း လီမိတက်မှ အသင်းသားတောင်သူ ၂၁ ဦး စိုက်ပျိုးထားသည့် မိုးစပါးစိုက်ဧက ၉၅ ဧက စိုက်ပျိုးထားရှိမှုကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးထွန်းဇော်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

မြစ်သားမြို့နယ်တွင် သမဝါယမကန်ထရိုက်လယ်ယာ စနစ်ဖြင့် ဆောင်ရွက်သည့် ကျေးရွာလေးရွာ၊ သမဝါယမအသင်း သုံးသင်း၊ အသင်းသား ၁၀၅ ဦး ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၅၀၀ ရှိပြီး တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းနှုန်းနှင့်ညီမျှသည့် သွင်းအားစုများ စမ်းဝတီ သဘာဝမြေဩဇာ၊ ကွန်ပေါင်းနှင့် ပုလဲမြေဩဇာများကို အသင်းသားတောင်သူ စိတ်ကြိုက်ဝယ်ယူ၍ အသင်းသားတောင်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ငါးကုန်ထုတ်သမဝါယမအသင်းလီမိတက်များက ငါးမျိုးစုံ ထုတ်လုပ်ဖြန့်ဖြူး

**ပဲခူး နိုဝင်ဘာ ၁၂**

ရေထွက်ကုန်ပစ္စည်းများကို စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရေးအတွက် သမဝါယမကဏ္ဍမှ ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်ရှိ ကေတုမတီငါးကုန်ထုတ်သမဝါယမအသင်း လီမိတက်နှင့် သဲကုန်းမြို့နယ်ရှိ ချမ်းမြေ့ငါးကုန်ထုတ် သမဝါယမအသင်းလီမိတက်တို့သည် အသင်းပိုင် ငါးကန်များ၌ ငါးမျိုးစုံမွေးမြူထားရှိပြီး ၎င်းငါးကန်များမှ ဖော်ထုတ်ရရှိသည့် ငါးမြစ်ချင်း၊ ငါးမုတ်၊ ငါးတန်နှင့် ငါးကြင်း စုစုပေါင်းငါးမျိုးစုံ ၉၇၂၉ ပိဿာကို စားသုံးသူပြည်သူများ ဝယ်ယူစားသုံးနိုင်စေရန် လက်လီလက်ကား ရောင်းချပေးခဲ့သည်။

အဆိုပါ ငါးကန်များမှ ငါးမျိုးစုံ ၁၂၀၆၃၄ ပိဿာကို ဖော်ထုတ်၍ စားသုံးသူပြည်သူများအား ဖြန့်ဖြူးရောင်းချပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# စက်သုံးဆီနှင့်ပတ်သက်၍ ကောလာဟလသတင်းများ ထွက်ပေါ်နေမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ပြည်တွင်းမှာလည်း ကောလာဟလ ထုတ်လွှင့်နေတာရှိပါတယ်။ အချိန်ကိုက်ပဲ ပြည်ပက ပြည်ဖျက်မီဒီယာတွေကလည်း ကောလာဟလ ထုတ်လွှင့်နေတာရှိတယ်။ အဓိကကတော့ အခြေခံအကြောင်းနှစ်ခုအပေါ်မှာ ကောလာဟလ ထုတ်လွှင့်တာဖြစ်တယ်။ နံပါတ်(၁)ကတော့ ဆီခွဲတမ်းပေါ့။ စက်သုံးဆီရောင်းချတဲ့ခွဲတမ်းတွေ လျှော့တယ်ဆိုပြီး ထုတ်လွှင့်နေတာရှိတယ်။ နံပါတ်(၂)ကတော့ ဆီအလုံအလောက်မရှိဘူး၊ ဆီဝယ်ယူဖို့အတွက် အစိုးရအနေနဲ့ ဒေါ်လာချမပေးဘူးဆိုတာမျိုး ထုတ်လွှင့်နေတာရှိတယ်။ ပြီးရင် စက်သုံးဆီဆိုင်တွေမှာ ဆီပြတ်လပ်နေပြီ၊ ပြန်မဖြည့်နိုင်တော့ဘူး ဆိုတဲ့ဟာတွေပဲဖြစ်ပါတယ်။

ပထမဦးဆုံးပြောချင်တာက ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ပြောခဲ့တဲ့အတိုင်း ပြည်တွင်းမှာ ဆီနှစ်ဆီဖြစ်တဲ့ စက်သုံးဆီ၊ စားသုံးဆီနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်လျက်ရှိတယ်။ ဆီခွဲတမ်းတွေနဲ့ပတ်သက်ပြီး စိစစ်တာတစ်ခုပဲရှိတယ်။ ယခင်အတိုင်းပဲဖြစ်တယ်။ လျှော့ပြီး




လုပ်ပေးတာမရှိဘူး။ ပြည်တွင်းမှာ စက်သုံးဆီ အလုံအလောက်ရှိပါတယ်။ အများသုံးနေတဲ့ စက်သုံးဆီဖြစ်တဲ့ 92 ဆိုရင် ပြည်တွင်း လက်ကျန် ဂါလန် ၁၃ သန်းကျော်ရှိပြီးဖြစ်တယ်။ ဒီဇယ်ဆိုရင် ဂါလန်သန်း ၃၀ ကျော်ရှိပြီးဖြစ်တယ်။ ပြီးရင် ထပ်မံရောက်ရှိလာမယ့် ဆီတင်သင်္ဘော ၁၅ စင်း နီးပါးရှိပါတယ်။

ကျွန်တော်တို့အနေနဲ့ စက်သုံးဆီကို မည်သည့်စက်သုံးဆီအမျိုးအစားမဆို ပြည်တွင်းမှာ တစ်လစာ အရန်ရှိအောင် အမြဲတမ်းဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် စက်သုံးဆီနဲ့ပတ်သက်ရင် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအလေးထား ဆောင်ရွက်ပေးနေတဲ့အတွက် ယခင်အတိုင်းပဲ ဒေါ်လာရောင်းချပေးတာတွေ ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူလူထုအနေနဲ့ တစ်ခုသတိထားသင့်တာကတော့ ဒီအချိန်မှာ ဘက်ပေါင်းစုံကနေ အချိန်ကိုက် နိုင်ငံရေးအရ၊ စီးပွားရေးအရ၊ လူမှုရေးအရ၊ ကာကွယ်ရေးအရ ဘက်ပေါင်းစုံကနေ သတင်းအမှားတွေ ထုတ်လွှင့်ပြီး ဆောင်ရွက်နေတာမျိုး ရှိပါလိမ့်မယ်။ ဒီသတင်းအမှားတွေကိုကြည့်ပြီး သတင်းအဆိပ်မသင့်ဖို့ အရေးကြီးပါတယ်။ ဒါတွေနဲ့ပတ်သက်ပြီး ကျွန်တော်တို့အနေနဲ့လည်း အချိန်မီပြန်ကြား ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။

အနှစ်ချုပ်ပြောရရင်တော့ စက်သုံးဆီ၊ စားသုံးဆီ စီးပွားရေးလုပ်ငန်းတွေ၊ ရှမ်းပြည်နယ် (အရှေ့မြောက်ဘက်)မှာ တိုက်ပွဲတွေဖြစ်ပွားနေတဲ့အတွက် Boder Trade ကုန်သွယ်မှုနဲ့ ပတ်သက်လာရင် ရပ်တန့်နေတာမှအပ ကျန်တဲ့လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်လျက်ရှိတယ်လို့ အသိပေးပြောကြားလိုပါတယ်။ ဒီအဖျက်အမှောင့်လုပ်ငန်းတွေကိုလည်း လုံခြုံရေးတပ်ဖွဲ့တွေနဲ့ ပြည်သူလူထု ပူးပေါင်းပြီး ကာကွယ်ဆောင်ရွက်သွားဖို့ လိုအပ်တယ်လို့ပြောချင်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၂**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေးထောက်ခံလျက်ရှိကြသည်။



ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တော်ခန်းမရှေ့ မဟာဗန္ဓုလပန်းခြံ အနီးတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက တိုင်းပြည်အလုံးစုံ ပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံအကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချကြပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ကြသည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလို တင်ပြလိုက်ပါသည်-



ကိုမင်းမင်း



ကိုကြည်လွင်

**ကိုမင်းမင်း**

ကျွန်တော်ကတော့ အမျိုးသားရေးညီကိုမောင်နှမများ ရန်ကုန်ရဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသားရေးအစည်းအရုံး(MMO) အထွေထွေအတွင်းရေးမှူးလည်း ဖြစ်ပါတယ်။ နယ်စပ်မှာဝင်ပြီးတော့ တိုက်ခိုက်နေတဲ့ KIA အပါအဝင် TNLA၊ MNDAA၊ AA အဲဒီအဖွဲ့တွေကို ကျွန်တော်တို့ ရှုတ်ချခြင်းနဲ့ ရှေ့တန်းရောက်မြန်မာ့တပ်မတော်ကို ထောက်ခံတဲ့ပွဲလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီလို တပ်မတော်ကို ထောက်ခံတဲ့ ပွဲလေးလုပ်ပေးတော့ ရှေ့တန်းမှာရောက်နေတဲ့ မြန်မာ့တပ်မတော်သားတွေပေါ့နော်။ သူတို့က အသက်စွန့်ပြီး တိုက်ခိုက်ပေးနေတဲ့အတွက် သူတို့ တိုက်ခိုက်လို့လည်း အခုကျွန်တော်တို့ သွားသွားလာလာ၊ လုံလုံခြုံခြုံနဲ့ အေးအေးချမ်းချမ်းနဲ့ သွားလာနေထိုင်နိုင်တာပေါ့နော်။ အဲဒီလိုမျိုး သူတို့လည်းအားတက်အောင် ကျွန်တော်တို့ ဒီကနေ ထောက်ခံပါတယ်။။ သူတို့နောက်မှာ ကျွန်တော်တို့လည်း ရှိပါတယ်။ လိုအပ်ရင် လိုအပ်သလို ကျွန်တော်တို့လည်း လက်နက်ဆွဲနိုင်ပါတယ် ဆိုတဲ့ဟာကို ကျွန်တော်တို့ အဓိကပြောခြင်းဖြစ်ပါတယ်။

**ကိုကြည်လွင်**

ကျွန်တော်ကတော့ ပြည်သူပါပဲ။ အမျိုးသားရေးစိတ်ရှိတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ဒီမှာလာပြီးတော့ ဝန်းရံတာပါ။ ဒီနေ့အခမ်းအနားကတော့ အလွန်ကောင်းပါတယ်။ ဘာကြောင့်လဲဆိုတော့ ရှေ့တန်းရောက်နေတဲ့ တပ်မတော်သားတွေကို ကျွန်တော်တို့ ပြည်သူတွေကလည်း ထောက်ခံတယ်ဆိုတာကို ကျွန်တော်တို့လည်း လာပြတာပါနော်။ ကျွန်တော်တို့လို ပြည်သူတွေ ရှိတယ်။ နောက်မှာ အမြဲတမ်း ထောက်ခံနေတယ်။ လိုအပ်ရင်လည်း အမြဲတမ်းကူညီမယ်ဆိုတဲ့ အကြောင်းကို သိအောင်လို့ ကျွန်တော်တို့က ဒီလိုပွဲမျိုးတွေနဲ့ အားပေးတာပါ။

ထို့ပြင် နိုဝင်ဘာ ၈ ရက်၊ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင်လည်း ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မနောကွင်းနှင့် မန္တလေးမြို့ပေါ်ရှိ လမ်းများ၊ မန္တလေးမြို့အဝင် အဝိုင်းထိပ်၊ မန္တလေးကျုံးဘေး၊ ဇေယျာဝတီ ရတနာပုံတံတား၊ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ လူငယ်ဘောလုံးကွင်းတို့တွင် အေးချမ်းစွာနေထိုင်လိုကြသည့် ပြည်သူများက အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား အလိုမရှိကြောင်း ရှုတ်ချကြပြီး ရှေ့တန်းရောက် တပ်မတော်သားများအား ထောက်ခံအားပေးမှုကို ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ဆန္ဒထုတ်ဖော်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ တွေ့ဆုံဆွေးနွေး

**ရန်ကုန် နိုဝင်ဘာ ၁၂**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီဝင် (ခရိုင်တာဝန်ခံ)နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက အင်းစိန်ခရိုင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်၍ တိုင်းကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က တိုင်းဒေသကြီး စာကြည့်တိုက်ဥပဒေ၊ နည်းဥပဒေများနှင့် စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူများ စာဖတ်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီရုံးအဖွဲ့မှူး ဦးဝင်းသိန်း၊ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမင်းသိုက်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်တို့က ခရိုင်/မြို့နယ် အတွင်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြပြီး တိုင်းကော်မတီဝင်က သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ မြို့နယ်အတွင်းရှိ နဝရတ်၊ ပညာတံခွန်၊



လမ်းပြကြယ်စာကြည့်တိုက်များနှင့် အမှတ်(၁၄)ရပ်ကွက်၌ စာကြည့်တိုက်သစ် ဆောက်လုပ်မည့် မြေနေရာအား သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **မြင့်ဦး**

# အစ္စရေး၏ ဂါဇာကမ်းမြောင်ထိုးစစ်ဆင်မှုကို ထောက်ခံခဲ့သည့် အမေရိကန်နိုင်ငံအား အီရန်နိုင်ငံ သမ္မတ ပြစ်တင်ရှုတ်ချ

**တီဟီရန် နိုဝင်ဘာ ၁၂**

အီရန်သမ္မတ အီဘရာဟင် ရိုင်စီသည် ဂါဇာကမ်းမြောင်ဒေသအား အစ္စရေး၏ တန်ပြန်ထိုးစစ်ဆင်မှုကို ထောက်ခံအားပေးမှုအတွက် အမေရိကန်ပြည်ထောင်စုအား နိုဝင်ဘာ ၁၁ ရက်တွင် ပြစ်တင်ရှုတ်ချခဲ့ကြောင်း အီရန်သမ္မတရုံးဝက်ဘ်ဆိုက်တွင် ထုတ်ပြန်သည့် ကြေညာချက်တစ်ရပ်အရ သိရသည်။

ပါလက်စတိုင်းအရေးကိစ္စနဲ့ ပတ်သက်ပြီး ဆော်ဒီအာရေးဗီးယားနိုင်ငံ ရီယာ့ဒ်၌ ကျင်းပမည့် အစ္စလာမ္မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နှင့် အာရပ်အဖွဲ့ချုပ်ခေါင်းဆောင်များ၏ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ဆော်ဒီအာရေဗျနိုင်ငံကို မထွက်ခွာမီ သတင်းထောက်များအား အထက်ပါအတိုင်း မှတ်ချက်ပြုပြောကြားခဲ့သည်။

ရီယာ့ဒ်တွင် ပြုလုပ်သည့် အစ္စလာမ္မစ်-အာရပ် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး ပုံမှန်ပြန်ဖြစ်ရန် မတ်လတွင် သဘောတူညီမှုရရှိခဲ့ပြီးနောက်ပိုင်း အီရန်သမ္မတအနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံသို့ ပထမဆုံး လာရောက်သည့် ခရီးစဉ်ဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသတွင် ဟားမတ်စ်များ တိုက်ခိုက်မှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးက အောက်တိုဘာ ၇ ရက်က ဂါဇာကမ်းမြောင်ဒေသကို ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တစ်လကြာ ပဋိပက္ခဖြစ်ပွားခဲ့ပြီး ယခုအချိန်အထိ ဂါဇာတွင် ပါလက်စတိုင်းလူမျိုး ၁၁၀၀၀ ကျော် သေဆုံးခဲ့ရသည်။ အစ္စရေးဘက်တွင်မူ လူပေါင်း ၁၄၀၀ ကျော် အသက်ဆုံးရှုံးခဲ့ပြီး အများစုမှာ အောက်တိုဘာ ၇ ရက်က ဟားမတ်စ် တိုက်ခိုက်မှုအတွင်း သေဆုံးခဲ့ပြီး ပဋိပက္ခများဆက်လက်ဖြစ်ပွားနေခြင်းဖြစ်သည်။ **ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အလင်းသစ်**





# အာဖဂန်ဒုက္ခသည် ၆၀၀၀ ကျော် ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ပြန်လည်ရောက်ရှိ

**ကဘူး နိုဝင်ဘာ ၁၂**

အာဖဂန်ဒုက္ခသည် ၆၀၀၀ ကျော် ပါကစ္စတန်နိုင်ငံမှ အာဖဂန်နစ္စတန်နိုင်ငံသို့ ယမန်နေ့က ပြန်လည်ရောက်ရှိကြောင်း သိရသည်။

နိုဝင်ဘာ ၁၂ ရက် တစ်ရက်တည်းမှာပင် အာဖဂန်ဒုက္ခသည် ၆၀၀၀ ကျော်သည် ပါကစ္စတန်နိုင်ငံမှ နေရပ်သို့ ပြန်လာကြသည်ဟု ဒုက္ခသည်များနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

နေရပ်ပြန်လည်ရောက်ရှိသူပေါင်း ၆၀၀၁ ဦး ပါဝင်သည့် မိသားစု ၁၀၅၁ စုသည် ပါကစ္စတန်နိုင်ငံ၌ နှစ်အတန်ကြာ နေထိုင်ခဲ့ပြီး နိုဝင်ဘာ ၁၂ ရက်တွင် တော့ဟမ်နှင့် စပင်ဘိုလ်ဒက်နယ်စပ်ဖြတ်ကျော်နေရာများမှတစ်ဆင့် ၎င်းတို့၏ မွေးရပ်မြေသို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ပါကစ္စတန်နိုင်ငံ၌ နေထိုင်သည့် အထောက်အထားမဲ့ ဒုက္ခသည်များကို နေရပ်ပြန်ပို့ရန် ပါကစ္စတန်အစိုးရ၏ ဆုံးဖြတ်ချက်ကြောင့် အာဖဂန်ဒုက္ခသည် ၂၀၀၀၀၀ ကျော်သည် ၎င်းတို့၏ မွေးရပ် အာဖဂန်နစ္စတန်သို့ ပြန်လာခဲ့ကြောင်း သိရသည်။

ပါကစ္စတန်နိုင်ငံတွင် အာဖဂန်ဒုက္ခသည် ၂ ဒသမ ၅ သန်းကျော် နေထိုင်လျက်ရှိကြောင်း သိရသည်။ ဆောင်းရာသီမတိုင်မီ နေရပ်ပြန်သူများကို ယာယီအမိုးအကာများ အပါအဝင် လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းများကို ထောက်ပံ့ကူညီပေးမည်ဖြစ်ကြောင်း အာဖဂန် အိမ်စောင့်အုပ်ချုပ်ရေးအဖွဲ့က ဆိုသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အလုပ်သမားများဆန္ဒပြမှုကြောင့် စက်ရုံပေါင်း ၁၃၀ ပိတ်ခဲ့ရ

**ဒါကာ နိုဝင်ဘာ ၁၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၏ ဆင်ခြေဖုံးဒေသရှိ အဓိကစက်မှုဇုန်နှစ်ခုဖြစ်သည့် Savar နှင့် Ashulia ရှိ အထည်ချုပ်စက်ရုံ စုစုပေါင်း ၁၃၀ ခန့်သည် အလုပ်သမားဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားနေခြင်းကြောင့် လုပ်ငန်းများ အကန့်အသတ်မရှိ ရပ်ဆိုင်းထားကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

အလုပ်သမားများသည် အနည်းဆုံးလုပ်ခလစာ တာကာ ၂၃၀၀၀ (အမေရိကန်ဒေါ်လာ ၂၀၉ ဒေါ်လာ) တောင်းဆိုနေကြဆဲဖြစ်ကြောင်း စက်မှုရဲတပ်ဖွဲ့အကြီးအကဲ မိုဟာမက်ဆာဝါအလမ်က နိုဝင်ဘာ ၁၁ ရက်တွင် သတင်းထောက်များအား ပြောကြားခဲ့သည်။

လုပ်ခလစာကို ၅၆ ရာခိုင်နှုန်း တိုးပေးရေးကိစ္စနှင့်စပ်လျဉ်း၍ အစိုးရ၏ ကြေညာချက်ကို နိုဝင်ဘာ ၇ ရက်တွင် ပယ်ချခဲ့ပြီး အလုပ်သမားအများအပြား၏ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆန္ဒပြမှုများကြောင့် ဒါကာမြို့နှင့် အနီးတစ်ဝိုက်တွင် ရဲများနှင့် အလုပ်သမားများကြား ရုန်းရင်းဆန်ခတ်ဖြစ်ပွားကာ ကားများနှင့် စက်ရုံများကို ဖျက်ဆီးမှုဖြစ်စေခဲ့ကြောင်း သိရသည်။

နိုဝင်ဘာ ၈ ရက်က ဒါကာမြို့ဆင်ခြေဖုံးရှိ ဂါဇီပါဒေသတွင် လုပ်ခလစာတိုးပေးရေး ဆန္ဒပြနေသည့် အလုပ်သမားများနှင့် ရဲတပ်ဖွဲ့တို့အကြား ရုန်းရင်းဆန်ခတ်ဖြစ်ခဲ့ရာတွင် အထည်ချုပ်လုပ်သားအမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**




# ဂါဇာကမ်းမြောင်ရှိ အကြီးဆုံး ဆေးဘက်ဆိုင်ရာအဆောက်အအုံအနီးရှိ ဧရိယာများကို အစ္စရေးတပ်ဖွဲ့ဝင်များက ပြင်းထန်စွာ တိုက်ခိုက်

**ဂျေရုဆလင် နိုဝင်ဘာ ၁၂**

ဂါဇာကမ်းမြောင်ရှိ အကြီးဆုံး ဆေးဘက်ဆိုင်ရာ အဆောက်အအုံဖြစ်သည့် အယ်ရှီဖာဆေးရုံအနီးရှိ ဧရိယာများကို အစ္စရေးတပ်ဖွဲ့ဝင်များက ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။



ဂါဇာကမ်းမြောင်ရှိ အကြီးဆုံး ဆေးဘက်ဆိုင်ရာအဆောက်အအုံဖြစ်သည့် အယ်ရှီဖာ ဆေးရုံကို တွေ့ရစဉ်။

အစ္စလာမ္မစ်အဖွဲ့ ဟားမတ်စ်၏ အဓိက အမာခံနေရာသည် ဆေးရုံအောက်တွင် ရှိသည်ဟု အစ္စရေးတပ်ဖွဲ့က အခိုင်အမာဆိုသည်။ အယ်ရှီဖာနှင့် ဂါဇာစီးတီးရှိ အခြားဆေးရုံ နှစ်ရုံမှ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ လူနာများနှင့် ပြည်သူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် သတိပေးချက် ထုတ်ပြန်ထားသည်။

အစ္စရေးတပ်ဖွဲ့ဝင်များက ဂါဇာစီးတီးရှိ အယ်ရှာတီဒုက္ခသည် စခန်းတွင် ဟားမတ်စ်အဖွဲ့ကို စစ်ဆင်ရေး အပြည့်အဝ ဆင်နွှဲပြီဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က နိုဝင်ဘာ ၁၂ ရက်တွင် ကြေညာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အယ်ရှီဖာဆေးရုံနှင့် ၎င်းတို့အကြား အဆက်အသွယ်များ ပြတ်တောက်သွားပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။ အဆက်အသွယ် မပြတ်တောက်မီအချိန်တွင် ဆေးရုံကို သံချပ်ကာကားများဖြင့် ဝန်းရံထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

အယ်ရှီဖာဆေးရုံသည် လောင်စာဆီ ပြတ်လပ်နေသောကြောင့် ဆေးဘက်ဆိုင်ရာလှုပ်ရှားမှုများကို ရပ်တန့်ခဲ့ရပြီး မီးဖွားခန်းအတွင်းရှိ ကလေးငယ်များ၏ အသက်အန္တရာယ်မှာ အန္တရာယ်ရှိကြောင်း ဂါဇာကမ်းမြောင်ရှိ ကျန်းမာရေးအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ သို့သော် အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ်ဒန်နီရယ် ဟာဂါရီက ၎င်း၏တပ်ဖွဲ့များသည် ဆေးရုံကို တိုက်ခိုက်ခြင်း မရှိသေးကြောင်း နိုဝင်ဘာ ၁၁ ရက်က သတင်းထောက်များကို ပြောကြားသည်။

လက်ရှိတွင် အစ္စရေးတပ်ဖွဲ့က ဆေးရုံဝန်ထမ်းများနှင့် တိုက်ရိုက်ဆွေးနွေးလျက်ရှိကြောင်း ၎င်းကဆိုသည်။ ဆေးရုံ၏ ကလေးအထူးကုဌာနမှ ကလေးငယ်များကို အစ္စရေးတပ်ဖွဲ့ဝင်များ ပိုမိုလုံခြုံသော ဆေးရုံသို့ ကူညီပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းကပြောကြားခဲ့သည်။ ထို့ပြင် ဟားမတ်စ်အဖွဲ့က အမျိုးသား၊ အမျိုးသမီး၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် ကလေးငယ်အပါအဝင် ၂၃၉ ဦးကို ဓားစာခံအဖြစ် ဖမ်းဆီးထားကြောင်း အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ရေတပ်ဗိုလ်ချုပ် ဒန်နီရယ် ဟာဂါရီက ဆိုသည်။ **ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# တရားမဝင် စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် နိုဝင်ဘာ ၁၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့ကစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးလမ်းဟောင်း မြစ်ငယ်တံတားအနီး၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်သုံးစီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Golden Mountain ခရုဆီ ၃၉၀၀ ကီလိုဂရမ်၊ Snow Towel ကီလိုဂရမ် ၂၀၀၀၊ Air Compressor (မော်တာမပါ) အလုံး ၁၀၀၊ Lipo အားဖြည့်အချိုရည် ပုလင်း ၄၀၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၈၀၀၀၀၀) အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Cheng Long Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၀၀၀၀၀၀) ကို လည်းကောင်း၊ ပြင်ဦးလွင်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၂၈ မိုင် ၃ ဖာလုံ၌ ပိုင်ရှင်မဲ့စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် Justus ဘီယာဘူး ၇၂၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသော ယာဉ်အပိုပစ္စည်းများဖြစ်သည့် ကားတံခါး ၂၈ ခု၊ Handbrake Control Valve ၃၁ ခု၊ SEEPAC အမဲဆီ ၇၂ ဘူး အပါအဝင် ကုန်ပစ္စည်း ၃၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၀၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကို လည်းကောင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Wai Wai ဆန်ကြာဆံ အထုပ်၅၄၀၀အပါအဝင်ကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၂၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၄၅၆၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် M-150 အားဖြည့်အချိုရည် ပုလင်း ၄၁၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၇၇၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် YUTONG Express တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၂၇၇၆၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့ ကမော့ကစင် ကျေးရွာအနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ကျားဝတ်တီရှပ်အထည် ၁၀၀၀၊ Sports ရှူးဖိနပ်အရန် ၁၂၀၀ အပါအဝင် ကုန်ပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၂၄၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Man Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၈၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၇၂၄၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၈မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၀၆၅၀၀၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

# ဗိုလ်တထောင်မြို့နယ်၌ လေးထပ်တိုက်အဆောက်အအုံ မီးလောင်မှုဖြစ်ပွား

ဗိုလ်တထောင် နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် အမှတ်( ၆ ) ရပ်ကွက် သိမ်ဖြူလမ်းနှင့် ကမ်းနားလမ်းထောင့်ရှိ လေးထပ်တိုက်အဆောက်အအုံတွင် ယနေ့နံနက် ၆ နာရီခွဲခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မြေညီထပ်လှေကားခွင်အတွင်း တပ်ဆင်ထားသော လျှပ်စစ်မီတာများအနက်မှ ဦးမျိုးမြင့်ပိုင်ဆိုင်သော လျှပ်စစ်မီတာအထွက်မှ ဝန်အားသုံးစွဲမှုကြောင့် မီးပွားများကျ၍ အနီးရှိတာယာအဟောင်းနှင့် ပစ္စည်းအဟောင်းများအပေါ်တွင်ကျပြီး မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်သည်။

တာမွေမြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးမျိုးညီညီ ဦးဆောင်၍ မီးငြိမ်းသတ်ယာဉ် ၁၃ စီး၊ ရေသယ်ယာဉ် ရှစ်စီး၊ အထောက်အကူပြုယာဉ် သုံးစီး၊ ကွပ်ကဲမှုယာဉ် သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၀၀ နှင့် အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၄ ဦး စုစုပေါင်း ၁၄၄ ဦးတို့ဖြင့် မီးငြိမ်းသတ်ရာ နံနက် ၇ နာရီတွင် မီးထိန်းနိုင်ခဲ့သည်။

မီးလောင်ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၆၃၀၀၀၀၀ ဖြစ်ပြီး အမျိုးသား ရှစ်ဦးနှင့် အမျိုးသမီး ၁၀ ဦးမှာ ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)များ ရရှိခဲ့သည်။


အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ တိုက်ခန်းပိုင်ရှင် ဦးမျိုးမြင့်အား ဗိုလ်တထောင်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခင်ဝင်းကြည်(ပြန်/ဆက်)

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၁၁-၂၀၂၃ တနင်္လာနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၁၅ စွန့်ဦးတီထွင်မှုမှသည် ကိုယ်ပိုင်အမှတ်တံဆိပ်ဆီ
- ၀၉:၁၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၃၀ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍများ(အပိုင်း-၂၀)
- ၁၀:၅၀ Economic Review
- ၁၁:၃၀ ဘဝနှင့်အနုပညာ
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**သူတောင်းပြည့်ကြွယ်တာရာစတားလာ**' (အပိုင်း-၈)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း**' (အပိုင်း-၅၈)
- ၁၅:၃၀ ကျန်းမာရေးမဂ္ဂဇင်း(တိုင်းရင်းဆေး)
- ၁၆:၁၅ မျိုးဆက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၀၀ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၁၅ This Week's Special Interest
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၁၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**ဘဝစကက်ဘောအတ်ဆေး**' (အပိုင်း-၂၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ '**တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်**' (အပိုင်း-၉)

**mitv**

- 07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:10 Travelogue: To the coastal region (Myeik - Kawthoung) (Part-1)
- 07:37 Myanmar Paper Toys
- 07:43 Wet Markets of Yangon: Thirimingalar Market
- 07:53 Millennia Pauk-Phaw Friendship (Thatbyinnyu Temple)
- 08:01 News
- 08:27 Global Updates; What does the bladder actually do
- 08:31 Sri Ksetra, Field of Fortune & Glory (Part-2)
- 08:51 Products of Myanmar - Products Of The Loom
- 09:01 Myanmar Avocado In The Global Market
- 09:28 Discovering Tribes: Enn (Their Life and Customs)
- 10:01 News
- 10:26 Topical Topics (No. 29) Wash Your Minds, To Be Honest in Society

**MRTV NRC**

- **မွန် (၀၆:၀၀ မှ ၀၈:၀၀)** လုံခြုံနွေးထွေးအရိပ်ပေးမွန်တို့ရိုးရာအိမ်ကလေး
- **ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)** အဆိုတော်ကြီးဖြစ်ချင်သူ
- **ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)** မုန့်တီခြောက်ပြုလုပ်နည်း
- **ဝ (၁၂:၀၀ မှ ၁၄:၀၀)** ဝရိုးရာရက်ကန်းနှင့်အထည်
- **ကချင် (၁၄:၀၀ မှ ၁၆:၀၀)** အဆာပြေဆန်မုန့်လုပ်စားကြမယ်
- **ကယား (၁၆:၀၀ မှ ၁၈:၀၀)** စိတ်ဝင်စားဖွယ်ကယားမြေက အောင်သပြေလိုဏ်ဂူ
- **စကောကရင် (၁၈:၀၀ မှ ၁၉:၀၀)** ရဲယိုသီး
- **အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)** စာပေစကားပြောကြရအောင်(အပိုင်း-၁၀)
- **အရှေ့ပိုးကရင် (၂၀ :၀၀ မှ ၂၁:၀၀)** လိုင်ငံထောင်ဖလာမစ်ရေတံခွန်သို့
- **ချင်း (လိုင်ဇို) (၂၁:၀၀ မှ ၂၂:၀၀)** တောင်ဇလပ်ရဲ့ရိုးရာအလှ(အပိုင်း-၃)
- **ချင်း (ချိုး) (၂၂:၀၀ မှ ၂၃:၀၀)** သွားဝါခြင်းအကြောင်းသိကောင်းစရာ

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၁၅ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်ရေရာ ဥပဒေမှာ**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM ရှင်းလင်းပွဲ
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ(အပိုင်း-၂၀)
- ၁၈:၀၀ Economic Review (အပိုင်း-၂၀)

**MRTV FARMERS' HTV Channel**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဂရုရည်တည်တံ့ခိုင်မြဲသော စိုက်ပျိုးရေးစနစ်သို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ အဖြူရောင်ရဲတိုက်(အပိုင်း-၁)(ဇာတ်လမ်း)
- ၁၉:၃၀ Seven Success Stories From Northeastern Thailand
- ၂၃:၃၀ A visit to Wambugu Apples farmer in Kilimambogo

**MRTV SPORTS HTV Sports**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match(Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ အန္တရာယ်အဆိပ်ဆေးလိပ်

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အလှူရှင်သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်



ရန်ကုန် နိုဝင်ဘာ ၁၂

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)က ကြီးမှူးကျင်းပခဲ့သောအခမ်းအနားများတွင် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ငွေအား၊ လူအား၊ သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၁ ရက် ညနေ ၅ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ Esperado Hotel ၌ ကျင်းပသည်။

ဦးစွာ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ဗဟိုနာယက ဦးစိုးသိန်း၊ ဥက္ကဋ္ဌဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးမင်းဝင်း၊ ဦးအောင်ဇော်ဝင်း၊ ဦးသောမတ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အထောက်အကူပြုကော်မတီ၊ လူမှုရေးရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသန့်က အခမ်းအနားကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဗဟိုဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားပြီး တက်ရောက်လာကြသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့သည်။

**တင်ဝင်းတင်**

## ဥက္ကလာပစေတီတော်မြတ်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မော်ကွန်းမှတ်တမ်းစာအုပ် မိတ်ဆက်ပွဲနှင့် စာအုပ်ဖြန့်ချိရေးအခမ်းအနား ကျင်းပ



တောင်ဥက္ကလာပ နိုဝင်ဘာ ၁၂

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၄) ရပ်ကွက် ဥက္ကလာပဘုရား မဟာမုနိဓမ္မာရုံတော်ကြီး၌ ယနေ့နံနက် ၉ နာရီက ဥက္ကလာပစေတီတော်မြတ်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မော်ကွန်းမှတ်တမ်းစာအုပ်မိတ်ဆက်ပွဲနှင့် စာအုပ်ဖြန့်ချိရေး အခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး ဥက္ကလာပစေတီတော် ဂေါပကဥက္ကဋ္ဌ ဒေါက်တာအေးကိုက မော်ကွန်းမှတ်တမ်းစာအုပ်ဖြစ်ပေါ်လာရေးနှင့် ဥက္ကလာပစေတီတော်မြတ်ကြီး၏ ယခင်တည်ထားမှုများ၊ ပြန်လည်မွမ်းမံပြင်ဆင်မှုများ၊ တိုးချဲ့တည်ဆောက်နိုင်မှုများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ၊ မော်ကွန်းမှတ်တမ်းစာအုပ်ပါအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး(၃) ဦးအောင်ကြည်ညွန့်(တက္ကသိုလ်)က စာအုပ်မိတ်ဆက်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာအုပ်ဖြန့်ချိရေးဥက္ကဋ္ဌ ဦးကြည်ဝင်းက စာအုပ်ဖြန့်ချိရေးနှင့် ပတ်သက်၍ ဖြန့်ဝေထားရှိမှုအခြေအနေများကို ဆွေးနွေးတင်ပြသည်။

ထို့နောက် ဥက္ကလာပစေတီတော်မြတ်ကြီး၏ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်းစာအုပ်ဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးကြသော ပုဂ္ဂိုလ်များအား စာအုပ်ထုတ်ဝေရေးတာဝန်ရှိသူများက ဂုဏ်ပြုအမှတ်တရလက်ဆောင်များ ပေးအပ်ပြီး ဆရာမကြီး ရွှေကူနန်းနွဲ့နွဲ့က ဥက္ကလာပစေတီတော်မြတ် ပိုက်စုံရတုဖြင့် သီဆိုပူဇော်ခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးဓမ္မစကြာအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပင်းတယ၌ မျက်စိနာရောဂါဆိုင်ရာ အသိပညာပေးဟောပြော

ပင်းတယ နိုဝင်ဘာ ၁၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ပင်းတယ)၌ မျက်စိနာရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပင်းတယမြို့ ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာမို့မို့ကြည်က လတ်တလော မြို့နယ်အချို့၌ မျက်စိနာရောဂါအဖြစ်များလျက်ရှိကြောင်း၊ မျက်စိနာရောဂါမဖြစ်ပွားစေရန် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ဆောင်ရန်/ရှောင်ရန်အချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဦးဆေးမွန်က ကျေးဇူးတင်စကားပြောကြားသည်။



အဆိုပါ အသိပညာပေးဟောပြောပွဲသို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်းတယ)မှ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိုးမိုးထွေး (ပြန်/ဆက်)**

## မောင်တောမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် မျက်စိနာရောဂါဆိုင်ရာ အသိပညာပေးဟောပြော

မောင်တော နိုဝင်ဘာ ၁၂

ရခိုင်ပြည်နယ် မောင်တောမြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနက မျက်စိနာရောဂါဆိုင်ရာ အသိပညာပေး ဟောပြောခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။



ဦးစွာ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးနိန်ကီးက အမှာစကား ပြောကြားပြီး ကျန်းမာရေးဦးစီးဌာန မြို့နယ် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနုကေသီစံက မျက်စိနာရောဂါသည် ရာသီအကူးအပြောင်း ကာလအတွင်း ဖြစ်ပွားတတ်ပါကြောင်း၊ မျက်စိနာရောဂါ ဖြစ်ပွားတတ်သည့် လက္ခဏာများ၊ မျက်စိနာရောဂါသည် ကူးစက်တတ်သည့်ရောဂါဖြစ်ပြီး မျက်စိနာရောဂါဖြစ်ပွားပါက တစ်ကိုယ်ရေသုံးပစ္စည်းများကို အခြားသောသူများနှင့် မျှဝေမသုံးသင့်ကြောင်း၊ မျက်စိနာခြင်းသည် အလင်းရောင်ကို မခံနိုင်သည့်အတွက် နေကာမျက်မှန် တပ်ဆင်သွားရန်နှင့် မျက်စိနာရောဂါ ဖြစ်ပွားနေသည်ဟု သံသယရှိပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းသို့ လာရောက်ပြသရန်လိုကြောင်း စသည့်တို့ကို အသိပညာပေး ဟောပြောသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ မြို့နယ်ကုသရေး ဦးစီးဌာနမှူး ဒေါက်တာနုကေသီစံ၊ ကျောင်းအုပ်ကြီး ဦးနိန်ကီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၂၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် နိုဝင်ဘာ ၁၂

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

**မိုး/ဇလ**


ကျန်းမာရေးဝန်ကြီးဌာန

## မျက်မြှေးရောင်ရောဂါ/မျက်စိနာရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

လတ်တလောဖြစ်ပွားနေသော မျက်မြှေးရောင်ရောဂါ (သို့မဟုတ်) မျက်စိနာရောဂါသည် ဗိုင်းရပ်ပိုးကြောင့် ဖြစ်ပွားပြီး ရောဂါဖြစ်ပွားလျှင် (၅)ရက်မှ (၇)ရက်ခန့်အထိ ကြာမြင့်တတ်ပါသည်။

**ရောဂါလက္ခဏာများမှာ–**

- မျက်စိနီရဲခြင်း၊
- မျက်ဝတ်များထွက်ခြင်း၊
- မျက်စိယားယံခြင်း၊
- မျက်စိနာကျင်ရောင်ရမ်းခြင်း၊
- မျက်ရည်ယိုခြင်း၊
- အလင်းရောင်မကြည့်နိုင်ခြင်းတို့ဖြစ်နိုင်ပါသည်။

**မျက်မြှေးရောင်ရောဂါ/မျက်စိနာရောဂါသည် အောက်ဖော်ပြပါအခြေနေများကြောင့် ကူးစက်ပြန့်ပွားနိုင်ပါသည်–**

- ရောဂါဖြစ်သူ၏ အသုံးအဆောင်များကို ကိုင်တွယ်သုံးစွဲခြင်းနှင့် နီးကပ်စွာအတူနေထိုင်ခြင်းများကြောင့် ရောဂါအလွယ်တကူ ကူးစက်ပြန့်ပွားနိုင်သဖြင့် အထူးသတိပြုရှောင်ရှားရပါမည်။ (ဥပမာ– ကျောင်းသား တစ်ဦးမှ စာသင်ခန်းအတွင်းရှိ ကျောင်းသားများသို့၊ မိခင်မှကလေးသို့)

**သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် မျက်မြှေးရောင်ရောဂါ/မျက်စိနာရောဂါ မပြန့်ပွားစေရန် အောက်ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်–**

- ကူးစက်လွယ်သောရောဂါဖြစ်သဖြင့် ရောဂါဖြစ်သူ၏ အသုံးအဆောင်(အထူးသဖြင့် အမျိုးသမီးမျက်နှာ အလှပြင်ပစ္စည်းများ၊ မျက်နှာသုတ်ပဝါ၊ လက်ကိုင်ပဝါ) များကို အခြားသူများက အတူသုံးစွဲခြင်း လုံးဝမပြုလုပ်ရပါ။ လက်ကိုင်ပဝါအစား တစ်ခါသုံးတစ်သျှူးစက္ကူကို အသုံးပြုသင့်ပြီး ရောဂါဖြစ်သူ၏ အဝတ်အစားများကိုလည်း သီးသန့်လျှော်ဖွပ်သန့်စင်ရပါမည်၊
- ရောဂါဖြစ်ပွားပါက မျက်စိနာသူ၏ မျက်လုံးတစ်ဝိုက်ကို သန့်ရှင်းရေးပြုလုပ်ပေးပြီး မျက်ရည်တု မျက်စဉ်းဆေးရည်(Artificial Tear Eye Drops)ကို တစ်နေ့ (၃–၄)ကြိမ် ခတ်နိုင်ပါသည်။ မျက်စိကို မသန့်ရှင်းမီနှင့် မျက်စဉ်းဆေးရည်ခတ်ပြီးတိုင်း လက်ကိုဆပ်ပြာဖြင့် သေချာစွာဆေးကြောရပါမည်။ ရောဂါမသက်သာပါက နီးစပ်ရာဆေးရုံ၊ ဆေးခန်းများနှင့် မျက်စိကုဌာနသို့ ပြသပါ၊
- အခြားသူများသို့ ရောဂါမကူးစက်စေရန်အတွက် ရောဂါဖြစ်သူသည် မျက်စိကိုမကိုင်မိစေရန် အကာအကွယ်မျက်မှန် တပ်ထားသင့်ပါသည်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၂**

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ထုံးဘိုမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ အခြေပြု၍ အဆိုပါမြို့နှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၈ ဦး၊ ခွဲစိတ်ရောဂါ ၇၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၃ ဦး၊ ကလေးရောဂါ ၃၉ ဦး၊ အရိုးရောဂါ ၁၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၄ ဦး၊ မျက်စိရောဂါ ၇၉ ဦးနှင့် သွားရောဂါ ၄၂ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ ခုနစ်ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄ ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ရှစ်ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၁၉ ဦး စုစုပေါင်း ၆၀၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ တစ်ဦးကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး နယ်လှည့်အထူးကု ဆေးအဖွဲ့အား စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါတယ်-

**ဒေါ်ဘိုမ**

**(မသုံကျေးရွာ၊ ထုံးဘိုမြို့နယ်)**

နယ်လှည့် ဆေးကုအဖွဲ့လာရောက်ဆေးကုလို့ လာပြတာပါ။ ရွာထဲမှာ ကြေညာထားတာ လာပြလို့ရတယ် အကုန်လုံးအခမဲ့ပါ။ အကုန်လုံး အစစအရာရာ အဆင်ပြေတယ်ပြောလို့ လာပြီး ဆေးကုသမှု ခံယူတာပါ။ နှလုံးသွေးကြော ကျဉ်းတယ်ဆိုလို့ လာပြတာ။ ဆေးလည်း ပုံမှန်သောက်ပါတဲ့။ ဆေးတွေလည်း အများကြီးပဲ သူတို့ထုတ်ပေးလိုက်ပါတယ်။ ပုံမှန်လစဉ် သောက်ဖို့လည်းပဲ ဆေးတွေ ပေးလိုက်ပါတယ်။ ဒီကတော့ အလကားရတာပါ၊ အပြင်မှာဆိုရင်တော့ ကျွန်မတို့က ပိုက်ဆံများများစားစား ကုန်ပါတယ်။ တစ်လကို လေးငါးသောင်းကျော်ဖိုးလောက် ဝယ်သောက်ရတယ်။ ဒီမှာ တစ်လစာပေးလိုက်ပါတယ်။ အားရပီတိဖြစ်မိပါတယ်။ အပြင်မှာဆိုရင် ပိုက်ဆံအကုန်အကျများတယ်လေ၊ ကျွန်မတို့ မရှိတဲ့သူတွေမှာကျတော့ ဒီမှာ အားလုံးအစစအရာရာလိုလေသေးမရှိဘူး။ ECG တို့ဘာတို့ အကုန်လုံး ဆေးကအစ ထောက်ပံ့မှုအကုန်ရတယ်ဆိုတော့ ဝမ်းသာပီတိဖြစ်မိပါတယ်။ ကျွန်မတို့သာမက ကျွန်မတို့ထက်ဆိုးတဲ့ သူတွေရော အစစအရာရာ ပိုပြီးအဆင်ပြေပါတယ်။ အဲဒါကိုအများကြီး ကျေးဇူးတင်တယ်၊ ဒီနေရာကနေ ဂါရဝပြုပါတယ်။

**ဒေါ်စန်းစန်းဌေး(ဒေသခံပြည်သူ)**

ခွဲရမယ်လို့ပြောလို့ ကျွန်မဒီနေ့လာခွဲဖြစ်တာပါ။ ကျွန်မကို အခုလိုခွဲပေးလို့ ဝမ်းလည်းသာတယ်။ ကျွန်မတို့ အပြင်မှာဆိုရင် ဒီမျက်လုံးကို မခွဲနိုင်ဘူး။ ၁၀ သိန်းဆိုလည်း ဟုတ်တယ်၊ ၁၅ သိန်းဆိုလည်း ဟုတ်တယ်။ အဲလိုမခွဲနိုင်တာကို ခုလို တပ်မတော်ကြီးက ခွဲပေးတဲ့အတွက် ကျွန်မတို့က ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆရာဝန်တွေကလည်း ညင်ညင်သာသာနဲ့ပဲ ခွဲစိတ်ပေးပါတယ်။ သာသာကြည်ကြည်နဲ့ပဲ သူတို့ခွဲစိတ်တာ အောင်မြင်တော့ ကျွန်မလည်း ဝမ်းတွေသာတာပေါ့။ အနာအကျင်မရှိဘူး။ ကောင်းကောင်းမွန်မွန်နဲ့ ခွဲစိတ်ပေးပါတယ်။ ဒီလိုမျိုးဆေးတွေဘာတွေနဲ့ အလကားကုသပေးတဲ့အတွက် ပြည်သူတွေအတွက်လည်း ကောင်းပါတယ်။ သဘောပေါ်မှာလည်း ခွဲစိတ်ခန်းတွေရော ကျွေးတာ၊ မွေးတာရော အကုန်လုံး အစစအရာရာ လိုလေသေးမရှိ ကျွေးတဲ့အတွက်၊ ကုသပေးတဲ့အတွက် ကျွန်မအများကြီး ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း အခုလို ပြည်သူ ပြည်သားတွေအတွက် ဒီလိုမျိုး ကုသပေးတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

**သတင်းစဉ်**







ဒေါ်စန်းစန်းဌေး





ဒေါ်ဘိုမ

# တပ်ကုန်းမြို့နယ် မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြ

**တပ်ကုန်း နိုဝင်ဘာ ၁၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့မဈေးခေါင်းအဖွဲ့တို့ ပူးပေါင်း၍ မြို့မဈေးတွင် မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော၊ လက်တွေ့မီးငြိမ်းသတ်သရုပ်ပြခြင်းနှင့် ဈေးစစ်ဆေးခြင်းလုပ်ငန်းကို နိုဝင်ဘာ ၁၂ ရက် နံနက်၁၀ နာရီခွဲက အဆိုပါဈေးမမ္ဘာရုံတွင် ကျင်းပဆောင်ရွက်ခဲ့သည်။

**ရှင်းလင်းဟောပြော**

အဆိုပါ ဟောပြောပွဲတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်က မီးလောင်မှုအခြေအနေသဘောတရားများ၊ မီးငြိမ်းသတ်နည်းလမ်းများ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်တတ်သည့်အကြောင်းများ ရှင်းလင်းဟောပြောကာ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ပြီး ဦးစီးအရာရှိနှင့် မီးငြိမ်းသတ်ကျွမ်းကျင်ဝန်ထမ်းများက မြို့မဈေးတွင် ဈေးသူ၊ ဈေးသားများအား မီးသတ်ဆေးဘူး၊ ရေစွတ်အဝတ်များဖြင့် မီးငြိမ်းသတ်နည်းများ၊ မီးသတ်ကားဖြင့် ရေထိုးမီးငြိမ်းသတ်နည်းများ လက်တွေ့သရုပ်ပြသဆောင်ရွက်ခဲ့ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။





ဆက်လက်ပြီး မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟိန်းအောင်ကျော်နှင့် ဝန်ထမ်းများ၊ မြို့မဈေးခေါင်းအဖွဲ့တို့နှင့်အတူ မြို့မဈေးတွင် မီးသုံးစွဲသည့် ဈေးဆိုင်များအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

# မိုင်းကိုင်မြို့နယ် ဟိုနားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းကိုင် နိုဝင်ဘာ ၁၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကွပ်ကဲမှုအောက်ရှိ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၉ ရက်က ဟိုနားကျေးရွာ၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ မိုင်းကိုင်မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းနှင့် တာဝန်ရှိသူများသည် ဟိုနားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအသင်းသူအသင်းသားများက အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများဖြစ်သည့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဟိုနားကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ အသင်းသူ အသင်းသား ၅၀ အား နဝမအကြိမ်မြောက် ရန်ပုံငွေကျပ် ၅၀၈ သိန်းအထိထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ၂၂၂

# တိုင်းပဲခူး၏ MSME လုပ်ငန်းများမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီ

········ မြတ်သူ ········

**မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း ၉၀ ကျော်သည် လုပ်ငန်းငယ်များဖြစ်သည်။ မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းပေါင်း လေးသောင်းကျော်ရှိနေသည်။ နိုင်ငံတော်အနေဖြင့် ပြည်တွင်းထုတ်ကုန်အားပေးရန်၊ သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်တိုးမြှင့်ရရှိစေရန်အတွက်လည်း ရည်ရွယ်၍ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည်။**

ထို့ကြောင့် MSME လုပ်ငန်းများမှတစ်ဆင့် နိုင်ငံ့စီးပွားရေး ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အကောင်အထည်ဖော်လျက်ရှိသည်။ ထိုသို့တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဖော်ဆောင်ကြိုးပမ်းရာတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့သည်လည်း တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးရေးနှင့် ဈေးကွက်ခိုင်မာရေးကို ရည်ရွယ်၍ ပဲခူးတိုင်းဒေသကြီးထုတ်ကုန်များ အရောင်းစင်တာကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ပဲခူးမြို့ သီရိဥဿာဈေး၌ ပြသထားသော ဒေသထုတ်ကုန်အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

**ဈေးကွက်အခွင့်အလမ်းရရှိနိုင်**

"MSME လုပ်ငန်းတွေ ဖွံ့ဖြိုးစေဖို့ အကောင်အထည်ဖော်ဆောင်ရွက်ကြတဲ့အခါ ငွေကြေးအရင်းအနှီး၊ နည်းပညာ၊ ဈေးကွက် ဒါတွေက အဓိက လိုအပ်ချက်အဖြစ် တွေ့ရတယ်။ အခု ဒီစင်တာက တော့ ဈေးကွက်အခွင့်အလမ်းကို MSME လုပ်ငန်းတွေ တစုတစည်းတည်း၊ တစ်နေရာတည်းကနေရရှိနိုင်ဖို့အတွက်ပါ။ အရင်းအနှီးအတွက် နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကတစ်ဆင့် ဆောင်ရွက်ပေးတာရှိတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ကူညီဆောင်ရွက်ပေးတာရှိတယ်။ နည်းပညာအတွက်လည်း ကျွန်တော်တို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ ဦးဆောင်ပြီး သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆောင်ရွက်ပေးနေတာရှိတယ်။ ဒါက နိုင်ငံတော်က ဖော်ဆောင်နေတဲ့ ပို့ကုန်တိုးမြှင့်ရေး ရည်ရွယ်ချက်ကို နည်းလမ်းတစ်ခုနဲ့ အကောင်အထည်ဖော် ကြိုးစားခြင်းလည်း ဖြစ်ပါတယ်"ဟု ပဲခူးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောကြားသည်။



ဒေသထုတ်ကုန်ပစ္စည်းများအား ပြည်သူများဝယ်ယူနေမှုကို တွေ့ရစဉ်။

တိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးမှုရရှိနိုင်ရန် ရည်ရွယ်သည့် ပဲခူးတိုင်းဒေသကြီးထုတ်ကုန်များ အရောင်းစင်တာကို ပဲခူးမြို့ သီရိဥဿာဈေးတွင် ဖွင့်လှစ်ထားရှိပြီဖြစ်သည်။

"ကျွန်မလို အသေးစား၊ အငယ်စား လုပ်ငန်းရှင်တွေအတွက် အလွန်ကောင်းမွန်တဲ့အစီအစဉ် ဖြစ်ပါတယ်။ အရင်ကဆိုရင် ကျွန်မတို့ရဲ့ ကုန်ပစ္စည်းတွေ ဈေးကွက်တင်ရောင်းဖို့အတွက် အရောင်းဆိုင်တွေကိုသွားပြီး တင်ရောင်းပေးဖို့ မေတ္တာရပ်ခံခဲ့ရတယ်။ အဆင်ပြေတာတွေရှိသလို အဆင်မပြေခဲ့တာတွေလည်း ရှိခဲ့တယ်။ အခုတော့ ပဲခူးအရောင်းစင်တာမှာ ကျွန်မတို့ ရောင်းနေတဲ့ဈေးအတိုင်း တင်ရောင်းပေးတဲ့အတွက် ရောင်းအားပိုကောင်းလာလို့ ထုတ်လုပ်မှုလည်း တိုးတက်လာခဲ့ပါတယ်"ဟု စင်တာတွင် ပါဝင်ရောင်းချသည့် အသင့်စား ရွှေတောင်ခေါက်ဆွဲ၊ ကော်ရည်ခေါက်ဆွဲ၊ အုန်းနို့ခေါက်ဆွဲနှင့် ထမင်းသုပ်လုပ်ငန်းရှင် ဒေါ်ဥမ္မာကျော်က ပြောသည်။

**ခရိုင်ခြောက်ခရိုင်မှ စိုက်ပျိုးရေးလုပ်ငန်းသုံး ကုန်ပစ္စည်းများ ရရှိနိုင်**

အဆိုပါစင်တာတွင် တိုင်းဒေသကြီးအတွင်းရှိ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်၊ သာယာဝတီခရိုင်၊ နတ်တလင်းခရိုင် စသည့် ခရိုင်ခြောက်ခရိုင်မှ စိုက်ပျိုးရေးကို အခြေခံသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် စိုက်ပျိုးရေး လုပ်ငန်းသုံးကုန်ပစ္စည်းများကို ရရှိနိုင်ပြီဖြစ်သည်။

"ဒီစင်တာမှာက ပဲခူးဒေသထွက်ကုန်တွေ တော်တော်များများ တွေ့ရတယ်။ ထုတ်ကုန်အလိုက် တိုက်ရိုက်ရောင်းချတာဖြစ်တဲ့အတွက် ဈေးမကြီးဘူး။ ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက်လုံး အဆင်ပြေစေတဲ့နေရာလေးတစ်ခုပါ။ ဥပမာဆိုရင် ကျွန်မတို့လို ခရီးသွားပြည်သူတွေအတွက် ပြည်က ထမင်းသုပ်၊ ရွှေတောင်ခေါက်ဆွဲ၊ တောင်ငူက ကော်ဖီ၊ မုန့်ဖတ်ခြောက်၊ ပဲခူးက ငါးချဉ်၊ ငါးပိငါးခြောက် စတဲ့ တိုင်းဒေသကြီးထဲက ဒေသထွက်တွေကို အပြန်လက်ဆောင်အတွက် ဈေးနှုန်းသက်သက်သာသာနဲ့ တစ်နေရာတည်းမှာ ဝယ်လို့ရတာပေါ့"ဟု ပဲခူးမြို့သို့ ဘုရားဖူးလာရောက်သည့် မကွေးမြို့မှ ဒေါ်မြိုင်က ပြောသည်။

**လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်**

ပဲခူးတိုင်းဒေသကြီးအတွင်း အသေးစား ကုန်ထုတ်လုပ်ရေးလုပ်ငန်း ၁၀၂၈ ခု၊ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSMEs) လုပ်ငန်း ၃၀၃၂ ခု စုစုပေါင်း လုပ်ငန်းပေါင်း ၄၀၆၀ ရှိပြီး တိုင်းဒေသကြီးအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းတူအစုအဖွဲ့အလိုက်၊ စက်မှုလုပ်ငန်းများအလိုက် လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းစီမံချက်များကို စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီကို ဦးစွာဖွဲ့စည်းထားရှိပြီးဖြစ်သည်။

ယင်းအေဂျင်စီ၏ ဦးဆောင်မှုဖြင့် တိုင်းဒေသကြီးအတွင်းရှိ ထုတ်ကုန်များ အားပေးမြှင့်တင်ရန်အတွက် ဒေသအတွင်း MSME ဈေးရောင်းပွဲတော်များကို ကျင်းပလျက်ရှိသည်။ ထို့ပြင် MSME လုပ်ငန်းများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့စေရန် ရည်ရွယ်သည့် MSME Talk Show များကို စီစဉ်ဆောင်ရွက်လျက်ရှိသည်။

"တိုင်းဒေသကြီးအတွင်းမှာ ပြည်ပက တင်သွင်းနေရတဲ့ ကုန်ပစ္စည်းတွေနေရာမှာ ဒေသထွက်ပစ္စည်းတွေနဲ့ အစားထိုးသုံးစွဲနိုင်ဖို့အတွက် အစီအစဉ်တွေ စနစ်တကျရေးဆွဲပြီး အကောင်အထည်ဖော်နေတာလည်း ရှိပါတယ်။ ဥပမာ စိုက်ပျိုးရေးအတွက် ပြည်ပက ဓာတ်မြေဩဇာတွေနေရာမှာ ဒေသရဲ့ သဘာဝမြေဩဇာထုတ်လုပ်မှု တိုးတက်အောင် အစားထိုးနိုင်အောင် ကြိုးပမ်းနေပါတယ်။ မွေးမြူရေးလုပ်ငန်းအတွက် ဒေသက လုပ်ငန်းတွေကို နည်းပညာ၊ အရင်းအနှီးရရှိရေးကို သက်ဆိုင်ရာဌာနတွေက ဆောင်ရွက်ပေးနေတာလည်း ရှိပါတယ်။ ဒေသတွင်းမှာ မွေးမြူရေးလုပ်ငန်းတွေ အားပေးဖို့ မွေးမြူရေးလုပ်ကိုင်သူတွေအတွက် မွေးမြူရေးဇုန် ဖော်ထုတ်နေတာလည်း ရှိပါတယ်။ ပြီးတော့ ဒေသ MSME လုပ်ငန်းထဲမှာ ပါဝင်တဲ့ သစ်အခြေခံ မြန်မာ့လက်မှုလုပ်ငန်းတွေ အဆင်ပြေစေဖို့ ကုန်ကြမ်းရရှိအောင် ရောင်းချပေးတာလည်း ရှိပါတယ် "ဟု စားသုံးသူရေးရာဦးစီးဌာန ပဲခူးတိုင်းဒေသကြီးဦးစီးမှူး ဦးဇေယျာဆွေက ပြောသည်။

**MSME လုပ်ငန်းရှင် ၅၆၅ ဦးအား ချေးငွေထုတ်ချေး**

တိုင်းဒေသကြီးအတွင်းရှိ MSME လုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု အဆင်ပြေလွယ်ကူစေရန်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှတစ်ဆင့် ချေးငွေပေးအပ်လျက်ရှိသည့်အပြင် ပုဂ္ဂလိကဘဏ်များ၊ မြန်မာ့စီးပွားရေးဘဏ်နှင့် သမဝါယမချေးငွေရရှိအောင် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ MSME လုပ်ငန်းရှင် ၅၆၅ ဦးအား ချေးငွေကျပ် ၁၀၄၉၁ ဒသမ ၂၈၄ သန်း ထုတ်ချေးထားကြောင်း သိရသည်။

"အရင်က လုပ်ငန်းကို တိုးချဲ့လုပ်ကိုင်ချင်ခဲ့တာ ငွေကြေးမလုံလောက်လို့ မလုပ်နိုင်ခဲ့ဘူး။ အခုတော့ တိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေက ထုတ်ချေးပေးတဲ့ ချေးငွေရရှိခဲ့လို့ စက်ယူနစ်အသစ်တွေ ဝယ်ယူတပ်ဆင်နိုင်ခဲ့ပြီး ပြည်ပဈေးကွက်ရရှိဖို့ ကြိုးစားဆောင်ရွက်နေပါပြီ" ဟု Light House အမှတ်တံဆိပ် ကော်ဖီလုပ်ငန်းရှင် ဦးဇေယျာမင်းက ပြောသည်။

သို့ဖြစ်ရာ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများ၊ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများမှ ပြည်တွင်း/ ပြည်ပ အသုံးချနိုင်သည့် အရည်အသွေးမြင့်ထုတ်ကုန်များ ထုတ်လုပ်ကာ ဒေသစီးပွား၊ နိုင်ငံ့စီးပွားတိုးတက်အောင် ကြိုးပမ်းလျက်ရှိကြောင်း တင်ပြလိုက်ရပါသည်။ ။

**"အခု ဒီစင်တာကတော့ ဈေးကွက်အခွင့်အလမ်းကို MSME လုပ်ငန်းတွေ တစုတစည်းတည်း၊ တစ်နေရာတည်းကနေ ရရှိနိုင်ဖို့အတွက်ပါ။ အရင်းအနှီးအတွက် နိုင်ငံတော်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကတစ်ဆင့် ဆောင်ရွက်ပေးတာရှိတယ်။ သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ကူညီဆောင်ရွက်ပေးတာရှိတယ်။ နည်းပညာအတွက်လည်း ကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဦးဆောင်ပြီး သက်ဆိုင်ရာဌာနအဖွဲ့အစည်းတွေက သက်ဆိုင်ရာ ခေါင်းစဉ်အလိုက် ဆောင်ရွက်ပေးနေတာရှိတယ်။ ဒါက နိုင်ငံတော်က ဖော်ဆောင်နေတဲ့ ပို့ကုန်တိုးမြှင့်ရေး ရည်ရွယ်ချက်ကို နည်းလမ်းတစ်ခုနဲ့ အကောင်အထည်ဖော် ကြိုးစားခြင်းလည်း ဖြစ်ပါတယ်"**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

## Grade 5

### Unit 10 My future plans
### Lesson 2 What I am going to do

**Read the following dialogue and fill in the blanks with the suitable words given below.**

| | | | | |
|---|---|---|---|---|
| years | birth | with | treat | old |
| have | on | hold | do | yummy |

Zu Zu: Hi, Kyipyar! How ___(1)___ are you?
Kyipyar: Hello, Zu Zu! I'm 10 ___(2)___ old.
Zu Zu: When is your date of __(3)__?
Kyipyar: It's ___(4)___ 12th December.
Zu Zu: How are you going to __(5)____ your birthday this year?
Kyipyar: I am going to cut the birthday cake ___(6)___ my friends.
Zu Zu: What are you going to ___(7)___ your friends with?
Kyipyar: with Shwetaung Noodles. It is ___(8)___.
Zu Zu: Good idea! What else are you going to ___(9)___?
Kyipyar: I am going to play a parcel game with myfriends and __(10)__ a lot of fun.

**Writing**

**(A) Fill in the blanks with a suitable word form.**

(1) The (child) __________ are playing in the park now.
(2) Chit San Maung is a famous (guitar) _______ in Myanmar.
(3) We are very happy. It is a (wonder) _____ time.
(4) I accepted her (invite) _______ to her birthday this morning.
(5) A (farm) _________ grows crops.

**(B) Supply the correct form of the verb given the brackets.**

(1) (invite) I ____ them to my birthday tomorrow.
(2) (grow) We ____ beautiful flowers in the garden.
(3) (cure) A vet ________ animals.
(4) (put) Firefighters _____ out the fire last night.
(5) (sing) Who ______ at the birthday party?

**(C) Rearrange the following words in the correct order to make a sentence.**

(1) will/ mother/ to / your / party / I / with / come / birthday / my / . /
(2) is / party / Mee Mee / to / a / going / sing / at / song / the / . /
(3) is/ help / My / me/ to / do / sister / going / my / . / homework /
(4) come / my / Would / like / birthday / you / to / ? / to /
(5) are / ? / going / you / to / What / do / Sunday/ this /

****************

Ans:

Lesson 2 What I am going to do

**(1) old (2) years (3) birth (4) on (5) hold (6) with (7) treat (8) yummy (9) do (10) have**

Writing

(A) 1. children; 2. guitarist; 3. wonderful; 4. invitation; 5. farmer;

(B) 1. will visit/ am going to invite; 2. grow; 3. cures; 4. put; 5. is going to sing;

(C) 1. I will come to your birthday party with my mother. 2. Mee Mee is going to sing a song at the party. 3. My sister is going to help me do my homework. 4. Would you like to come to my birthday? 5. What are you going to do this Sunday?

**************

## Grade 6

### Unit 6
### Lesson 3: What's the difference: countable and uncountable?

**I. Write "C" for countable nouns and "U" for uncountable nouns.**

**e.g. banana (C) e.g. oil (U)**

1. apple (__________)
2. water (__________)
3. book (__________)
4. milk (__________)
5. ball (__________)
6. juice (__________)
7. cat (__________)
8. rice (__________)
9. dog (__________)
10. butter (__________)

**II. Write the plural form of the following nouns.**

1. A library - two _______________
2. A bird - two _______________
3. A box - two _______________
4. An ox - two _______________
5. A person - two _______________

**III. If the sentence is correct, write "correct". If not, correct the underlined word in the line provided.**

**e.g. I see two deers. (deer)**
**e.g. I see two mice. (correct)**

1. The <u>kittens</u> are sleeping. (__________)
2. Zaw Lay saved ten <u>gooses.</u> (__________)
3. All the <u>sheeps</u> ran away. (__________)
4. Min Min ate a lot of <u>candys.</u> (__________)
5. They painted the <u>benchs.</u> (__________)
6. Look at those <u>fish!</u> (__________)
7. I am afraid of <u>wolf.</u> (__________)

**IV. Complete the sentences with correct article: 'a' or 'an' or 'the'.**

1. There is ____ big tree in ____ backyard.
2. I want to be ___ artist and paint beautiful pictures.
3. She has ___ blue pen and ___ notebook in her bag.
4. ____ tiger is a wild animal.
5. Can I have ____ glass of milk, please?

**V. Translate the following phrases into English.**

**e.g. ဆန်တစ်အိတ် = a sack of rice**

1. ဆီတစ်ပုလင်း = ___________
2. ချောကလက်နှစ်ချောင်း = ___________
3. ငှက်ပျောသီးတစ်ဖီး = ___________
4. ပေါင်မုန့်တစ်လုံး = ___________
5. ကိတ်မုန့်တစ်ချပ် = ___________

********************

Ans:

Unit 6

Lesson 3: What's the difference: countable and uncountable?

I. 1. Countable 2. Uncountable 3. Countable 4. Uncountable 5. Countable 6. Uncountable 7. Countable 8. Uncountable 9. Countable 10. Uncountable

II. 1. libraries; 2. birds; 3. boxes; 4. oxen; 5. people;

III. 1. correct; 2. geese; 3. sheep; 4. candies; 5. benches; 6. correct; 7. wolves;

IV. 1. a, the 2. an 3. a, a 4. A 5. a

V. 1.A bottle of oil; 2. Two bars of chocolate; 3. A bunch of bananas; 4. A loaf of bread; 5. A slice of cake;

************************

## Grade 7

### Unit 6
### Lesson 2: Amber: The Little Yellowish-brown Light

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. The park was messy and filled with r______.
2. S________ is a bad habit that can harm your health and make you feel sick.
3. We use g____ to cook our food on the stove.
4. F______ is what we eat to give our bodies energy and help us grow strong.
5. A p______ is someone who walks on the sidewalk or cross the street on foot.

**II. Supply the correct form of the words given in brackets.**

1. (please) They were ______ when I helped them.
2. (please) Reading gives us knowledge and __________.
3. (yellow) The ripe banana had a _____ color and tasted sweet.
4. (bright) The sun is _____than the moon.
5. (smoke) My grandpa was a heavy ________.

**III. Supply the correct form of the verbs given in brackets.**

1. (feel) How do you ________today, son?
2. (think) He is always ______ about money.
3. (listen) Speak less and ________ more.
4. (stop) He ___________ to talk to them.
5. (care) Who _______ you during your illness?

**IV. Answer the following questions.**

1. Who were Amber's friends with the best jobs?
2. What color is Amber described as in the passage?
3. Why was Amber feeling sad?
4. Who do people listen to when he lights up and says 'Go!'?
5. What happens when people see Red?
6. How does the speaker feel about the way people treat them?
7. What did Green and Red argue about?
8. When did Green light up as bright as he could?
9. Who smiled at Green and began to move along?
10. What do the cars do when they see Amber?
11. Why was Amber never sad again?

******************************

Ans:

Unit 6

Lesson 2: Amber: The Little Yellowish-brown Light

I. 1. rubbish; 2. Smoking; 3. gas; 4. Food; 5. pedestrian;

II. 1. pleased; 2. pleasure; 3. yellowish; 4. brighter; 5. smoker;

III. 1. feel; 2. thinking; 3. listen; 4. stopped; 5. cared;

IV. 1. Amber's friends with the best jobs were Green Light and Red Light. 2. Amber is described as yellowish-brown in the passage. 3. Amber was feeling sad because she was thinking about her own job and comparing it to her friends' jobs, which she perceived as better. 4. People listen to Green when he lights up and says 'Go!'. 5. When people see Red, everyone stops and stares at him. 6. The speaker feels that nobody cares very much about them. 7. Green and Red argued about who had the better job. 8. Green lit up as bright as he could after a long quarrel with Red. 9. Dodge, the Truck, smiled at Green and began to move along. 10. The cars slow down when they see Amber. 11. Amber was never sad again because she realized that all the traffic lights were important.

************************

## Grade 8

### Unit 6
### Lesson 3: Environmentally-friendly lifestyle

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. F_____ fuel is a natural fuel such as coal or gas.
2. Trash and chemicals can cause water p_______, making it difficult for fish and other animals to live in the water.
3. Some examples of g_____ gases are carbon dioxide and methane.
4. Mom and Dad take us s_____ for new clothes to wear in the school.
5. Put all the r_______ in the dustbin.

**II. Supply the correct form of the verbs given in brackets.**

1. (recycle) The Japanese _______ more than half their waste paper.
2. (use) He ___________ a phone while the accident happened.
3. (brush) I __________ my teeth after meals.
4. (turn) When you reach the traffic lights, ______ left.
5. (throw) I quickly ______sand on the fire.

**III. Complete the sentences with the words given below. There are two extras.**

| | | | |
|---|---|---|---|
| recycling | rubbish | friendly | |
| environmentally | tissue | transport | plastic |

1. To protect wildlife, use biodegradable, ____________ friendly products.
2. He was a very nice person, always pleasant and ___________.
3. The supermarket has installed ___________ bins for old newspapers, bottles and cans.
4. She handed me a ______ just as I sneezed.
5. __________ has always been the key to developing trade.

**IV. Fill in the blanks using <u>must or mustn't.</u>**

1. You ___ eat too much candy before bedtime.
2. We ___ brush our teeth every morning and night.
3. They ____ forget to say "thank you" when someone helps them.
4. He ________ cross the road without looking both ways.
5. Cats ____climb trees to catch birds.
6. Students ____ listen to the teacher in the classroom.
7. I ___ clean my room before going out to play.
8. We ________ run near the swimming pool.
9. You ________ be polite and say "please" and "thank you".
10. Children ________ always wear their seatbelts in the car.

*******************

Ans:

Lesson 3: Environmentally-friendly lifestyle

I. 1. Fossil; 2. pollution; 3. greenhouse; 4. shopping; 5. rubbish;

II. 1. recycle; 2. was using; 3. brush; 4. turn; 5. threw;

III. 1. environmentally; 2. friendly; 3. recycling; 4. tissue; 5. Transport;

IV. 1. mustn't; 2. must; 3. mustn't; 4. mustn't; 5. mustn't; 6. must; 7. must; 8. mustn't; 9. must; 10. must;

***************************

## Grade 9

### Unit 6 Lesson 4: What an experience!

**Linking words**

**Choose the correct linking word to complete the sentence:**

(1) _____I woke up, the sun was shining outside.
(a) by the time (b) while (c) then

(2) I will finish my drawing _____I can show it to my teacher.
(a) by the time (b) as soon as (c) when

(3) He played soccer with his friends _____ the rain started.
(a) by the time (b) while (c) then

(4) _____I reached the top of the mountain, I felt very happy.
(a) by the time (b) when (c) then

(5) She will buy some groceries _____ she goes home.
(a) by the time (b) as soon as (c) then

(6) _____I finished my homework, I went to play outside.
(a) By the time (b) While (c) Then

(7) She was reading a book, and _____the phone rang.
(a) By the time (b) While (c) Then

(8) I will call you _____ I get home from school.
(a) By the time (b) As soon as (c) Then

(9) The sun had set, _____ the stars started to appear in the sky.
(a) By the time (b) While (c) Then

(10) The cat was sleeping _____the dog was barking loudly.
(a) By the time (b) While (c) Then

(11) I will finish cooking dinner, and _____ we can eat together.
(a) By the time (b) As soon as (c) Then

(12) _____ I reached the bus-stop, the bus had already left.
(a) By the time (b) No sooner (c) Then

(13) He played with his toy cars, and _____ he had his dinner.
(a) By the time (b) Then (c) As soon as

(14) The baby was crying, ______her mother picked her up and hugged her.
(a) By the time (b) At that moment (c) Then

(15) ______ I woke up, the sun was shining outside.
(a) By the time (b) No sooner (c) Then

(16) The bus arrived ______we were waiting at the bus stop.
(a) By the time (b) While (c) Then

(17) _____I opened the door, the wind blew my hat away.
(a) No sooner (b) While (c) Then

(18) The teacher will explain the lesson _____ the students can understand it better.
(a) As soon as (b) While (c) Then

****************

**Ans:**

**Lesson 4: What an experience!**

**Linking words**

1. By the time; 2. as soon as; 3. by the time; 4. When; 5. As soon as; 6. By the time; 7. then; 8. As soon as; 9. Then; 10. While; 11. Then; 12. By the time; 13. Then; 14. By the time; 15. By the time; 16. While; 17. While; 18. As soon as;

****************

### Unit 7 Lesson 1: Tracing global climate

**I. Complete the sentences with the given words.**

| weather | climate | temperature | abundant | ecosystems |
|---|---|---|---|---|

(1) The ____today is sunny and warm.

(2) ____change is when the weather patterns in an area start to become different over a long time.

(3) _____ are places where plants, animals, and the environment all work together.

(4) During the harvest season, there's an _______ supply of fruits and vegetables.

(5) The _____ outside is very hot today.

**II. Complete the dialogues with the given words.**

**Dialogue (1)**

| protect | take | change | global | weather |
|---|---|---|---|---|

**Mee Lay:** Hey, **Yon Yon**! Do you know about ___(1)___ climate?

**Yon Yon:** No, **Mee Lay**. What is it?

**Mee Lay:** Global climate is how the ___(2)___ is all around the world.

**Yon Yon:** Oh, I see. Is it always the same?

**Mee Lay:** No, Yon Yon. It can change a lot. Sometimes it gets warmer, and sometimes it gets colder.

**Yon Yon:** Why does it ___(3)___?

**Mee Lay:** Well, some things people do, like using too much energy and cutting down trees, can make it warmer.

**Yon Yon:** That doesn't sound good.

**Mee Lay:** You're right, Yon Yon. It's important for us to ___(4)___the Earth and use energy wisely to help keep our climate stable.

**Yon Yon:** I'll remember that, Mee Lay. Thanks for telling me.

**Mee Lay:** You're welcome, Yon Yon. Let's do our part to !___(5)___ care of our planet

****************

Ans: Unit 7

Lesson 1 : Tracing global climate

I. 1. weather; 2. Climate; 3. Ecosystems; 4. abundant; 5. temperature;
II. Dialogue (1) 1. global 2. weather 3. change 4. protect 5. take

****************

## Grade 12

### Unit 5 COLOURS

**(ယခင်တစ်ပတ်တွင် ဖော်ပြပါရှိသော မေးခွန်းများ၏ အဖြေများ)**

**Ans:**

**Unit 5 COLOURS**

**V.(2) (A) 1. Pink; 2. Pink; 3. Little finger; 4. Red; 5. In the red; 6. Red tape;**

**(B) 1. When we say someone is pink, it means that he or she has mild left-wing views and is a socialist. 2. Being in the pink means being in the best of health. 3. The message conveyed in the song "Enjoy Yourself" is to enjoy life to the fullest as time is passing quickly. 4. If you're red instead of pink, it means you're a true leftist, a communist. 5. When you see red, it means you are very angry. 6. When a business company is in the red, it means that the company is losing money and is in debt. 7. When a footballer is shown a red card, he is sent off the pitch for violating one of the rules of the game. 8. Rolling out the red carpet is done to welcome and honor VIPs. 9. When someone is caught red-handed, it means they are caught in the act of committing a crime. 10. "Red tape" refers to all those unnecessary rules and regulations which result in delay.**

**V(3) (A) 1. courage; 2. warning; 3. yellow ribbon; 4. Black; 5. black sheep of the family;**

**(B)1. Answer: A person who is considered yellow is described that he lacks courage and is cowardly. 2. Answer: In the USA, a yellow ribbon is a symbol of welcome for those returning home after having undergone danger. 3. Answer: Black holds significance as the most preferred color in the fashion world and as the color of the highest belt awarded in martial arts. 4. Answer: Some examples of mysterious or frightening things associated with the color black include black holes, black magic, and black spirits. 5. Answer: When a company is described as "in the black," it indicates about the company's financial status. 6. Answer: When someone is described as the "black sheep" of the family, it means that he or she distinguishes from the other family members.**

(ယခင်တစ်ပတ်မှ အဆက်)

**V. (4) Read the passage. (Seen Passage)**

Then, do we know that we use colour to express a sense of group identity? We wear uniforms at school, in the army or in the police force to show that we belong to a particular group. We also dress in our favourite sports team colours to say the same thing. And, we will notice that flag colours vary from country to country. The colours of a national flag represent the country's history, beliefs and values, as well as its glorious past and hopeful future. If we see a group of football fans waving their national flags at the stadium, we can guess where they come from.

Are we aware that colour is used as a fast and powerful tool for sending out different messages? The colours of the traffic lights – amber, red, and green – mean slow down, stop, and go respectively. In the world of business, companies always select the colour of their brand very carefully. For instance, a bank uses a calm blue to show that is trustworthy. Advertisers use bright and cheerful colours to say that we will have a brighter future if we use their products.

All in all, we live our lives in colour from our earliest days. Colour has a big part in everything we do. The language we use in daily life is full of colour-related expressions. We also use colour as a badge of identity and as a way of communicating different messages. Thus, we can increase our understanding of the world around us by learning about what colours represent. If there were no colour in the world, we would definitely live a dull life.

**(A)Write the correct word or words to complete each sentence. (5 marks)**

(1) When we express a sense of group identity, _____is used.

(2) School uniforms are worn to show that we belong to a particular ____.

(3) It is noticed that flag colours ____across different countries.

(4) The history, beliefs, and values of a country are reflected by the ____ displayed in its national flag.

(5) The ____of the colours of the traffic lights is to slow down, stop, and go respectively.

(6) Our daily life language is saturated with ____related to colours.

(7) By learning about the _____of colours, we can enhance our understanding of the world around us.

**(B)Answer each question in one sentence. (5 marks)**

1. What is the purpose of wearing uniforms in school, the army, or the police force?
2. What is the representation of the colours of a national flag?
3. What can we guess when we see a group of football fans waving their national flags at the stadium?
4. Why do advertisers use bright and cheerful colours for their products?
5. What would happen to our lives if there were no colour in the world?

********************

**VI. Read the passage. (Unseen Passage)**

During the last 400 years, most scientists have **relied** on mathematics in their development of their inventions or discoveries. However, one great British scientist, Michael Faraday, did not make use of mathematics. Faraday, the son of a poor **blacksmith**, was born in London in 1791 and had no education beyond reading and writing. In 1812, Faraday was hired as a bottle washer by the great chemist Humphry Davy. Later, Faraday became a greater scientist than Davy, making the last years of Davy's life **embittered** with jealousy. Faraday made the first electric motor in 1821, a device that used electricity to produce movement. Then Faraday became interested in the relationship between electricity and **magnetism**. In 1831, he discovered that when a magnet is moved near a wire, electricity flows in the wire. With this discovery he produced a machine for making electricity called a **dynamo**. Faraday then went on to show how electricity affects chemical substances.

**(A) Find the bold - faced words in the passage that are similar in meaning in the following. (5 marks )**

(1) a person who forges iron a. --------
(2) the property of being magnetic b. --------
(3) a machine that converts mechanical power to electrical power c. ----------
(4) trusted or depended d. ----------
(5) hurt or stinging e. ----------

**(B) Answer the following questions. Give completely answers. ( 10 marks )**

(6) When and how have scientists relied on mathematics?
(7) Who got bored with mathematics and what education did he have?
(8) What did Faraday work in 1812 and why did Davy feel embittered with jealousy?
(9) What was invented in 1821 and in what relationship was Faraday interested?
(10) What was the discovery in 1831 of Faraday and how did he make good use of his discovery?

****************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စက်သုံးဆီတင်သင်္ဘောလေးစင်း ဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတင်သင်္ဘော ၁၅ စင်း မကြာမီထပ်မံရောက်ရှိဆိုက်ကပ်မည်

နေပြည်တော် နိုဝင်ဘာ ၁၂

ရန်ကုန်မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင် ၁၄၆ ဆိုင်အနက် အချို့ဆိုင်များ၌ နိုဝင်ဘာ ၁၀ ရက်တွင် ဓာတ်ဆီ 92 RON သည် နေ့စဉ်ပုံမှန်ရောင်းအားထက် ပိုမိုရောင်းအားမြင့်တက်ခဲ့ပြီး ပြည်တွင်းစက်သုံးဆီ သိုလှောင်ထားသည့် Terminal သုံးခုမှ အရောင်းဆိုင်များအားလုံးသို့ ဖြန့်ဖြူးပေးရာတွင် ဖြန့်ဖြူးနိုင်မှုစွမ်းအားအရ အလျင်မမှီခဲ့ခြင်းကြောင့် စက်သုံးဆီ ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရာ ယင်းနေ့ညတွင်းချင်းပင် Urgend စနစ်ဖြင့် ဖြည့်တင်းပေးခဲ့ကြောင်း သိရသည်။

ပြည်တွင်း၌ စက်သုံးဆီလုံလောက်မှုရှိအောင် စီမံဆောင်ရွက်ထားရှိပြီး လက်ရှိတွင် အများသုံး ဓာတ်ဆီဖြစ်သော 92 RON ဂါလန် ၁၃ သန်းကျော်၊ 95 RON ဂါလန် ၃ သန်းကျော်၊ 97 RON ၁ ဒသမ ၄ သန်းကျော်၊ ရိုးရိုးဒီဇယ် ၂၉ သန်းကျော်နှင့် ပရီမီယမ်ဒီဇယ် သန်း ၂၀ ကျော် ကျန်ရှိကြောင်း သိရှိရကာ ပြတ်လပ်မှုမရှိစေရေး အချိန်မီဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ ထို့ပြင် နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင်လည်း ဆီတင်သင်္ဘောလေးစင်း ဆိုက်ကပ်ခဲ့ပြီး ထပ်မံရောက်ရှိလာမည့် ဆီတင်သင်္ဘော ၁၅ စင်းရှိကြောင်းနှင့် ထပ်မံရောက်ရှိလာမည့် ဆီတင် သင်္ဘောများမှ စက်သုံးဆီများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆက်လက်ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သိရသည်။




နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီများ ဖူလုံစွာရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းတွင် မည်သည့်စက်သုံးဆီအမျိုးအစားမဆို အရန် တစ်လစာကျန်ရှိအောင် အမြဲဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကာလသည် ခရီးသွားရာသီဖြစ်၍ ခရီးသွားများနှင့် အများပြည်သူများ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး စက်သုံးဆီတင်သွင်း သိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက အနီးကပ်ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ✪ ကျောဖုံးမှ

ချုပ်ကွက်မိသော်လည်း အချိန်ပြည့်သွားသဖြင့် တတိယအချီ ဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ တတိယအချီတွင် ထီရယ်လ်ထန်က အသာရခဲ့ပြီး ချုပ်ကွက်ဖြင့် ပွဲသိမ်းနိုင်ရန် ကြိုးပမ်းသော်လည်း အိုလန်ရုန်းထွက်နိုင်ခဲ့ပြီး အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အိုလန်အနိုင်ရခဲ့ခြင်းဖြစ်သည်။

ထီရယ်လ်ထန်သည် ONE Championship အဖွဲ့အစည်းနှင့် လမ်းခွဲပြီးနောက်ပိုင်း အခြားတိုက်ခိုက်ရေးအဖွဲ့အစည်းများနှင့် လက်တွဲခဲ့ပြီး ရလဒ်ကောင်းများရယူနိုင်သဖြင့် ချန်ပီယံခါးပတ် စိန်ခေါ်ပွဲထိုးသတ်ခွင့်ရခဲ့ခြင်း ဖြစ်သည်။

**ရှိုင်းထက်ဇော်**

## ❒ နိုင်ငံ့ဂုဏ်ဆောင်

ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်)ဦးဗိုလ်ဌေး၊ မြန်မာနိုင်ငံကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်) ဦးညီညီ၊အတွင်းရေးမှူးနှင့်ကော်မတီဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ အဖွဲ့ချုပ်မှတာဝန်ရှိသူများ၊မိဘဆွေမျိုးမိတ်သင်္ဂဟများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ပြည်သူများကအိုးစည်ဒိုးပတ်အကများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလအားကစားအဖွဲ့သည် Men's Sports Physique( Up to 175 Cm) ပြိုင်ပွဲ၌ ပထမ ရွှေတံဆိပ်ဆုကို ငြိမ်းချမ်းကရရှိခဲ့ပြီး ကာယဗလ ၇၀ ကီလိုတန်းပြိုင်ပွဲ၌ ဒုတိယ ငွေတံဆိပ်ဆုကို ရဲထွန်းနောင်က ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲကိုနိုင်ငံပေါင်း ၄၈ နိုင်ငံမှ အားကစားသမားပေါင်း ၂၉၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ကိုထက်

# ဟိုပုံးမြို့တွင် အမှတ်(၂)နယ်လှည့်ဆက်ဆံရေးတပ်ခွဲက လာရောက်ဖျော်ဖြေ

ဟိုပုံး နိုဝင်ဘာ ၁၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ ဟိုပုံးတပ်နယ်ကွပ်ကဲမှုအောက်ရှိ ကျောင်း၊ တပ်ရင်းများတွင် တာဝန်ထမ်းဆောင်နေကြသော အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစု ဝင်များ၊ သင်တန်းသားများနှင့် ဟိုပုံးမြို့နယ်ရှိ ဌာနဆိုင်ရာဝန်ထမ်းများ စိတ်အပန်းဖြေနိုင်စေရေးအတွက် ယနေ့ည ၇ နာရီက တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းရှိ ဘုရင့်နောင်ခန်းမတွင် အမှတ်(၂) နယ်လှည့်ဆက်ဆံရေးတပ်ခွဲက လာရောက်ဖျော်ဖြေပေးခဲ့ကြကြောင်း သိရသည်။



ထိုသို့ အမှတ်(၂)နယ်လှည့်ဆက်ဆံရေးတပ်ခွဲက ဖျော်ဖြေရာတွင် အဆို၊ အကအလှများ၊ တစ်ခန်းရပ် ပြဇာတ်၊ အငြိမ့်သဘင်၊ Dancer အကများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ အဆိုပါ ဖျော်ဖြေနေမှုများကို ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဇနီး၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်၊ ဟိုပုံးတပ်နယ် ကွပ်ကဲမှုအောက်ရှိ ကျောင်း၊ တပ်ရင်းများတွင်တာဝန်ထမ်းဆောင်နေကြသော အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုဝင်များ၊ သင်တန်းသားများ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့လာရောက်ဖျော်ဖြေပေးခဲ့သော အမှတ်(၂)နယ်လှည့် ဆက်ဆံရေးတပ်ခွဲအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဇနီး၊ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်၊ အရာရှိကြီးများနှင့် သင်တန်းသားများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းတို့က ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

# ညောင်ဦးမြို့နယ်၌ Bagan Temple Run 2023 အပြေးပြိုင်ပွဲ ကျင်းပ

ညောင်ဦး နိုဝင်ဘာ ၁၂

မန္တလေး တိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း Bagan Temple Run 2023 အပြေးပြိုင်ပွဲကို နိုဝင်ဘာ ၁၂ ရက်၊ နံနက် ၆ နာရီက အလိုတော်ပြည့်ဘုရား အရှေ့ဘက်ကွင်းတွင် စတင်တာလွှတ်၍ Bagan Temple Run 2023 အပြေးပြိုင်ပွဲကျင်းပခဲ့ကြောင်း သိရသည်။




Bagan Temple Run 2023 အပြေးပြိုင်ပွဲကို ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်း အပြေးအားကစား လှုပ်ရှားမှုအဖြစ် Runderful Myanmar အပြေးအဖွဲ့နှင့်မြန်မာ့ပြေးခုန်ပစ်အားကစားသမားဟောင်းများ လူမှုရေးအသင်းတို့ ပူးပေါင်းကျင်းပပေးခြင်းဖြစ်ကာ ၁၀ ကီလိုမီတာအပြေးပြိုင်ပွဲနှင့် ၂၁ ကီလိုမီတာအပြေးပြိုင်ပွဲကျင်းပပေးခြင်းဖြစ်ကြောင်း၊ Bagan Temple Run 2023 အပြေးပြိုင်ပွဲစတင်တာလွှတ်ခြင်းအား အလိုတော်ပြည့်ဘုရားမှစတင်တာလွှတ်ပြီး ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းသမိုင်းဝင်အထင်ကရဘုရားများသို့သွားရာ လမ်းကြောင်းများအတိုင်းပြေးခဲ့ကြကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲသို့ ပြည်တွင်းပြည်ပ ပြိုင်ပွဲအပြေးအားကစားသမား ၁၉၀ ဝင်ရောက် ယှဉ်ပြိုင်ကြပြီး အသက်ခုနစ်နှစ်မှ အသက် ၈၂ နှစ်အရွယ်ထိ ပါဝင်ယှဉ်ပြိုင်ကြကြောင်း Runderful Myanmar တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ Bagan Temple Run 2023 ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်၍ ဆုရရှိသူများအား ဆုများနှင့်လက်ဆောင် ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

Bagan Temple Run 2023 အပြေးပြိုင်ပွဲသို့ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးတိုးလွင်နှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် အဖွဲ့ဝင်များ၊ Runderful Myanmar အပြေးအဖွဲ့မှ တာဝန်ရှိသူများ၊ မြန်မာ့ပြေးခုန်ပစ်အားကစားသမားဟောင်းများ၊ လူမှုရေးအသင်းမှ တာဝန်ရှိသူများနှင့်ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

# စစ်တွေမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

စစ်တွေ နိုဝင်ဘာ ၁၂

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်၌ မိုးစပါး တစ်ဧကအထွက်နှုန်း ပိုမိုထွက်ရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက မိုးစပါး သုည ဒသမ ၁၀ ဧကစံကွက် ရိတ်သိမ်းပွဲကို ရွာသစ်ကေကျေးရွာ ကွင်းအမှတ် (၅၇၀)၊ ဦးပိုင်အမှတ် (၉) ကြက်ကိုင်းတန်ကွင်း၊ တောင်သူ ဦးထွန်းဝင်း၏ လယ်မြေတွင် ဆောင်ရွက်ကြသည်။

စံကွက်ရိတ်သိမ်းပွဲသို့ စစ်တွေခရိုင် မိုးစပါးစိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ စစ်တွေခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဝင်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် တောင်သူများ တက်ရောက်ကြသည်။

မိုးစပါးစံကွက် သုည ဒသမ ၁၀ ဧကရိတ်သိမ်းရာ၌ တောင်သူဦးထွန်းဝင်း စိုက်ပျိုးထားရှိသည့် ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်တောင်သူများအတွက် နိုင်ငံတော်မှထောက်ပံ့သော မျိုးစပါး GW–11 အမျိုးအစားကို စံကွက်ရိတ်သိမ်းခြင်းဖြစ်ရာ တစ်ဧကအထွက်နှုန်း အစိုတင်းမှာ ၁၆၄ ဒသမ ၂၅ တင်းထွက်ရှိပြီး အခြောက်တင်း ၁၅၂ ဒသမ ၈၂ တင်းထွက်ရှိကြောင်း သိရသည်။

စစ်တွေမြို့နယ်၌ ၂၀၂၃ – ၂၀၂၄ ဘဏ္ဍာနှစ်အတွင်း မိုးစပါးလျာထားဧက ၂၂၀၀၈ ဧကကိုလျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)


# မြေမီးဖုတ်မြေထည်ရုပ်ကြွယဉ်ကျေးမှုထွန်းကားခဲ့ရာ ပျူမြို့ဟောင်းသရေခေတ္တရာ

**မာန်သစ်ငြိမ်း (ရှေးဟောင်းသုတေသန)**

သရေခေတ္တရာမြို့ဟောင်းသည် ပျူလူမျိုးတို့၏ စိတ်ကူးယဉ်ဆန်သော ဒဏ္ဍာရီလာဇာတ်လမ်းများ၊ ပါးစပ်ရာဇဝင်များဖြင့် ပြည့်နှက်နေသော မြို့ဟောင်းတစ်မြို့ ဖြစ်သည်။ သမိုင်းအစဉ်အလာကြီးမားပြီး အေဒီ၂ ရာစုမှ ၉ ရာစုနှစ်များအတွင်း ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ကြွင်းချန်ထားခဲ့နိုင်သော မြို့တစ်မြို့ ဖြစ်သည်။ ပျူမြို့ဟောင်းတို့တွင် အကြီးဆုံးနှင့် ခမ်းနားစွာ တည်ဆောက်ထားသော သရေခေတ္တရာမြို့ဟောင်းသည် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ်ရှိ နဝင်းမြစ်ဝှမ်းတွင် တည်ရှိသည်။ မြို့ရိုးပုံသဏ္ဌာန်သည် ခပ်ဝိုင်းဝိုင်းဖြစ်ပြီး တောင်မြောက်အချင်း ၄ ဒသမ ၄၄ ကီလိုမီတာ၊ အရှေ့အနောက်အချင်း ၃ ဒသမ ၉၆ ကီလိုမီတာ ကျယ်ဝန်းသည်။ မြို့ကို ကြီးမားသော အုတ်မြို့ရိုးကြီးဖြင့် ကာရံထားကာ မြို့၏အဝန်းအရှည် ၁၃၆၈ ကီလိုမီတာ ရှည်လျားပြီး မြို့၏အရှေ့တောင်ဘက်တွင် မြို့ရိုး သုံးထပ်ကာရံထားသည်။ သရေခေတ္တရာမြို့ရိုးများသည် ကောင်းစွာကျန်ရှိနေကြပြီး အချို့နေရာတွင် ထုထည်ကြီးမားသော မြို့ရိုးတို့မှာ ၄ ဒသမ ၆ မီတာခန့်မြင့်သည်။ သရေခေတ္တရာသည် နဝင်းမြစ်ဝှမ်း၏ အနောက်တောင်ဘက်အစွန်၌ တည်ရှိကာ ကီလိုမီတာ ၃၀၀၀ ပတ်လည်ခန့်ရှိ မြေဩဇာကောင်းမွန်သော နုန်းတင်မြေနု စိုက်ပျိုးရန်မြေလည်းရှိသည်။

**တိုးတက်**

မြို့ရိုးကာရံထားသော သရေခေတ္တရာသည် မြင်ဗာဟုတောင်တန်းနှင့် သဲကုန်းအကြားတွင် တည်ရှိသော အုတ်ရိုးများ၊ ရှေးဟောင်းပစ္စည်းများက အဆိုပါလမ်းကြောင်းကို ပျူခေတ်က အသုံးပြုခဲ့ကြောင်း သက်သေခံလျက်ရှိသည်။ မြို့ဧရိယာ ၁၈၄၀ ဟက်တာ ကျယ်ဝန်းသော သရေခေတ္တရာသည်ပြည်မြို့အရှေ့ဘက် ၅ ဒသမ ၈ ကီလိုမီတာအကွာ၌ တည်ရှိသည်။ ဤဒေသကို တောင်ပိုင်းရှိ စိုစွတ်သောဒေသနှင့် အထက်မြန်မာပြည် အပူပိုင်းဒေသအကြားတွင်ရှိရာ မြေလတ်ဒေသဟု ခေါ်ဝေါ်ခဲ့ကြသည်။ ပျူမြို့ဟောင်း သုံးမြို့လုံးတွင် စိုက်ပျိုးရေးတိုးတက်ဖြစ်ထွန်းခြင်းမှာ ရေလှောင်တမံများ၊ ရေကန်များ၊ ဆည်များ များပြားစွာ တည်ဆောက်နိုင်မှုကြောင့် ဖြစ်သည်။ အထူးသဖြင့် သရေခေတ္တရာမှာ နှစ်စဉ် မိုးရေများစွာရရှိပြီး မြေမျက်နှာပြင်မှာလည်း မြင့်ရာမှ နိမ့်သွားသော ကုန်းကျော၌ တည်ရှိသည်။ နှစ်စဉ် မြင်ဗာဟုတောင်တန်းမှ စီးဆင်းလာသော မိုးရေများသည် လူနေဒေသနှင့် စိုက်ပျိုးမြေများသို့ စီးဝင်လာရာ ထိုရေတို့ကို ထိန်းသိမ်းသိုလှောင်ရန် ကျုံးများ၊ ရေကန်များ၊ ရေမြောင်းများကို မြို့၏ အနောက်တောင်ဘက်နှင့် မြောက်ဘက်မြို့ရိုးအပိုင်းတွင် ဆောက်လုပ်ခဲ့ကြသည်။ ဤရေလှောင်ကန်များသည် စက်ဝိုင်းပြတ်ပုံသဏ္ဌာန်များ ဖြစ်ကြသော်လည်း အများအပြားဆက်သွားသောအခါ ဗဟိုတူစက်ဝိုင်းများသဖွယ် ဖြစ်သွားသည်။ အရှေ့ဘက်ခြမ်းရှိ ရေကန်ကြီးမှာ မြို့ဟောင်း၏ အနိမ့်ဆုံးအပိုင်းတွင် ရေသိုလှောင်ရာ ရေကန်ကြီးတစ်ခု ဖြစ်သည်။ ရှေးဟောင်းသုတေသနလေ့လာမှု အထောက်အထားများအရ ပျူတို့ နှစ်ပေါင်း ၁၀၀၀ ကျော်က ဖန်တီးခဲ့သော မြေခင်းရှုမြင်ကွင်းပုံသဏ္ဌာန် မြို့ပြ၏ မူရင်းတည်နေရာနှင့် ပုံသဏ္ဌာန်တို့မှာ မူရင်းလက်ရာအတိုင်း မပြောင်းလဲဘဲ တည်ရှိခဲ့ကြောင်း တူးဖော်တွေ့ရှိသော ဝတ္ထုပစ္စည်းအထောက်အထားများက ဖော်ပြလျက်ရှိကြသည်။



**ရွှေပေလွှာတို့အပေါ်၌ ဗုဒ္ဓစာပေများ ရေးသားထား**

သရေခေတ္တရာတွင် ပျူတို့သည် ကျောက်ပြားစာများ၊ ပလ္လင်စာများ၊ အိုးစာများ၊ အုတ်ချပ်စာများ စသည်ဖြင့် မှတ်တမ်းတင်ခြင်းအလေ့တွင် အထွတ်အထိပ်ရောက်ရှိခဲ့ကြသည်။ ထို့ပြင် ရွှေပေလွှာတို့အပေါ်၌ ဗုဒ္ဓစာပေများကို ရေးသားထားခဲ့ကြသည်အထိ ယဉ်ကျေးမှုမြင့်မားခဲ့ကြသည်။ မြို့ဝင်ပေါက်များတွင် သုတ္တန်ဒေသနာတို့ကို ကျောက်ပြားပေါ်၌ ရေးထိုးစိုက်ထူထားသည်အထိ ဘာသာရေး အစောင့်အရှောက်အစီအမံများ ပြုလုပ်ခဲ့သည်။ သရေခေတ္တရာမြို့ဟောင်းကို ၁၈၈၀ ပြည့်နှစ်ကတည်းက ကွင်းဆင်းသုတေသနပြုခဲ့သူမှာ ပထမဆုံးရှေးဟောင်းသုတေသန တာဝန်ခံ ဒေါက်တာအီဖိုးချမ်းမား(E.Forchammer)ဖြစ်သည်။ ၁၉၀၇ ခုနှစ်တွင် ပြင်သစ်စစ်ဗိုလ်ချုပ် လီယွန်ဒီဗဲလီယေ(Leon De Beylie)နှင့် ကျောက်စာဝန်မစ္စတာတော်စိန်ခိုတို့ ပူးပေါင်းပြီး ရှေးဟောင်းသုတေသနလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ဦးလူဖေဝင်းနှင့် မွန်စီယာဒူရွိုင်ဇယ်(Monsiear Duroiselle) စသည့် ပုဂ္ဂိုလ်များက ဆက်လက်လုပ်ဆောင်ခဲ့ကြသည်။

**ပျူခေတ်ကာလ၏ အနုလက်ရာများကို ထုတ်ဖော်ပြနေ**

ထိုကဲ့သို့ တူးဖော်မှုများထဲမှ မြေမီးဖုတ်မြေထည်ရုပ်ကြွများသည် သရေခေတ္တရာပျူမြို့ဟောင်း၌ ကြွယ်ဝစွာတွေ့ရှိရသည်။ ထိုမြေမီးဖုတ်မြေထည်ရုပ်ကြွထဲတွင်မှ သရေခေတ္တရာမြို့ဟောင်းအတွင်း ကုလားကန်ကျေးရွာအနီးရှိ ဦးခင်ဘကုန်းမှရရှိသော ရုပ်ကြွများသည် ပျူခေတ်ကာလ၏ အနုလက်ရာများကို ထုတ်ဖော်ပြနေသော အရာများပင်ဖြစ်သည်။ ထို့ပြင် မသီးကျကုန်း (ခေါ်) ဂွေးပင်တက်ကုန်းမှ ရရှိသော မြင်းစီးရုပ်ကြွသည်လည်း တစ်မျိုးတစ်ဖုံ ထူးခြားမှုရှိကြသည်။ ဦးခင်ဘကုန်းမှ တွေ့ရှိရသော မြေမီးဖုတ်များ၌ ရသေ့ပုံစံရုပ်ကြွ၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်နှင့် ပွတ်လုံးတိုင်ပုံစံများ၊ ဖရုံသီးပုံစံများအပြင် အနုလက်ရာလှပသော ပန်းအမွှမ်းများကိုပါ တွေ့ရှိရသည်။ ထို့ပြင် ပေးကမ်းနေသော အမျိုးသမီးမတ်ရပ်ပုံစံ မြေမီးဖုတ်ချပ်တစ်ချပ်နှင့် အောက်မှ လူတစ်ဦးက တောင်းခံနေသည့်ဟန်နှင့် လက်ချနေသည့် လူတစ်ဦးတို့သည် ပလ္လင်ပေါ်တွင် လာလိတာသန(မင်းထိုင်ပုံစံ)ထိုင်နေသောသူတစ်ဦးကို မော်ဖူးနေသည့်ဟန်ရှိသော ကျောက်ချပ်တို့ကို တွေ့ရှိရသည်။ ယခုအချိန်အထိ ထိုပုံတို့မှာ မည်သူတို့၏ ပုံများဖြစ်နိုင်သည်ကို ပညာရှင်များ လေ့လာနေကြဆဲကာလ ဖြစ်သည်။

ပျူတို့၏ စိတ်ကူးစိတ်သန်းတို့မှာ များစွာ ထူးခြားသည့်အပြင် ပဟေဠိဆန်ကြောင်း လေ့လာတွေ့ရှိနိုင်ပေသည်။ ၎င်းတို့၏ ဝတ်စားဆင်ယင်မှုများနှင့် အဆင်တန်ဆာတို့ကိုလည်း နောင်လာနောက်သားများ သိရှိစေလိုရင်း ရည်ရွယ်ချက်ရှိခဲ့ဟန်လည်း တူပေသည်။ ထိုရုပ်ကြွများသည် အေဒီ(၅-၆)ရာစုလောက်မှ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ကို တူးဖော်မှုမှ တွေ့ရှိရသော အခြားအထောက်အထားများနှင့် နှိုင်းယှဉ်မှုအရ လေ့လာသိရှိနိုင်ပေသည်။ သရေခေတ္တရာမြို့ဟောင်းကြီး၌လည်း မြေမီးဖုတ်အုတ်ခွက်ဆင်းတုများ၊ မြေမီးဖုတ်အုတ်ချပ်များလည်း ကောင်းစွာထွန်းကားလျက်ရှိပါသေးသည်။

ထို့ကြောင့် သရေခေတ္တရာပျူလူမျိုးတို့သည် ခမ်းနားကြီးကျယ်ခဲ့သလောက် ဘဝအနေအထိုင်မှာလည်း ရိုးရှင်းစွာနေထိုင်ခဲ့ကြနိုင်ပေသည်။ ကျောက်ဆစ်လက်ရာများ ထွန်းကားခဲ့သလို သံထည်၊ ကြေးထည်များလည်း ထွန်းကားခဲ့သည်။ ထို့ထက် မြေမီးဖုတ်မြေထည်ရုပ်ကြွယဉ်ကျေးမှုများလည်း မြို့ဟောင်းတစ်ခုလုံးတွင် ထင်ထင်ရှားရှား တွေ့ရှိနေရဆဲဖြစ်သည်။ ထိုကဲ့သို့ ယဉ်ကျေးမှုအမွေအနှစ်များ ထွန်းကားခဲ့ရာ ပျူတို့၏ အကြီးဆုံး မြို့တော်ဟောင်းကြီးဆီသို့ အကြောင်းတရားညီညွတ်ပါက တစ်ခါတစ်ခေါက် အရောက်လှမ်း၍ အမျိုးသားယဉ်ကျေးမှုကြီးကို မျက်ဝါးထင်ထင် ရှုမြင်လှည့်ကြစေလိုကြောင်း တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။ ။

> ❝ မြေမီးဖုတ်မြေထည်ရုပ်ကြွထဲတွင်မှ သရေခေတ္တရာမြို့ဟောင်းအတွင်း ကုလားကန်ကျေးရွာအနီးရှိ ဦးခင်ဘကုန်းမှရရှိသော ရုပ်ကြွများသည် ပျူခေတ်ကာလ၏ အနုလက်ရာများကို ထုတ်ဖော်ပြနေသော အရာများပင်ဖြစ်သည်။ ထို့ပြင် မသီးကျကုန်း (ခေါ်) ဂွေးပင်တက်ကုန်းမှရရှိသော မြင်းစီးရုပ်ကြွသည်လည်း တစ်မျိုးတစ်ဖုံ ထူးခြားမှုရှိကြသည်။ ဦးခင်ဘကုန်းမှ တွေ့ရှိရသော မြေမီးဖုတ်များ၌ ရသေ့ပုံစံရုပ်ကြွ၊ မြင်းရုပ်၊ ခြင်္သေ့ရုပ်နှင့် ပွတ်လုံးတိုင်ပုံစံများ၊ ဖရုံသီးပုံစံများအပြင် အနုလက်ရာလှပသော ပန်းအမွှမ်းများကိုပါတွေ့ရှိရ ❞





# ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အားခန့်မှန်းစာရင်းအင်းများအစီရင်ခံစာ

မြန်မာနိုင်ငံ၏အလုပ်အကိုင်နှင့်ပတ်သက်သော **“၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများအစီရင်ခံစာ”** ကို ယခုနှစ်မေလတွင် ဖြန့်ဝေနိုင်ပြီဖြစ်ပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာတွင် စာရင်းအင်းကိန်းဂဏန်းများသည် များစွာအရေးပါကြောင်း အများသိရှိပြီးဖြစ်ပါသည်။ စာရင်းအင်းကဏ္ဍသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်သဖြင့် တိုးတက်ပြောင်းလဲနေသည့်နည်းစနစ်များဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။


**အေးမွန်(လေဘာ)**

အလုပ်သမားဝန်ကြီးဌာနသည် နိုင်ငံ၏အလုပ်သမားရေးရာကိစ္စရပ်များအတွက် အလုပ်သမားရေးရာစာရင်းအင်းများ စဉ်ဆက်မပြတ်ရရှိရန် ဆောင်ရွက်လျက်ရှိပြီး အလုပ်သမားရေးရာစာရင်းအင်းများ၏ အဓိကအရင်းအမြစ်သည် လုပ်သားအင်အားစစ်တမ်းဖြစ်ပါသည်။

**လုပ်သားအင်အားစစ်တမ်း ကောက်ယူ**

လုပ်သားအင်အား စစ်တမ်းကောက်ယူခဲ့မှုသမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာမည်ဆိုပါက လုပ်သားအင်အားနမူနာစစ်တမ်းကို ရန်ကုန်မြို့နှင့် ချောက်မြို့တို့တွင် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ International Labour Organization (ILO) အကူအညီဖြင့် ၁၉၅၇ ခုနှစ်တွင်လည်းကောင်း၊ တစ်နိုင်ငံလုံး လွှမ်းခြုံမှုရှိသော မြန်မာနိုင်ငံ လုပ်သားအင်အားစစ်တမ်းတစ်ရပ်ကို United Nations Development Programme (UNDP)၊ United Nations Population Fund (UNFPA) နှင့် ILO တို့၏ နည်းပညာငွေကြေးအကူအညီတို့ဖြင့် ၁၉၉၀ ပြည့်နှစ်တွင်လည်းကောင်း ကောက်ယူနိုင်ခဲ့ပါသည်။ အဆိုပါစစ်တမ်းများကောက်ယူပြီးနောက်ပိုင်းတွင် လုပ်သားအင်အားစစ်တမ်းများကို ကောက်ယူနိုင်ခဲ့ခြင်းမရှိဘဲ ခန့်မှန်းလုပ်သားအင်အားစာရင်းများကိုသာ အသုံးပြုခဲ့ပါသည်။ ထို့နောက် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီးလုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်းကို ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်နိုင်ခဲ့ပါသည်။ ထို့ပြင် အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရန် အိမ်ထောင်စုများ၏ နေထိုင်စားသောက်စရိတ်အခြေအနေစစ်တမ်းကို ထိုနှစ်မှာပင် ကောက်ယူ၍ ထိုစစ်တမ်းပေါ်တွင် အခြေခံပြီး အနည်းဆုံးအခကြေးငွေကို သတ်မှတ်နိုင်ခဲ့ပါသည်။ လုပ်သားအင်အား စစ်တမ်းကောက်ယူခြင်းလုပ်ငန်းကို ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ်အထိ တစ်နှစ်လျှင် နှစ်ကြိမ် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် နှစ်စဉ်ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် လုပ်သားအင်အားစစ်တမ်းကောက်ယူခြင်းကို ပထမအကြိမ်အထိသာ ကောက်ယူနိုင်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် စစ်တမ်း (ဒုတိယအကြိမ်)မှစ၍ စာရင်းကောက်ယူမှုကို ရပ်နားခဲ့ရပါသည်။

လုပ်သားအင်အားစာရင်းအင်းများ စဉ်ဆက်မပြတ်ရရှိရေး ရှေးရှုလျက် ၂၀၂၂ ခုနှစ် နှစ်စဉ် လုပ်သားအင်အားစစ်တမ်းကို ကွင်းဆင်းကောက်ယူနိုင်ရေးဆောင်ရွက်ရန် လျာထားခဲ့သော်လည်း ကောက်ယူရမည့် နမူနာစာရင်းကောက်ကွက်အချို့တွင် နယ်မြေအခြေအနေအရ ကွင်းဆင်းကောက်ယူရန် အခက်အခဲများရှိခဲ့သဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်သူ့အင်အားဦးစီးဌာနနှင့် ဆွေးနွေးညှိနှိုင်းကာ အသင့်လျော်ဆုံးနည်းလမ်းဖြစ်သည့် လုပ်သားအင်အားစာရင်းအင်းများကို ခန့်မှန်းတွက်ချက်ခြင်း (Projection) နည်းလမ်းသုံးရန် ဆုံးဖြတ်ခဲ့ပြီး




မိတ္ထီလာစီးပွားရေးတက္ကသိုလ် စာရင်းအင်းပညာဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့အတွက် လုပ်သားအင်အားစာရင်းအင်းများကို ခန့်မှန်းတွက်ချက်ဖော်ထုတ်၍ အစီရင်ခံစာရေးသားထုတ်ပြန်နိုင်ရန် မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့် Nay Pyi Taw State Academy စာရင်းအင်းပညာဌာနတို့မှ ပါမောက္ခဆရာ၊ ဆရာမကြီးများက ဝန်ထမ်းများကို ၁၀-၁၀-၂၀၂၂ ရက်နေ့မှ ၃၀-၁၁-၂၀၂၂ ရက်နေ့အထိ နည်းပညာသင်တန်းပို့ချပေးခဲ့ပါသည်။ ၉-၁-၂၀၂၂ ရက်နေ့မှ ၂၀-၃-၂၀၂၃ ရက်နေ့အထိ အစီရင်ခံစာရေးသားဆောင်ရွက်ခဲ့ပါသည်။

**ခန့်မှန်းတွက်ချက်**

၂၀၂၀ ပြည့်နှစ်၊ ၂၀၂၁ ခုနှစ်၊ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်တို့အတွက် လုပ်သားအင်အားစာရင်းအင်းများ ခန့်မှန်းတွက်ချက်ခဲ့ခြင်းကို ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်း၊ ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံလုပ်သားအင်အား၊ ကလေးလုပ်သားနှင့် ကျောင်းအပြီး လုပ်ငန်းခွင်ဝင်ရောက်မှု အကူးအပြောင်းဆန်းစစ်ခြင်းစစ်တမ်း၊ ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်နှင့် ၂၀၁၉ ခုနှစ် လုပ်သားအင်အားစစ်တမ်းများမှ အချက်အလက်များ အခြေခံ၍ တွက်ချက်ခဲ့ပါသည်။

ထို့ပြင် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးဗဟိုကော်မတီမှ စစ်တမ်းများနှင့် စာရင်းအင်းဆိုင်ရာ စံသတ်မှတ်ချက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ စာရင်းအင်းဆိုင်ရာ ကျွမ်းကျင်သူများကို ဖိတ်ကြား၍ ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ (မူကြမ်း) ကို ၂၄-၂-၂၀၂၃ ရက်နေ့တွင် ရှင်းလင်းတင်ပြ၍ အကြံပြုဆွေးနွေးချက်များရယူပြီး လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။

၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာတွင် အခန်း (၈) ခန်းပါဝင်ပြီး ခန့်မှန်းတွက်ချက်နည်း (Projection Method) ဖြင့် တွက်ချက်ရာ၌ အသုံးပြုခဲ့သော နောက်ခံအကြောင်းအရာများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ လုပ်သားအင်အား ပါဝင်မှုနှုန်း (Labour Force Participation Rate)၊ လုပ်သားအင်အား (Labour Force)၊ အလုပ်အကိုင်နှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လက်ရှိ (Employment)၊ အလုပ်လက်မဲ့နှုန်း (Unemployment Rate) များနှင့် ခန့်မှန်းတွက်ချက်ခြင်းနည်းများကို အသေးစိတ်ဖော်ပြထားပါသည်။

**SPSS software ကို အသုံးပြု၍ ကြိမ်ဖန်များစွာတွက်ချက်**

စာရင်းအင်းများ ခန့်မှန်းတွက်ချက်ရာတွင် နည်းပညာကျွမ်းကျင်သော စာရင်းအင်းပညာဌာနမှ ပါမောက္ခဆရာ၊ ဆရာမကြီးများက စာရင်းအင်းများကို လက်တွေ့အခြေအနေနှင့် အနီးစပ်ဆုံးဖြစ်စေရေး၊ ခိုင်မာမှုဖြစ်စေရေးတို့အတွက် လက်ရှိကာလအခြေအနေကို ထည့်သွင်းစဉ်းစားခြင်း၊ ၂၀၂၀ ပြည့်နှစ် လုပ်သားအင်အားစစ်တမ်း ပထမအကြိမ်ရလဒ်များနှင့် နှိုင်းယှဉ်ခြင်းဖြင့် အသင့်လျော်ဆုံး model များဖြစ်စေရန် လမ်းညွှန်မှုပေးခဲ့၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လုပ်သားအင်အားကောက်ယူပြုစုရေးဌာနခွဲမှ ဝန်ထမ်းများက စာရင်းအင်း software တစ်ခုဖြစ်သော SPSS software ကို အသုံးပြု၍ ကြိမ်ဖန်များစွာ တွက်ချက်ပေးခဲ့ပါသည်။

ထို့ကြောင့် ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာသည် လက်တွေ့လုပ်ငန်းနယ်ပယ်နှင့် စာရင်းအင်းပညာဘာသာရပ်နယ်ပယ်တို့ ပူးပေါင်းဆောင်ရွက်ခြင်း၏ အောင်မြင်မှု နမူနာကောင်းတစ်ရပ်ဟု မှတ်ယူနိုင်ပါသည်။

ဤ ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာပါ ကိန်းဂဏန်းအချက်အလက်များကို သုတေသနပြုသူများ၊ ပြည်တွင်း/ ပြည်ပမှ စာတမ်းပြုစုမည့် ဘွဲ့ယူကျောင်းသားကျောင်းသူများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ၊ အထူးသဖြင့် အလုပ်အကိုင်နှင့် အလုပ်သမားရေးရာ မူဝါဒများ၊ စီမံကိန်းများချမှတ်ခြင်းများတွင် ထိရောက်စွာအသုံးပြုနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အား ခန့်မှန်းစာရင်းအင်းများ အစီရင်ခံစာကို ဝန်ကြီးဌာနများ၊ စာရင်းအင်းဆိုင်ရာဌာနများနှင့် စာကြည့်တိုက်များသို့ ဖြန့်ဝေသွားမည်ဖြစ်ကြောင်းနှင့် အလုပ်သမားဝန်ကြီးဌာန၏ www.mol.gov.mm website တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း စာရင်းအင်းအသုံးပြုသူများ၊ မူဝါဒရေးဆွဲသူများ၊ ဗဟုသုတရှာမှီးသူများ၊ သုတေသီပညာရှင်များအားလုံးအတွက် ဖော်ပြလိုက်ရပါသည်။ ။

**“၂၀၂၀-၂၀၂၃ ခုနှစ် လုပ်သားအင်အားခန့်မှန်းစာရင်းအင်းများအစီရင်ခံစာတွင် အခန်း (၈) ခန်းပါဝင်ပြီး ခန့်မှန်းတွက်ချက်နည်း (Projection Method) ဖြင့် တွက်ချက်ရာ၌ အသုံးပြုခဲ့သောနောက်ခံအကြောင်းအရာများ၊ အဓိပ္ပာယ်သတ်မှတ်ချက်များ၊ လုပ်သားအင်အားပါဝင်မှုနှုန်း (Labour Force Participation Rate)၊ လုပ်သားအင်အား (Labour Force)၊ အလုပ်အကိုင်နှင့် လုပ်ငန်းအမျိုးအစားအလိုက် အလုပ်လက်ရှိ (Employment)၊ အလုပ်လက်မဲ့နှုန်း (Unemployment Rate) များနှင့် ခန့်မှန်းတွက်ချက်ခြင်းနည်းများကို အသေးစိတ်ဖော်ပြထား”**

## မြဝတီမြို့၌ အခြေခံပညာကျောင်းသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး စခန်းသွင်းလေ့ကျင့်ပေးမည်

မြဝတီ နိုဝင်ဘာ ၁၂

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပြည်နယ်အဆင့် အခြေခံပညာကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော် သွားရောက်ယှဉ်ပြိုင်နိုင်ရေး စခန်းသွင်းလေ့ကျင့်ရန်အတွက် မြို့နယ်အဆင့် အားကစားသမား ရွေးချယ်ပွဲကို နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်အထိ မြဝတီမြို့ မြို့မအားကစားကွင်း၌ ဆောင်ရွက်သည်။

အဆိုပါအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး မြဝတီမြို့နယ်အတွင်း အခြေခံပညာကျောင်းများမှ အားကစားသမားများကို အားကစားနည်းခုနစ်မျိုးဖြင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး ဦးဆောင်သော ရွေးချယ်ရေးအဖွဲ့များက အသင်းလိုက်အောင်နိုင်ရေးအတွက် စနစ်တကျ ရွေးချယ်ပေးပြီး စခန်းသွင်းလေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။

ယင်းသို့ ပြည်နယ်အဆင့် အခြေခံပညာ ကျောင်းသားအားကစားပွဲတော် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျောင်းသားကျောင်းသူများ အချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိ၍ စုပေါင်းဆောင်ရွက်တတ်သော အလေ့အကျင့်ကောင်းများ ရရှိလာကာ အားကစားနည်းလေ့လာလိုက်စားခြင်းဖြင့် မျိုးဆက်သစ်လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး စနစ်သစ်ပညာရေးတွင် ဘက်စုံထူးချွန်ထက်မြက်လာမည်ဖြစ်ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)



# ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို ဘယ်အသင်းတွေ တက်လှမ်းလာဦးမလဲ

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်(၄)ယှဉ်ပြိုင်ကစားပြီးချိန်မှာ ကစားဖို့ နှစ်ပွဲအလိုမှာပဲ (၁၆)အသင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တဲ့အသင်း ခြောက်သင်းအထိ ထွက်ပေါ်ခဲ့ပြီဖြစ်ပါတယ်။ အဲဒီအသင်းတွေကတော့ လက်ရှိချန်ပီယံမန်စီးတီး၊ လိုက်ပ်ဇစ်၊ ဘိုင်ယန်မြူးနစ်၊ အင်တာမီလန်၊ ရီးယဲလ်မက်ဒရစ်နဲ့ ရီးယဲလ်ဆိုစီဒက်အသင်းတို့ပဲဖြစ်ပါတယ်။ လက်ရှိအချိန်မှာ အင်္ဂလန်ကလပ်အသင်းတွေဖြစ်တဲ့ အာဆင်နယ်၊ မန်ယူနဲ့ နယူးကာဆယ်တို့ဟာ ရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ ချန်ပီယံလိဂ်အုပ်စုအဆင့် အုပ်စု ရှစ်အုပ်စုရှိရာမှာ တစ်အုပ်စုစီက ထိပ်ဆုံးနှစ်သင်းဟာ ရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိမှာဖြစ်ပြီး အုပ်စုအဆင့်တတိယနေရာကအသင်းဟာ ယူရိုပါလိဂ်မှာ ဝင်ရောက်ကစားခွင့်ရရှိမှာဖြစ်ကာ အုပ်စုအဆင့်စတုတ္ထနေရာကအသင်းကတော့ ဥရောပပြိုင်ပွဲကို လက်ပြနှုတ်ဆက်ရမှာ ဖြစ်ပါတယ်။

### အုပ်စု(A)

ဒီအုပ်စုမှာတော့ ဘိုင်ယန်မြူးနစ်အသင်းက အုပ်စုအဆင့်ပွဲစဉ်(၄)မှာ ဂါလာတာစာရေးအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် ကစားဖို့နှစ်ပွဲအလိုမှာ ရမှတ် ၁၂ မှတ်နဲ့ ချန်ပီယံလိဂ်ရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီ ဖြစ်ပါတယ်။ မန်ယူအသင်း၊ ကိုပင်ဟေဂင်အသင်းနဲ့ ဂါလာတာစာရေးအသင်းတို့ကတော့ (၁၆)သင်းအဆင့်တက်ဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ နိုဝင်ဘာ ၂၉ ရက်မှာ ဂါလာတာစာရေးအသင်းကို ရှုံးနိမ့်ခဲ့ရင် ပြိုင်ပွဲကနေ ထွက်ရတော့မှာဖြစ်ပါတယ်။ မန်ယူအသင်းအနေနဲ့ လက်ကျန်ပွဲစဉ်နှစ်ပွဲစလုံး အနိုင်ရရှိခဲ့မယ်ဆိုရင်တောင် ကိုပင်ဟေဂင်က နှစ်ပွဲစလုံးအနိုင်ရရှိခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်မယ့်အခွင့်အရေးနဲ့ လွဲချော်ရမှာ ဖြစ်ပါတယ်။

### အုပ်စု(B)

အာဆင်နယ်အသင်းဟာ ဒီအုပ်စုမှာ ရမှတ်ကိုးမှတ်ရရှိထားတာဖြစ်ပြီး နိုဝင်ဘာ ၂၉ ရက်မှာ လန်းစ်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် အုပ်စုပထမနဲ့ ရှုံးထွက်အဆင့်တက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့ အာဆင်နယ်အသင်းအနေနဲ့ လန်းစ်အသင်းကို အနိုင်ရပြီး ဆီဗီလာအသင်းက ပီအက်စ်ဗွီအသင်းကို အနိုင်ရမှသာ နောက်တစ်ဆင့်တက်ဖို့ ပိုမိုသေချာစေမှာ ဖြစ်ပါတယ်။ လက်ရှိအချိန်မှာတော့ ပီအက်စ်ဗွီအသင်း၊ လန်းစ်အသင်းနဲ့ ဆီဗီလာအသင်းတို့ကတော့ နောက်တစ်ဆင့်တက်ဖို့ ရုန်းကန်နေရဆဲဖြစ်ပါတယ်။

### အုပ်စု(C)

ရီးယဲလ်မက်ဒရစ်အသင်းကတော့ အုပ်စုအဆင့် ပွဲစဉ်(၄)မှာ စပို့တင်းဘရာဂါကို အနိုင်ရရှိခဲ့ပြီးနောက် ရှုံးထွက်အဆင့်ကို (၂၆)ကြိမ်မြောက် တက်လှမ်းခွင့်ရရှိထားတဲ့အသင်း ဖြစ်ပါတယ်။ ဒီအုပ်စုမှာ ကျန်တဲ့သုံးသင်းဖြစ်တဲ့ နာပိုလီ၊ စပို့တင်းဘရာဂါနဲ့ ယူနီယံဘာလင်တို့ဟာ နောက်တစ်ဆင့်တက်ဖို့ ကြိုးစားနေရဆဲဖြစ်ပြီး နာပိုလီအသင်းကတော့ နိုဝင်ဘာ ၂၉ ရက်မှာ ရီးယဲလ်မက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့မယ်ဆိုရင် ရှုံးထွက်အဆင့်တက်ဖို့ သေချာသွားမှာ ဖြစ်ပါတယ်။

### အုပ်စု(D)

ရီးယဲလ်ဆိုစီဒက်အသင်းနဲ့ အင်တာမီလန်အသင်းတို့ကတော့ အုပ်စုအဆင့် ပွဲစဉ်(၄)မှာ နိုင်ပွဲအသီးသီးရရှိပြီးကတည်းက ရှုံးထွက်အဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပြီး လက်ကျန်ပွဲစဉ် နှစ်ပွဲက အုပ်စုပထမနေရာနဲ့ ဘယ်အသင်းတက်လှမ်းမလဲဆိုတဲ့ အဆုံးအဖြတ်ဖြစ်ပါတယ်။ ဆဲလ်ဘတ်အသင်းနဲ့ ဘင်ဖီကာအသင်းတို့အတွက်ကတော့ လက်ကျန်နှစ်ပွဲဟာ ယူရိုပါလိဂ်မှာ ဝင်ရောက်ကစားရမှာလားဆိုတာနဲ့ ဥရောပပြိုင်ပွဲကို လက်ပြနှုတ်ဆက်ရမလားဆိုတဲ့ အဆုံးအဖြတ်ပွဲစဉ်တွေပဲ ဖြစ်ပါတယ်။

### အုပ်စု(E)

ဒီအုပ်စုမှာ ဆဲလ်တစ်အသင်းက လေးပွဲကစားပြီးချိန်မှာ ရမှတ်တစ်မှတ်သာရရှိထားလို့ ၂၀၁၂-၂၀၁၃ ဘောလုံးရာသီနောက်ပိုင်း ချန်ပီယံလိဂ် ရှုံးထွက်အဆင့်ကို တက်လှမ်းဖို့မသေချာမှုတွေနဲ့ ရင်ဆိုင်နေရတဲ့အသင်း ဖြစ်ပါတယ်။ အက်သလက်တီကိုမက်ဒရစ်က ရှစ်မှတ်၊ လာဇီယိုက ခုနစ်မှတ်နဲ့ ဖီယင်နုက ခြောက်မှတ်ရရှိထားလို့ ဒီသုံးသင်းကတော့ ရှုံးထွက်အဆင့်တက်လှမ်းဖို့ လက်ကျန်ပွဲစဉ်နှစ်ပွဲမှာ အနိုင်ရရှိရေး ကြိုးစားရဦးမှာဖြစ်ပါတယ်။ ဆဲလ်တစ်အသင်းအနေနဲ့ လက်ကျန်နှစ်ပွဲစလုံးနိုင်ပြီး လာဇီယိုနဲ့ ဖီယင်နုက အက်သလက်တီကိုမက်ဒရစ်ကို နှစ်ပွဲစလုံးရှုံးမှသာ နောက်တစ်ဆင့်တက်လှမ်းခွင့်ရရှိမှာ ဖြစ်ပါတယ်။

### အုပ်စု(F)

နယူးကာဆယ်အသင်းဟာ နိုဝင်ဘာ ၂၈ ရက်မှာ ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်မယ်ဆိုရင် (၁၆)သင်းအဆင့်တက်ဖို့ ခက်သွားမှာဖြစ်ပါတယ်။ ဒီအုပ်စုမှာ ဒေ့ါမွန်က ခုနစ်မှတ်၊ ပီအက်စ်ဂျီက ခြောက်မှတ်၊ အေစီမီလန်က ငါးမှတ်နဲ့ နယူးကာဆယ်က လေးမှတ်ရရှိထားတာဖြစ်လို့ ဒီလေးသင်းရဲ့ နောက်တစ်ဆင့်တက်လှမ်းမယ့်အခွင့်အရေးက လက်ကျန်ပွဲစဉ်နှစ်ပွဲစလုံးက အရေးပါနေပါတယ်။ လာမယ့်ပွဲစဉ်မှာ ဒေ့ါမွန်နဲ့ ပီအက်စ်ဂျီတို့ နိုင်ပွဲကိုယ်စီရရှိခဲ့မယ်ဆိုရင် နောက်တစ်ဆင့်တက်ရေး အခွင့်အလမ်းက ဒီနှစ်သင်းအတွက်ပဲဖြစ်လာမှာပဲ ဖြစ်ပါတယ်။

### အုပ်စု(G)

လက်ရှိချန်ပီယံမန်စီးတီးအသင်းနဲ့ လိုက်ပ်ဇစ်အသင်းတို့က အုပ်စုအဆင့်ပွဲစဉ်(၄)အပြီးမှာပဲ ရှုံးထွက်အဆင့်ကို တက်လှမ်းသွားခဲ့ပြီးဖြစ်ပါတယ်။ ဒါပေမဲ့ အုပ်စုပထမနေရာနဲ့ ဘယ်အသင်း တက်လှမ်းမလဲဆိုတာတော့ လက်ကျန်နှစ်ပွဲက အဆုံးအဖြတ်ဖြစ်ပြီး ဘဲလ်ဂရိတ်အသင်းနဲ့ ယန်းဘွိုင်းစ်အသင်းတို့အတွက်တော့ လက်ကျန်နှစ်ပွဲက ယူရိုပါလိဂ်ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမလား၊ ဥရောပပြိုင်ပွဲကနေ နှုတ်ဆက်သွားရမလားဆိုတာ အဆုံးအဖြတ်ဖြစ်လာမှာပဲဖြစ်ပါတယ်။

### အုပ်စု(H)

အုပ်စုအဆင့်ပွဲစဉ်(၄)အပြီးမှာ ဘာစီလိုနာက ကိုးမှတ်၊ ပေါ်တိုက ကိုးမှတ်နဲ့ ရှက်တာဒိုးနက်စ်က ခြောက်မှတ်ရရှိထားလို့ ဒီသုံးသင်းအတွက် လက်ကျန်နှစ်ပွဲက ဘယ်အသင်း နောက်တစ်ဆင့်တက်လှမ်းခွင့်ရမလဲဆိုတဲ့အဖြေဖြစ်ပြီး ရိုင်ယယ်အန်ဝါ့ပ်အသင်းရဲ့ ချန်ပီယံလိဂ်နောက်တစ်ဆင့်တက်လှမ်းရေး မျှော်လင့်ချက်ကတော့ ကုန်ဆုံးသွားခဲ့ပြီဖြစ်ပါတယ်။

ချန်ပီယံလိဂ်အုပ်စုအဆင့်ပွဲစဉ်တွေပြီးဆုံးဖို့ နှစ်ပွဲသာလိုတော့တာဖြစ်ပြီး အဲဒီနှစ်ပွဲမှာ ဘယ်အသင်းတွေက အကောင်းဆုံးရလဒ်ဆောင်ကြဉ်းပြီး ရှုံးထွက်အဆင့်တက်လှမ်းသွားမလဲ၊ ယူရိုပါလိဂ်နဲ့ ဘယ်အသင်းတွေ ကျေနပ်ရမလဲဆိုတာနဲ့ ဥရောပပြိုင်ပွဲကနေ ဘယ်အသင်းတွေ လက်ပြနှုတ်ဆက်သွားရမလဲဆိုတာ ဒီဇင်ဘာလအတွင်းမှာ အဖြေတစ်ခု ထွက်ပေါ်လာတော့မှာ ဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

## အမ်ဘတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ နိုင်ပွဲရပြီး ဇယားထိပ်ကို ဦးဆောင်ခွင့်ရရှိခဲ့တဲ့ ပီအက်စ်ဂျီ

ပြင်သစ်ပထမတန်းပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် နိုဝင်ဘာ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ရိမ်းစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းက တိုက်စစ်မှူး အမ်ဘတ်ပီရဲ့ ဟက်ထရစ်သွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ပီအက်စ်ဂျီအသင်းဟာ အမှတ်ပေးဇယားထိပ်ဆုံးကို ဦးဆောင်ခွင့်ရရှိခဲ့ပါတယ်။

### သွင်းယူပေးခဲ့

ရိမ်းစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်မှာ ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးတွေကို တိုက်စစ်မှူး အမ်ဘတ်ပီက ပွဲကစားချိန် သုံးမိနစ်၊ ၅၉ မိနစ်နဲ့ ၈၂ မိနစ်တို့မှာ သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် နောက်ဆုံး ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်ပထမတန်းပြိုင်ပွဲ ပွဲစဉ်ရှစ်ပွဲမှာ ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီး ယခုဘောလုံးရာသီမှာ တစ်ပွဲသာရှုံးပွဲကြုံတွေ့သေးတဲ့အသင်းအဖြစ်လည်း မှတ်တမ်းဝင်ထားတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ပီအက်စ်ဂျီအသင်းဟာ ပွဲစဉ်(၁၂)ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရှစ်ပွဲနိုင်၊ သုံးပွဲသရေ၊ တစ်ပွဲရှုံး ရမှတ် ၂၇ မှတ်နဲ့ အမှတ်ပေးဇယား ဒုတိယနေရာက နိုက်စ်အသင်းကို တစ်မှတ်ဖြတ်ကာ ဇယားထိပ်ဆုံးမှာ ဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ ရိမ်းစ်အသင်းကတော့ ပီအက်စ်ဂျီအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ရမှတ် ၂၀ နဲ့ အမှတ်ပေးဇယား အဆင့်(၄)နေရာမှာ ရပ်တည်နေတာ ဖြစ်ပါတယ်။





## ဘွန်ဒက်လီဂါအဖွင့်ပွဲစဉ်(၁၁)ပွဲမှာ ၁၇ ဂိုးသွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားဖြစ်လာတဲ့ ဟယ်ရီကိန်း

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဘွန်ဒက်လီဂါပြိုင်ပွဲရဲ့ အဖွင့်ပွဲစဉ်(၁၁)ပွဲမှာ သွင်းဂိုး ၁၇ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ ပထမဆုံးကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ပြီ ဖြစ်ပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ နိုဝင်ဘာ ၁၁ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ဟေဒင်ဟိမ်းအသင်းတို့ပွဲစဉ်မှာလည်း သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ဟေဒင်ဟိမ်းအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီနိုင်ပွဲကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ လေဗာကူဆင်အသင်း ဘွန်ဒက်လီဂါပွဲစဉ်(၁၁)ပွဲမယှဉ်ပြိုင်မီ အမှတ်ပေးဇယားထိပ်ကို ယာယီဦးဆောင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ဟယ်ရီကိန်းဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ ရာသီအစပွဲစဉ်(၁၁)ပွဲမှာ ၁၇ ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ၂၀၁၉ ဘောလုံးရာသီက ရာသီအစ ၁၁ ပွဲမှာ သွင်းဂိုး ၁၆ ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး လီဝန်ဒိုစကီးရဲ့ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ပြီလည်း ဖြစ်ပါတယ်။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၈-၁၁-၂၀၂၃ ရက်မှအဆက်

"မင်းလို ထန်းရည်မပြောနဲ့၊ ဆေးလိပ်တောင် မသောက်တဲ့လူနဲ့ အသောက်အစားအကြောင်း ပြောရတာတော့ တယ်မနိပ်ပါဘူးကွာ" ဟု ညည်းညူလိုက်သည်။

"ဒီလိုပဲပြောကြတာပဲ မောင်ရင်"

"ဒီမှာ အေးဆွေရ၊ ငါ ဒီလောက်သောက်ချင်လို့ ဆင်ခြေကန်နေတာ မဟုတ်ပါဘူး။ ငါလို အမှုထမ်းတစ်ယောက်အနေနဲ့ သောက်ချင်ရင် ဝယ်တောင် သောက်နေစရာ မလိုပါဘူး။ ဆိုင်ထဲဝင်သွားတာနဲ့ တိုက်မယ့်လူက အဆင်သင့်။ ဒါပေမဲ့ ဘယ်တော့မှ တိုက်တိုင်း မသောက်ဘူး။ အခြေအနေကြည့်ပြီး တော့မှသာ ဝင်ရောတဲ့သဘောနဲ့ သောက်တာ။ ကိုယ်က ဝယ်တိုက်သင့်တဲ့လူကို ဝယ်တိုက်ရတာ။ ကိုယ်သောက်တာကတော့ တစ်ခွက် နှစ်ခွက်ပဲ"

"ဘာလဲကွ၊ ပီပါကိုင်းတပ်ထားတဲ့ ခွက်နဲ့လား"

လှကြည်မှာ ကိုအေးဆွေ၏ ဝင်နှောက်လိုက်သော စကားကြောင့် ပြုံးလိုက်သည်။ ပြီးမှ-

"အေးလေ၊ ငါက ထန်းရည်ပဲဖြစ်ဖြစ်၊ အရက်ပဲဖြစ်ဖြစ် ကြိုက်လို့သောက်တာမှမဟုတ်ပဲ။ ပေါင်းသင်းဆက်ဆံရေးအရ အခြေအနေကြည့်ပြီး ဝင်ရောနေတာ ကိုရင်၊ ဘယ်တော့မှ အလွန်အကျွံ မသောက်ဘူး။ တစ်ဦးနဲ့တစ်ဦး မိတ်မပျက်ရုံပဲ။ ခုဟာကတော့ မင်းဆီကို တမင်သက်သက် အလည်လာချင်တာနဲ့၊ ပြီးတော့ ပင်ကျရည်စစ်စစ်ကို သောက်ချင်လို့ကွ။ တည်လောင်း ထန်းရည်ခါးတွေကတော့ မြို့ပေါ်မှာ ပေါသပေါ့ကွာ"

လှကြည်ပြောသကဲ့သို့ တည်လောင်း ဖောက်ရည် ထန်းရည်ခါးသည် နေရာတကာတွင် ပေါသော်လည်း ပင်ကျရည် ထန်းရည်ခါးစစ်စစ်ကိုမူ သောက်ချင်တိုင်း ရှာမရပေ။ ထန်းတက်နေသော ထန်းတောပိုင်းတွင်ပင် ထန်းတောတိုင်းမှာ ရှာမရပေ။ ရှားပါးလှသည်။ ထန်းတက်သူကိုယ်တိုင်က ထန်းရည်ခါးကို သောက်တတ်သူ၊ ကြိုက်တတ်သူဖြစ်ပါမှ ထန်းသမားသောက်အဖြစ် အထူးစီမံ ဖောက်ယူထားရသော ထန်းရည်ခါး ဖြစ်ပေသည်။

"မင်းသိတဲ့အတိုင်း တည်လောင်း ဖောက်ရည်တွေက မကောင်းဘူးကွ။ ဥပဒ်မကင်းဘူး။ ပင်ကျရည်ကမှ ဥပဒ်ကင်းပြီး ကျန်းမာရေးနဲ့ညီညွတ်တာ၊ အာဟာရဖြစ်တာ"

လှကြည်၏စကားကြားလျှင် ကိုအေးဆွေသည် အားရပါးရကြီး ရယ်မောပစ်လိုက်ပြန်သည်။

"ဒီမှာလှကြည်ရ၊ ပင်ကျရည်သောက်တိုင်းလည်း ကျန်းမာရေးနဲ့ ညီညွတ်ပြီး အာဟာရမဖြစ်ပါဘူး။ တန်ရင်ဆေး လွန်ရင်ဘေးကွ။ ဘာတဲ့ယောအတွင်းဝန် ဦးဘိုးလှိုင်က ဥတုဘောဇန သင်္ဂဟကျမ်းမှာ ရေးခဲ့တာ။ "ဧကော တစ်ခွက်သောက်မူ၊ ဝါယော လေနိုင်၏။ ဒွေးကော နှစ်ခွက်သောက်မူ၊ ပဏ္ဍိတော ပညာရှိ၏။ တရိကော သုံးခွက်သောက်မူ၊ သူရောရဲရင့်၏။ စတုကော လေးခွက်သောက်မူ၊ ဗျတ္တေါ ကျားကဲ့သို့ ဖြစ်စေ၏။ ပဥ္စကော ငါးခွက်သောက်မူကား သုနက်ခေါ် ခွေးဖြစ်၏" တဲ့။ အဲဒါ ငါက ထပ်ပြီးဖြည့်လိုက်ချင်တယ်။ "ဆဋ္ဌကော ခြောက်ခွက်သောက်မူ၊ ဥမ္မတကော အရူးဖြစ်၏လို့"

"ဟား ဟား ဟား"

ကိုအေးဆွေ၏ စာပေသံဖြင့် ဇာတ်ပွဲထဲကမင်းသားကြီး ဟန်ပါပါရွတ်ဆိုပြလိုက်မှုကြောင့် လှကြည်သည် အားရပါးရအော်ဟစ်၍ ရယ်မောလိုက်လေသည်။

"အောင်မယ်လေး အေးဆွေရာ၊ ငါက မင်းဟာ စုပေါင်းထန်းလုပ်ငန်းအဖွဲ့က ထန်းလုပ်သားလေး တစ်ယောက်လို့ မှတ်နေတာ။ အပြီးသတ်တော့ ပညာရှိ ကျမ်းပြုဆရာကြီးဖြစ်နေတာကိုး"

ထိုနောက်တော့ နှစ်ယောက်သား အားရပါးရ ရယ်မောလိုက်ကြသည်။

"ကဲ မောင်ရင်၊ ငါကတော့ မင်းတို့နေရာဟာ ထန်းရည်၊ ထန်းလျက် မျိုးစုံအောင်ထုတ်လုပ်နေတဲ့ စုပေါင်းနယ်မြေ ဘုံထန်းတောဆိုတော့ ဘယ်နည်းနဲ့မဆို ပင်ကျရည် တစ်မြူ နှစ်မြူတော့ရမှာပဲဆိုပြီး အားကိုးကြီးတစ်ခုနဲ့ မင်းဆီလာခဲ့တာ။ ဒီရောက်တော့ မင်းက ငါ့ကိုဆီးပြီး ထန်းရည်မသောက် တရားဟောတယ်။ အမှန်တော့ မင်းနဲ့ အေးအေးဆေးဆေး စကားပြောရင်း သောက်ရအောင်ဆိုပြီး လာခဲ့တာ။ ရှာမပေးနိုင်ဘူးဆိုလည်း နေပေါ့။ ကဲ ဒီလိုဆို ငါ ပြန်မယ်ကွာ"

လှကြည်က မျက်နှာခပ်တည်တည်ထား၍ ပြောရင်း နေရာမှ ပြောပြောဆိုဆို ထလိုက်သည်။

သည်တော့မှ ကိုအေးဆွေသည် ပြုံးရွှင်နေသော မျက်နှာဖြင့် ပျာပျာသလဲ တားလိုက်သည်။

"ဟေး၊ ဟေး။ မပြန်ပါနဲ့ကွ။ ရှာမပေးနိုင်ဘူးလို့ ငါက ပြောသေးလို့လား။ တကတဲ မင်းကလည်း စိတ်ချည်းပဲ။ ငါလည်း မင်းနဲ့ အေးအေးဆေးဆေး စကားပြောချင်နေတာ ကြာပြီ။ ကဲပါ၊ ငါ ရှာပေးပါ့မယ်ကွာ"

[ ၄၀ ]

"ဘယ့်နှယ်လဲဗျ ကိုဆယ်ရင်။ ဟိုတလောတုန်းက ခင်ဗျားနဲ့ အေးဆွေ ယောက္ခမလောင်းကြီးနဲ့ ဆွေးနွေးလိုက်ကြတဲ့ ဆွေးနွေးပွဲဂယက်ကတော့ ခုထက်ထိ ကျွန်တော်တို့မြို့က ထန်းပိုင်ရှင်လောကမှာတော့ ဂယက်ရိုက်တုန်းပဲဗျ။ ခင်ဗျားသုံးလိုက်တဲ့ စကားလုံးတွေကတော့ တယ်ပြောင်ပ့ါဗျာ"

ကိုအေးဆွေ၊ လှကြည်နှင့် ဆယ်ရင်တို့သည် မကြာမီပင် ဆယ်ရင်၏တဲ၌ ဆယ်ရင်၏ အကျိုးဆောင်ပေးမှုဖြင့် ငှက်ခါးတောင် ပင်ကျရည်ကို စကားတပြောပြောနှင့် လှျာတွေ့နေကြလေသည်။ ကိုအေးဆွေကမူ မသောက်ချေ။ အမြည်းကိုသာ စားသည်။ လှကြည်နှင့် ဆယ်ရင်တို့ကား ခွက်လှည့်ဆင့်နေကြသည်။ ခွက်လှည့် များလာသည်နှင့်အမျှ ပို၍လည်း အာသွက်လျှာသွက် ဖြစ်လာကြသည်။ လှကြည်က သူ၏စိတ်ဝင်စားစရာ ကိုယ်တွေ့အဖြစ်အပျက်ကလေးများကို ပြောပြနေရာ ကိုအေးဆွေနှင့် ဆယ်ရင်တို့မှာလည်း နားထောင်မငြီး ဖြစ်နေကြသည်။

သို့ဖြင့် စပ်မိစပ်ရာ ဟိုအကြောင်း ဒီအကြောင်း ပြောဆိုလာရာမှ မကြာမီကဖြစ်ပွားခဲ့သော ထန်းပိုင်ရှင် ဦးမြမောင်နှင့် ဆယ်ရင်တို့၏ ပဋိပက္ခ အငြင်းအခုံပွဲ အကြောင်းသို့ စကားဆိုက်လာရာ လှကြည်က ဆယ်ရင်အား ချီးကျူးစကား ဆိုလိုက်လေသည်။

"ပြောင်တယ်လို့တော့ မဟုတ်ပါဘူးဗျာ။ အခြေအနေအရ အကြောင်းအရာလိုက်ပြီး လုံးလိုက်ရတာပါ"

"ဘာတဲ့ဗျာ၊ ခင်ဗျားပြောလိုက်တဲ့စကားတွေထဲမှာ "ချစ်တီးကုလားကြီးတွေဟာ နောက်နောက်ဘဝက ဘုရားဒါယကာ၊ ကျောင်းဒါယကာ၊ သိမ်ဒါယကာ၊ ဇရပ်ဒါယကာကြီးတွေအဖြစ်နဲ့ လှူခဲ့တန်းခဲ့လို့ ခုဘဝမှာ ချစ်တီးကုလားကြီးဖြစ်ပြီး လယ်တွေကို အဓမ္မကြွေးနဲ့သိမ်းလို့ နောက်ဘဝက ဒါနမျိုးဆက်ကြောင့် လယ်ပိုင်ရှင်ကြီးတွေဖြစ်သွားတာလား။ ကျွဲနဲ့ နွားနဲ့ဖက်ပြီး တကယ်အလုပ်လုပ်တဲ့ လယ်သမားမှာတော့ ဒါနမျိုးစေ့နည်းခဲ့လို့ ခေါင်းပုံဖြတ်ခံ၊ သွေးစုပ်ခံ၊ ခြယ်လှယ်ဖိနှိပ်ခံရပြီး မွဲသွားတာလား" ဆိုတဲ့စကားလုံးတွေကတော့ အကြိုက်ဆုံးပဲဗျို့"

လှကြည်သည် ငွေကြေးရှင် ထန်းပိုင်ရှင်လောကမှတစ်ဆင့် ပြန်လည်ကြားလာရသော ဆယ်ရင့်စကားလုံးအချို့ကို ပြောပြလိုက်သည်။

"နောက်ပြီး ရှိသေးတယ်။ ထန်းပိုင်ရှင်တွေဟာ မြူအိုးတစ်လုံးလည်း လာကောက်မပေးဘဲနဲ့၊ ထင်းတစ်ချောင်း၊ ပိုက်ဆံတစ်ပြားလည်း အလကားလာမပေးဘဲနဲ့ အရင်းရှင် စီးပွားရေးစနစ်နဲ့ အချောင်လူညွန့်ခူး ခေါင်းပုံဖြတ်ယူတယ်ဆိုတဲ့ စကားဟာလေ"

ထန်းပိုင်ရှင်လောကတွင် ရေပန်းအစားဆုံး၊ အခံရအခက်ဆုံးဖြစ်နေသော စကားလုံးအချို့ကို လှကြည်က ရွေးကောက်ပြောပြနေလေသည်။

"ကျုပ်အနေနဲ့ ကျုပ်ထန်းပိုင် ဦးမြို့ကိုရော၊ ဦးမြမောင်ကိုရော လူကြီးတွေအနေနဲ့ လေးစားရှိသေပါတယ်။ နို့ပေမဲ့ ဘယ်လိုပဲရှိသေလေးစားပေမဲ့ ကျုပ်ကိုဆိုရင် အတော်ကို မုန်းနေတယ်နဲ့တူတယ်။ ဘယ်လိုပဲ အကောင်းပြောပြော အကောင်းမထင်ဘူး။ သူတို့ မျက်စိထဲမှာ ကျုပ်တို့တစ်တွေကို မျက်စိဆံပင်မွေးစူးစရာလို့ ထင်နေတယ်ထင်ပါရဲ့"

"မျက်စိဆံပင်မွေးစူးရုံမကဘူး ကိုဆယ်ရင်။ ရန်သူလို့ထင်နေတာ"

ဆယ်ရင်၏စကားကို ကိုအေးဆွေကပါ ဖြည့်စွက်၍ ထောက်ပေးလိုက်သည်။

"မင်းတို့ကကော ရန်သူဖြစ်အောင် လုပ်နေလို့လား"

လှကြည်က ကိုအေးဆွေဘက်လှည့်၍ မေးလိုက်၏။

"တို့ကတော့ ရန်သူဖြစ်အောင်လုပ်တာတော့ မှုတ်ပါဘူး။ လူ့သမိုင်းရဲ့ တောင်းဆိုချက်အရလုပ်တာပါ။ ဒါကို ထန်းပိုင်ရှင်ဘက်ကအမြင်နဲ့ ဓနရှင်စနစ်အရ မြင်နေတာကိုတော့ မပြောတတ်ဘူး"

"ဘယ်လိုလဲကွ အေးဆွေ။ လူ့သမိုင်းရဲ့ တောင်းဆိုချက်အရဆိုတာက ရှင်းစမ်းပါဦး။ မင်းတို့ နိုင်ငံရေးအသုံးအနှုန်းတွေကို ငါနားမလည်ပါဘူးကွာ"

"ဒီလိုလေကွာ၊ ကမ္ဘာပေါ်ရှိ ဘယ်နိုင်ငံ ဘယ်တိုင်းပြည်မဆို အလုပ်ရှင်နဲ့ အလုပ်သမား၊ လယ်ပိုင်ရှင်နဲ့ လယ်လုပ်သမား၊ ယာပိုင်ရှင်နဲ့ ယာလုပ်သမား၊ ထန်းပိုင်ရှင်နဲ့ ထန်းသမား ဒီလူတန်းစားအသီးသီးတွေဟာ ဘယ်တော့မှ တစ်ဦးနဲ့တစ်ဦး ငြိမ်းချမ်းစွာ ပူးတွဲပြီး အစဉ်မနေနိုင်ဘူး။ ဘာကြောင့်ဆိုရင် အလုပ်ပိုင်ရှင် မြေပိုင်ရှင်ဆိုတဲ့ လူတန်းစားတွေဟာ ငွေကြေးရှင်လူတန်းစားတွေပီပီ အရင်းရှင်စီးပွားရေးစနစ်နဲ့ တောင်သူလယ်သမား အလုပ်သမားတွေအပေါ်မှာ အမျိုးမျိုးခြယ်လှယ်ပြီး ခေါင်းပုံဖြတ်တယ်၊ သွေးစုပ်တယ်၊ ချုပ်ချယ်ဖိနှိပ်တယ်။ ဒီလိုနဲ့ ကြာလာတော့ အရင်းမဲ့ ပစ္စည်းမဲ့ တောင်သူလယ်သမား၊ အလုပ်သမား လူတန်းစားတွေဟာလည်း အတွေ့အကြုံအပေါ်မှာ သင်ခန်းစာရပြီး တိုးတက်တဲ့ အယူအဆတွေ ပြောင်းလဲလာတယ်။ အတွေးအခေါ်တွေလည်း ရင့်ကျက်လာတယ်။ ရသင့်ရထိုက်တဲ့ လုပ်ခရဲ့ အခကြေးငွေကို အပြည့်အဝရအောင် တောင်းဆိုလာတယ်။ ခြယ်လှယ်မှုကိုလည်း မခံတော့ဘဲ တော်လှန်လာတယ်။ ဒီတော့ အလုပ်ရှင်နဲ့ အလုပ်သမား၊ မြေရှင်နဲ့ တောင်သူလယ်သမားတွေဟာ အငြင်းအခုံဖြစ်လာတယ်။ ပဋိပက္ခ ဖြစ်လာတယ်။ ပိုမိုတောင်းရမလားဆိုပြီး ငွေရှင်၊ ကြေးရှင်၊ အရင်းရှင်၊ မြေရှင်တွေက အလုပ်သမား တောင်သူလယ်သမားတွေအပေါ်မှာ ငြိုငြင်လာတယ်။ ဒီလို ခေါင်းပုံဖြတ်ခံနေရတဲ့ အရင်းမဲ့လူတန်းစားတွေကို အသိဉာဏ်ပေးပြီး ခေါင်းဆောင်လုပ်တဲ့လူကိုလည်း မျက်မုန်းကျိုးလာတယ်။ ရန်သူလို မြင်လာတယ်"

**ဆက်လက်ဖော်ပြပါမည်။**

**"ကမ္ဘာပေါ်ရှိ ဘယ်နိုင်ငံ ဘယ်တိုင်းပြည်မဆို အလုပ်ရှင်နဲ့ အလုပ်သမား၊ လယ်ပိုင်ရှင်နဲ့ လယ်လုပ်သမား၊ ယာပိုင်ရှင်နဲ့ ယာလုပ်သမား၊ ထန်းပိုင်ရှင်နဲ့ ထန်းသမား ဒီလူတန်းစားအသီးသီးတွေဟာ ဘယ်တော့မှ တစ်ဦးနဲ့တစ်ဦး ငြိမ်းချမ်းစွာ ပူးတွဲပြီး အစဉ်မနေနိုင်ဘူး။ ဘာကြောင့်ဆိုရင် အလုပ်ပိုင်ရှင် မြေပိုင်ရှင်ဆိုတဲ့ လူတန်းစားတွေဟာ ငွေကြေးရှင်လူတန်းစားတွေပီပီ အရင်းရှင်စီးပွားရေးစနစ်နဲ့ တောင်သူလယ်သမား အလုပ်သမားတွေအပေါ်မှာ အမျိုးမျိုးခြယ်လှယ်ပြီး ခေါင်းပုံဖြတ်တယ်၊ သွေးစုပ်တယ်၊ ချုပ်ချယ်ဖိနှိပ်တယ်။ ဒီလိုနဲ့ ကြာလာတော့ အရင်းမဲ့ ပစ္စည်းမဲ့ တောင်သူလယ်သမား၊ အလုပ်သမား လူတန်းစားတွေဟာလည်း အတွေ့အကြုံအပေါ်မှာ သင်ခန်းစာရပြီး တိုးတက်တဲ့အယူအဆတွေ ပြောင်းလဲလာတယ်။ အတွေးအခေါ်တွေလည်း ရင့်ကျက်လာတယ်။ ရသင့်ရထိုက်တဲ့လုပ်ခရဲ့ အခကြေးငွေကို . . ."**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-cc-၄၊ ဦးပိုင်အမှတ်(၈၈)၊ ၁၀၅x၁၀၄ လမ်း၊ ၅၆x၅၇ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးတင်လှိုင်၏ (S.P ရရှိသူ ဦးစိန်လင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၂၈၇/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တိုး[၉/ခမစ(နိုင်)၀၁၈၇၄၈] က အမှုတွဲအမှတ်-၅၄၂၅/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါက်တာနော်ရီနာမြ
### (ဆေးမှူးချုပ်-ငြိမ်း-မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)
### (ယခင် မြန်မာ့လက်ရွေးစင် SEAP အပြေးမယ်)
### အသက်(၈၈)နှစ်

[ဦးရွှေမြ (စက်ရှင်တရားသူကြီး)-ဆရာမနော်ထူး]တို့၏ စတုတ္ထမြောက်သမီး၊ [ဦးမောင်မောင်မြ (BPI)]- နော်ခဲရယ်ဆာထူး (ex. Demonstrator, Bot; Dept, Yangon University)၊ [စောလှပု - ဆရာမနော်ရူဘီမြ(မြစ်ကြီးနား)]၊ (ဗိုလ်မှူးကြီးမောင်အေး-ဗိုလ်မှူးဒေါက်တာနော်ရီတာမြ)တို့၏ ညီမ၊ Rev. စောစိန်အောင် (ကရင်နှစ်ခြင်းအသင်းတော်၊ ပြင်ဦးလွင်) - ဆရာမနော်ရိုစ့်မြတို့၏ အစ်မ၊ (မန်းထွန်းရင်စံငွေး-ဘ.ခ.ရ၊ သတ္တုတွင်း)၏ ချစ်လှစွာသောဇနီး၊ (Rev. Dr. မန်းဟန်းဒယ်)- နန့်မေဖွားချစ် (သေရည်သေရက်ရှောင်ကြဉ်ရေး ခရစ်ယာန်အမျိုးသမီးဆုတောင်းအသင်း)၊ မန်းဂလက်စတုန်း (Freelance Legal Counselor)-နော်ဆာသွဲဝါး (Simrise Co., Ltd)၊ Rev. မန်းပါမာစတန် (အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်များကောင်စီ)-နန့်ရှုရှုပေါလ် (ex - UNICEF-Child Protection project)၊ မန်းချပ်ချေးလ် (Arborist / horticulturist, KUMUDRA LANDSCAPE SERVICES, Singapore)-နန့်မူမူအိုင်း (Private Fashion Designer)၊ စကံထွန်း (ယခင် သတ္တုတွင်းဘောလုံးသမား)-နန်းစုစုလွင် (BKK)၊ Prof; Dr. စဂျိုးဇက်-Prof; Dr. နန့်တင်တင်ဝင်း (Myanmar Institute of Theology)တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ်တစ်ယောက်တို့၏ ဘွားဘွားကြီးသည် ၁၁-၁၁-၂၀၂၃ (စနေနေ့) ည ၉ : ၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၅-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့)နံနက် ၉ နာရီတွင် ရန်ကုန်ပိုးကရင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း (Brayton)၊ ၁၂၁၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်၌ ဈာပနဝတ်ပြုကိုးကွယ်ပြီး၊ ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်အတွင်း ဂူသွင်းသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ အမှတ် (၅၄)၊ ဂန္ဓမာလမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ (၂) မင်္ဂလာဒုံမြို့နယ်နေ **ဦးဝင်းသင် အသက်(၉၀)နှစ်(B.Com, R.L, CPA, ASEAN CPA)၊ (ဝင်းသင်နှင့်အဖွဲ့လီမိတက်နှင့် ဝင်းအတိုင်ပင်ခံလီမိတက် တည်ထောင်သူ ဥက္ကဋ္ဌ)၊ (မြန်မာနိုင်ငံ စာရင်းကောင်စီဝင်)၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)နာယက** သည် ၁၁-၁၁-၂၀၂၃ ရက် (စနေနေ့) ည ၁၁:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ**
**Thilawa Property Development Limited**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်-ဏ-၄၊ ဦးပိုင်အမှတ်(၈၉-က)၊ ၁၀၅x၁၀၆ လမ်းကြား၊ ၆၃x၆၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရီရီစိန်၏(S.P ရရှိသူ ဦးသူရလွင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၄၀၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆိုင်းခေါန် [၁/မကတ(နိုင်)၁၂၃၃၁၃]၊ မသဉ္ဇာမိုးမြင့်[၁/ကမန(နိုင်)၀၇၀၂၂၂]၊ မောင်ပိုင်ရှင်းသန့်(အရွယ်မရောက်သေးသူ)၊ မောင်ဘုန်းထက်အောင်(အရွယ်မရောက်သေးသူ)တို့က အမှုတွဲအမှတ် (၅၄၂၄/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၄၊ ဦးပိုင်အမှတ်(၁၀၃)၊ ၅၀x၅၁ လမ်းကြား၊ နှင်းဆီလမ်းနှင့်မြတ်လေးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းသန်းမြင့်၏(SP ရရှိသူ ဦးသိန်းဦး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၅၂၂/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ကော်ချူးလန်(ခ) လွဲလွဲဝင်း [၁၃/လရန(နိုင်)၁၉၀၁၂၃]က အမှုတွဲအမှတ်-၅၄၂၃/ ၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ရပ်ကွက်၊ အကွက်အမှတ်-ဏ-၇၊ ဦးပိုင်အမှတ်(၅၈)၊ ၆၃x၆၄ လမ်းကြား၊ ၁၀၇ လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မေရှိုင်းဦး၊ ဦးထွန်းထွန်းဦး၊ ဒေါ်လှိုင်လှိုင်ထွေးတို့၏(S.P ရရှိသူ ဦးစိုးမိုးငွေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၃၂၉/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဖြူဖြူဖွေး[၅/ကလဝ(နိုင်)၀၅၃၀၁၉]က အမှုတွဲအမှတ်(၅၄၂၁/၂၀၂၃-၂၀၂၄)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ်-၄၁၇၊ ဦးပိုင်အမှတ်(၁၀၃-ခ)၊ ၁၉x၂၂ လမ်းကြား၊ ၅၈လမ်းနှင့်မြို့ပတ်လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးဝေလင်းအောင်၏(S.P ရရှိသူ ဒေါ်ဝါဝါ)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၉၃၃/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်သူဇာ [၉/ခအဇ(နိုင်)၀၁၀၅၃၃] က အမှုတွဲအမှတ်- ၅၄၂၉/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဒေါနဘွားရပ်ကွက်၊ အကွက်အမှတ်-၄၁၈၊ ဦးပိုင်အမှတ်-၁၁၂-က(ခဲစင်း)၊ လမ်း၆၀၊ ၉လမ်းနှင့်၁၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်တင်နု၏(G.P ရရှိသူ ဦးကျော်သီဟ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၇၉၁/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နွဲ့နွဲ့ညွန့်(ခ)နီလာညွန့်[၉/မရမ(နိုင်)၀၆၂၂၉၇]၊ ဒေါ်လီလီညွန့် [၉/မရမ(နိုင်)၀၆၂၂၉၈]တို့က အမှုတွဲအမှတ်-၅၄၀၁/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးကိုကိုအောင် [၁၂/ကတတ (နိုင်) ၀၁၄၅၄၄]
## World King Group International Co.,Ltd နှင့်
## အများသိစေရန်ကြေညာချက်

မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) တို့ချုပ်ဆိုသည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းအပ်နှံမှု သဘောတူစာချုပ်အရ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် (၂)လမ်းမကြီးနှင့် အမှတ် (၇)လမ်းဆုံအနီး ပြည်သူ့အငှားအိမ်ရာစီမံကိန်း၊ (၄)ခန်းတွဲ (၅)ထပ်အဆောက်အဦ (၁၉၆)လုံး တည်ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ လိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ် (MLCA)မှ လုပ်ကိုင်ခွင့်ရရှိခဲ့ရာ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) သည် လူကြီးမင်း၏ World King Group International Co.,Ltd နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ် (၇)လမ်းမကြီး၊ တော်ခရားကွင်း၊ ကွင်းအမှတ် - ၁၁၀၉ (အေ)၌ တည်ရှိသော ပြည်သူ့အငှားအိမ်ရာစီမံကိန်း မြေနေရာတွင်အဆောက်အဦအမှတ် - (138) နှင့် (145) (၄)ခန်းတွဲ (၅)ထပ် (၂)လုံးအား တည်ဆောက်ရန် "ရန်ကုန်ပြည်သူ့အငှားအိမ်ရာစီမံကိန်း အဆောက်အဦများတည်ဆောက်ခြင်းအတွက် လုပ်ငန်းအပ်နှံမှု သဘောတူစာချုပ်" ကို (၂၇-၅-၂၀၂၁) ရက်နေ့တွင် ချုပ်ဆိုခဲ့ကြပါသည်။

ထိုသို့ စာချုပ်ချုပ်ဆိုပြီးနောက် ဦးကိုကိုအောင် အနေဖြင့် (MLCA) နှင့် ချုပ်ဆိုထားသောစာချုပ်အရ တာဝန်ယူထားသော အဆောက်အဦ (၂)လုံးကို သတ်မှတ်ထားသောကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိဘဲ အဆောက်အဦအမှတ် - (138) ကို (၁၂-၇-၂၀၂၂) ရက်နေ့အထိလည်းကောင်း၊ အဆောက်အဦအမှတ်- (145) ကို (၂၄-၆-၂၀၂၂) ရက်နေ့အထိလည်းကောင်း လုပ်ငန်းများ ရပ်နားထားကြောင်း သိရှိရပြီး ယခုလက်ရှိ အဆိုပါ အဆောက်အဦ (၂)လုံး၏ လုပ်ငန်းပြီးစီးမှုအခြေအနေမှာ (50%)အထိသာ ပြီးစီးမှုရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ လူကြီးမင်းအနေဖြင့် စာချုပ်ပါလိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ပြီးစီးအောင်ဆောင်ရွက်ရန် ရှေ့နေမှတစ်ဆင့် (၃၀-၈-၂၀၂၃) ရက်စွဲဖြင့် ဦးကိုကိုအောင်ထံ အကြောင်းကြားနို့တစ်စာ ပေးပို့ခဲ့ပါသည်။ ယင်းစာအားလည်း ဦးကိုကိုအောင်မှ လက်ခံရရှိကြောင်းဖြင့် သက်ဆိုင်ရာစာတိုက်မှ ပြန်လည်ပေးပို့လာခဲ့ပါသည်။ သို့သော်လည်း ဦးကိုကိုအောင် အနေဖြင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) ရုံးချုပ်သို့လည်း တစ်စုံတစ်ရာ ဆက်သွယ်ပြောဆို ဆောင်ရွက်လာခြင်းမရှိသည့်အပြင် အကြောင်းကြားစာပါ တောင်းဆိုချက်များကိုလည်း လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) အနေဖြင့် မလွှဲမရှောင်သာဘဲ ဦးကိုကိုအောင်၏ World King Group International Co.,Ltd အား ထုတ်ပေးထားသည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်တာလိုင်စင်ကို (Black List) အဖြစ် စာရင်းထည့်သွင်းနိုင်ရေးအတွက် တင်ပြသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့လည်းကောင်း အမည်ပျက်စာရင်းအဖြစ် အသီးသီးထည့်သွင်းနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းလှိုင်(ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ/စဉ်-၇၃၅၆/(၈-၂-၂၀၀၅)**
**အမှတ်(၉/၁၁) - မြေညီ၊ ၃၆ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၆၉၂၇**

## ဦးအောင်နိုင် (S/DGNMTI – 035048)
## New Season Construction Co,Ltd နှင့်
## အများသိစေရန် ကြေညာချက်

မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ် (MLCA) ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်-

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) တို့ချုပ်ဆိုသည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းအပ်နှံမှု သဘောတူ စာချုပ်အရ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ အမှတ် (၂)လမ်းမကြီးနှင့် အမှတ် (၇)လမ်းဆုံအနီး ပြည်သူ့အငှားအိမ်ရာစီမံကိန်း၊ (၄)ခန်းတွဲ (၅)ထပ် အဆောက်အဦ (၁၉၆)လုံး တည်ဆောက်လုပ်ခြင်းလုပ်ငန်းအား မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) မှ လုပ်ကိုင်ခွင့်ရရှိခဲ့ရာ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) သည် လူကြီးမင်း၏ New Season Construction Co,Ltd နှင့် ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ အမှတ် (၇)လမ်းမကြီး၊ တော်ခရားကွင်း၊ ကွင်းအမှတ် - ၁၁၀၉ (အေ)၌ တည်ရှိသော ပြည်သူ့အငှားအိမ်ရာစီမံကိန်း မြေနေရာတွင် အဆောက်အဦအမှတ် - (199) (၄)ခန်းတွဲ (၅)ထပ် (၁)လုံးအား တည်ဆောက်ရန် "ရန်ကုန်ပြည်သူ့အငှားအိမ်ရာစီမံကိန်း အဆောက်အဦများတည်ဆောက်ခြင်းအတွက် လုပ်ငန်းအပ်နှံမှုသဘောတူစာချုပ်"ကို (၂၇-၅-၂၀၂၁) ရက်နေ့တွင် ချုပ်ဆိုခဲ့ကြပါသည်။

ထိုသို့ စာချုပ်ချုပ်ဆိုပြီးနောက် ဦးအောင်နိုင် အနေဖြင့် (MLCA) နှင့် ချုပ်ဆိုထားသောစာချုပ်အရ တာဝန်ယူထားသော အဆောက်အဦ အမှတ် - (199) ကို သတ်မှတ်ထားသောကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်ခြင်းမရှိဘဲ (၂၀-၃-၂၀၂၂) ရက်နေ့အထိ လုပ်ငန်းများ ရပ်နားထားကြောင်း သိရှိရပြီး ယခုလက်ရှိ လုပ်ငန်းပြီးစီးမှုအခြေအနေမှာ (70%)အထိသာ ပြီးစီးမှုရှိကြောင်း သိရှိရပါသည်။ သို့ဖြစ်၍ လူကြီးမင်းအနေဖြင့် စာချုပ်ပါလိုက်နာ ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို ပြီးစီးအောင်ဆောင်ရွက်ရန် ရှေ့နေမှတစ်ဆင့် (၃၀-၈-၂၀၂၃) ရက်စွဲဖြင့် ဦးကိုကိုအောင် ထံ အကြောင်းကြားနို့တစ်စာ ပေးပို့ခဲ့သော်လည်း ယင်းစာအား လက်ခံရယူခြင်း မရှိဘဲ "လိပ်စာရှင်ပြောင်းရွှေ့ သွားပါသည်" ဟူသော မှတ်ချက်ဖြင့် သက်ဆိုင်ရာ စာတိုက်မှ ပြန်လည်ပေးပို့လာခဲ့ပါသည်။ ထို့အပြင် ဦးအောင်နိုင် အနေဖြင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) ရုံးချုပ်သို့လည်း တစ်စုံတစ်ရာ ဆက်သွယ်ပြောဆိုဆောင်ရွက်လာခြင်း မရှိကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ် (MLCA) အနေဖြင့် မလွှဲမရှောင်သာဘဲ ဦးအောင်နိုင် ၏ New Season Construction Co,Ltd အား ထုတ်ပေးထားသည့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ ကန်ထရိုက်တာလိုင်စင်ကို (Black List) အဖြစ် စာရင်းထည့်သွင်းနိုင်ရေးအတွက် တင်ပြသွားမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနသို့လည်းကောင်း အမည်ပျက်စာရင်းအဖြစ် အသီးသီးထည့်သွင်းနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် တည်ဆဲတရားဥပဒေများနှင့်အညီ တရားစွဲဆို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သက်ဆိုင်သူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန်းလှိုင်( ဥပဒေတွဲ့)**
**တရားလွှတ်တော်ရှေ့နေ/စဉ်-၇၃၅၆/(၈-၂-၂၀၀၅)**
**အမှတ်(၉/၁၁)၊ မြေညီ၊ ၃၆ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၂၆၉၂၇**

## LEADER နှင့် NITTO ကုန်အမှတ်တံဆိပ်တို့နှင့် စပ်လျဉ်း၍
## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာဇံမြို့နယ်၊ ၂၆-လမ်း၊ ( ၈၃လမ်း နှင့် ၈၄ လမ်းကြား )၊ အမှတ် (၅၂/၁) တွင်နေထိုင်သူများဖြစ်သော ဦးအောင်လေးမြင့် (၉/ခအဇ (နိုင်) ၀၃၇၄၈၁) နှင့် ဦးအောင်သန်းမြင့် (၉/ခအဇ (နိုင်) ၀၃၇၄၈၂) တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်တို့နှင့် စပ်လျဉ်း၍ အများသိစေရန်ကြေညာအပ်သည်မှာ-

LEADER
လျှပ်စစ်ပစ္စည်းအမျိုးမျိုး

NITTO

မှတ်ပုံတင်စာချုပ်အမှတ် (၂၈၇/၂၀၁၂) မှတ်ပုံတင်စာချုပ်အမှတ် (၅၁၉/၂၀၁၆)

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်တို့နှင့်စပ်လျဉ်း၍ မန္တလေးမြို့တော် စာချုပ်စာတမ်းများမှတ်ပုံတင်ဌာနမှုးရုံးတွင် **LEADER** လျှပ်စစ်ပစ္စည်းအမျိုးမျိုး အမှတ်တံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ် (၂၈၇/၂၀၁၂) ဖြင့်လည်းကောင်း၊ **NITTO** အမှတ်တံဆိပ်အား မှတ်ပုံတင်စာချုပ်အမှတ် (၅၁၉/၂၀၁၆) ဖြင့်လည်းကောင်း တရားဝင်မှတ်ပုံတင်ထားရှိပြီး အဆိုပါကုန်အမှတ်တံဆိပ်များဖြင့် ELECTRIC, ELECTRONIC၊ စက်ရုံသုံး၊ အိမ်သုံး၊ လျှပ်စစ်ဝါယာကြိုး အမျိုးမျိုး၊ ဘရေကာအမျိုးမျိုး၊ မီးသီး၊ မီးချောင်း၊ မီးကွေးအမျိုးမျိုး၊ မီးခလုပ်အမျိုးမျိုး၊ အလှဆင်မီးပန်း၊ မီးဆိုင်းအမျိုးမျိုး၊ လမ်းမီးအမျိုးမျိုး၊ ပန်ကာအမျိုးမျိုး၊ အခြားလျှပ်စစ်ပစ္စည်းအမျိုးမျိုးတို့အား တင်သွင်းဖြန့်ချိ၊ ဖြန့်ဖြူးရောင်းချလျက်ရှိရာ အများပြည်သူများမှ တစ်ခဲနက်အားပေးအသုံးပြုလက်ရှိကြပါသည်။

အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေတို့၏ ကုန်အမှတ်တံဆိပ်များကို တိုက်ရိုက်ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အခြားမည်သူမဆိုဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်း၊ တုပပြုလုပ်ရောင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို မပြုလုပ်ရန်နှင့်အကယ်၍ ပြုလုပ်ပါက ကျွန်ုပ်မိတ်ဆွေများ၏ အကျိုးစီးပွားထိခိုက်နစ်နာဆုံးရှုံးမှုများအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| ဦးတင်မောင်သိန်း (စဉ်-၅၃၃၈) | ဒေါ်ယဉ်ယဉ်အောင် (စဉ်-၁၀၃၈၃) | ဒေါ်ခိုင်ဇာသွယ် (စဉ်-၅၀၀၅၄) |
| --- | --- | --- |
| B.A, RL, D.B.L, D.I.L | LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L |

**တရားလွှတ်တော်ရှေ့နေများ** **အထက်တန်းရှေ့နေ**

အမှတ် (၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၅၀၇၆၁၅၈ ၊ ၀၉ ၄၃၀ ၆၄၆၇

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးသိမ်းထွေး
## အသက်(၈၆)နှစ်

ကျန်းမာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန် ဒေါက်တာ ရဲမင်းထွေး-ဒေါက်တာဥမ္မာအောင်တို့၏ ဖခင် ဦးသိမ်းထွေး အသက်(၈၆)နှစ်သည် ၁၂-၁၁-၂၀၂၃ရက် နံနက် ၁၀:၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးဝန်ကြီးဌာန**

---

**မြောင်းမြမြို့နယ်အသင်း (ရန်ကုန်)**
## ဒေါ်ညွန့်ညွန့်ဌေး
**လက်ထောက်ကထိက (ငြိမ်း)**
## အသက်(၇၁)နှစ်

မြောင်းမြမြို့နယ်အသင်း(ရန်ကုန်)၊ အသင်းသူ ဖြစ်သော ဒေါ်ညွန့်ညွန့်ဌေးသည် ၁၀-၁၁-၂၀၂၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၁၁-၂၀၂၃ရက်တွင် မီးသင်္ဂြိုဟ်ပြီးစီးပြီ ဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

---

## ဦးခင်ထူး
**(ရန်ကင်း)**
## အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ရန်ငြိမ်းလမ်းသွယ်(၁)၊ တိုက်အမှတ်(၂၄၂)၊ အခန်းအမှတ်(၁၄)နေ(ဦးမောင်အေး-ဒေါ်စောနှဲ့)တို့၏သားထွေး၊ ဦးမြင့်ဦး-ဒေါ်စန်းမြင့်၊ (ဦးခင်ညို)၊ ဒေါ်တင်တင်ဝင်း-ဦးလှသိန်း၊ ဒေါ်အေးအေးကြူ-(ဦးဇော်ထွဋ်နိုင်)၊(ဦးတင့်လွင်)-ဒေါ်စောမြမြခိုင်တို့၏ညီ/မောင်ငယ်၊ ဒေါ်ခင်လေးမွန်-ဦးထွန်းထွန်းနိုင်၊ (ဦးရဲနိုင်ဦး)-ဒေါ်ချိုပြုံး၊ ဦးဘုန်းပိုင်စိုး-ဒေါ်အေးအေးမော်၊ ဒေါ်ခင်မြတ်နိုး၊ ဦးစည်သူကျော်၊ ဦးထိန်လမင်း-ဒေါ်နေခြည်သန်းဦး၊ ဒေါ်နီလာမြင့်တို့၏ဦးလေး၊ မောင်ရဲထွဋ်ခန့်၊ မနိုနိုလမင်း၊ မောင်ဘုန်းသုသိင်္ဂါတို့၏အဘိုးလေး ဦးခင်ထူးသည် ၁၁-၁၁-၂၀၂၃ ရက် ညနေ ၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(ရန်ကင်းနေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင်ထွက်ပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၇-၁၁-၂၀၂၃ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီ အထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-၇၊ ဦးပိုင်အမှတ်(၃၁)၊ ၅၉x၆၀လမ်းကြား၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုလှ [၁၃/လရန(နိုင်)၁၂၂၂၄၃]၏ (GP ရရှိသူ ဦးမျိုးလွင်)က အမှုတွဲအမှတ် (၅၄၃၆/၂၀၂၃-၂၀၂၄ ဖြင့်သက်တမ်းတိုး)လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ် စစ-၉-A၊ ဦးပိုင်အမှတ်(၅)၊ ၁၀၅x၁၀၆ လမ်းကြား၊ ၅၁x၅၂ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ အရာခံဗိုလ်ဦးပန်းပင်(ငြိမ်း)၏ (SP ရရှိသူ ဦးစိန်ဉာဏ်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၈၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လျောင်ကင်းဖိန်း [၉/မကန(ဧည့်) ၀၀၀၃၇၅]၊ ဒေါ်ကြူဖိန်း(ခ)ဝင်းမေရီ[၉/မကန(ဧည့်) ၀၀၀၄၂၈]၊ ဒေါ်ရင်ငြိမ်းအေး[၉/မကန(ဧည့်)၀၀၀၄၂၉]တို့က အမှုတွဲအမှတ်-၅၄၄၀/၂၀၂၃-၂၀၂၄ ဖြင့်အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်-၇၊ ဦးပိုင်အမှတ်(၂၆)၊ ၅၉x၆၀လမ်းကြား၊ ၄၀x၄၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ချိုချိုလှ [၁၃/လရန(နိုင်)၁၂၂၂၄၃]၏ (GP ရရှိသူ ဦးမျိုးလွင်)က အမှုတွဲအမှတ် (၅၄၃၇/၂၀၂၃-၂၀၂၄ ဖြင့်သက်တမ်းတိုး)လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ဘုရား၊ သိမ်၊ ကျောင်း၊ ရေသန့်စက်၊ ရေသန့်၊ အဆောက်အဦ အလှူရှင်**
## ဒေါ်ရီရီသန်း
**ကျောင်းအုပ်ဆရာမကြီး (ငြိမ်း)**
## အသက်(၈၃)နှစ်

ကွမ်းခြံကုန်း၊ အ-ထ-က(၁+၂) မှော်တော၊ တောကျောင်း၊ ကျိုက်တော်၊ ပုဇွန်တောင် အ. ထ. က(၄) ကွမ်းခြံကုန်းမြို့နေ (ဦးနက်-ဒေါ်သန်းခင်)တို့၏သမီး၊ (ဦးဘဆိုင်)၊ (ဦးဘလှိုင်)၊ (ဦးတင်မြင့်)၊ (ဒေါ်မေစီ)၊ ဒေါ်ဘေဘီ၊ ဒေါ်စောမြတင်၊ (ဦးရွှေမြအောင်)၊ (ဦးမြတိုးအောင်)တို့၏ ညီမ၊ ဒေါ်ခင်စန်းမြင့်၊ ဦးခင်မောင်ညိုသန်းတို့၏ အစ်မ၊ တူ/တူမ ၂၁ ယောက်၊ မြေး ၁၈ ယောက်၊ မြစ် ငါးယောက်တို့၏ အဘွားဆရာမကြီး ဒေါ်ရီရီသန်းသည် ၁၁-၁၁-၂၀၂၃ (စနေနေ့) မွန်းလွဲ ၂:၁၀ နာရီတွင် ကွမ်းခြံကုန်းမြို့ဈေးပိုင်းရပ်ကွက် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၃ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ကွမ်းခြံကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ရွှေတောင်ကြားရိပ်သာလမ်း၊ အမှတ်(2/4)၊ အခန်းအမှတ်(3/A) (MY RESIDENCE CONDO)၊ အကျယ်အဝန်း (၁၇၀၀ စတုရန်းပေ)ရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသန့်ဇင်စိုး [၁၂/ဥကတ(နိုင်)၁၀၃၄၅၅]မှ ပိုင်ရှင်ဖြစ်သူ ဒေါ်ခင်အိအိခင်[၇/ပခန(နိုင်)၁၉၆၇၆၅]ထံသို့ စရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါသောကြောင့် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများသည် ဤသတင်းစာကြေညာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား အောင်မြင်ပြီးမြောက်စေရန် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဆွေစင်အိ (LL.B) (LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၆၉၇)**
**အမှတ်(၁၀၀)၊ ဒုတိယထပ်၊ ငုဝါလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၉၄၉၀၉**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၄-လမ်း၊ အမှတ်(၂)၊ ၈- လွှာနေ ဦးကျော်မြင့်+ဒေါ်လှလှဝင်းတို့၏ သားဖြစ်သူ **မောင်ကျော်လှိုင်[၁၁/စတန(နိုင်)၁၄၂၂၀၀]**သည် မိဘများ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများကို အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစား အမွေခံသားအဖြစ်မှ အမွေပြတ် အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သော အရှုပ်အရှင်း ကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်မြင့် + ဒေါ်လှလှဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP:09-5017044**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၂ ရပ်ကွက်၊ အကွက်အမှတ် ၈၂၁-က(အ.န.က)ဦးပိုင်အမှတ်(င.၇)၊ ၃၅x၃၆ လမ်းကြား၊ ၆၀x၆၁ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစိုင်းဆိုင်မိုင်း[၉/မရတ(နိုင်)၀၄၀၃၉၆]က အမှုတွဲအမှတ် (၅၄၃၃/၂၀၂၃-၂၀၂၄)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရေတွင်း၊ ရေကန်၊ ဒါယကာကြီး**
## ဦးဝင်းသင်
**[B.Com, B.L, R.A (CPA),ASEAN CPA]**
**(ဝင်းသင်နှင့်အဖွဲ့လီမိတက်နှင့် ဝင်းအတိုင်ပင်ခံလီမိတက်တည်ထောင်သူဥက္ကဋ္ဌ)**
**(ပဲခူးနောင်တော်ကြီး မြသာလျောင်း ဘုရားကြီး၏ မတည်အလှူရှင်)**
**(မော်လမြိုင်အသင်း/ဘသင်+အေးမြ ဖောင်ဒေးရှင်းတို့၏ ဂုဏ်ထူးဆောင်နာယက)**
**(မြန်မာနိုင်ငံစာရင်းကောင်စီဝင်)**
**[မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်းနှင့် ဝါဏိဇ္ဇဘွဲ့ရများအသင်း (မြန်မာနိုင်ငံ) နာယက]**
**(မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာ ကြီးကြပ်ရေးကောင်စီအဖွဲ့ဝင်)**
## အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ အမှတ်(၅၄)၊ ဂန္ဓမာလမ်း၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ မင်္ဂလာဒုံမြို့နယ်နေ (ဦးဘသင်-ဒေါ်အေးမြ)တို့၏ သား၊ (ဒေါ်ခင်ကြည်)၊ (ဦးဉာဏ်ထွန်း-ဒေါ်လှကြည်)၊ (ဦးသိန်းဇော်-ဒေါက်တာဒေါ်သိန်းကြည်)၊ (ဒေါက်တာဦးမြသင်-ဒေါ်ထွေးကြည်)၊ (ဒေါက်တာဦးထွန်းသင်)-ဒေါက်တာမြင့်မြင့်အေး၊ (ဒေါက်တာဦးခင်မောင်တင်)-ဒေါက်တာဒေါ်ဌေးကြည်တို့၏ ညီ/မောင်၊ မဆုယဉ်လှိုင်၊ မောင်မိုးဇင်၊ မောင်မိုးသင်တို့၏ မွေးစားဖခင်ကြီး၊ တူ-တူမ ၁၃ ယောက်တို့၏ ဦးလေး၊ မြေး ၂၄ ယောက်၊ မြစ် ခြောက်ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၁၁-၁၁-၂၀၂၃ (စနေနေ့) ည ၁၁:၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၁၁-၂၀၂၃ ရက် (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန် (အဆောင် ၁ - က)သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၇-၁၁-၂၀၂၃(သောကြာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီထိ အထက်ပါလိပ်စာပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းသင်
**(Chairman, Win Consulting Ltd)**
## အသက် (၉၀)နှစ်

ကျေးဇူးရှင်ဆရာကြီးဦးဝင်းသင် (Chairman, Win Consulting Ltd) သည် ၁၁-၁၁-၂၀၂၃ (စနေနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Vice Chairman**
**Managing Director, Directors**
**ဝန်ထမ်းမိသားစုများ**
**Win Consulting Ltd.**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးဝင်းသင်
**(Chairman, Win Thin & Associates Ltd)**
## အသက် (၉၀)နှစ်

ကျေးဇူးရှင်ဆရာကြီးဦးဝင်းသင် (Chairman, Win Thin & Associates Ltd) သည် ၁၁-၁၁-၂၀၂၃ (စနေနေ့) ည ၁၁:၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုဝင်များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။


**Vice Chairman**
**Managing Director, Directors**
**ဝန်ထမ်းမိသားစုများ**
**Win Thin & Associates Ltd.**

---

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။





## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **နိုင်ငံတော်တည်ဆောက်ရေးတွင် အဓိကမဏ္ဍိုင်ကြီး ၃ ခုဖြစ်သည့် အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးနှင့် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် မီဒီယာတို့ ဟန်ချက်ညီရန် အရေးကြီး...**

❖ **မီဒီယာသည် မဏ္ဍိုင်ကြီး ၃ ခုကို မယိမ်းယိုင်စေရေး တည့်မတ်ပေးသည့် မဏ္ဍိုင်တစ်ခုပင်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့တွင် ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၊ မြဝတီရုပ်မြင်သံကြား၏ (၂၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

### ယနေ့ ဖတ်စရာ

**တိုင်းပဲခူး၏ MSMEလုပ်ငန်းများမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုဆီ**

သတင်းဆောင်းပါး စာမျက်နှာ » ၁၉

**နိုဝင်ဘာ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် စက်သုံးဆီတင်သင်္ဘော လေးစင်းဆိုက်ကပ်ခဲ့ပြီး စက်သုံးဆီတင်သင်္ဘော ၁၅ စင်း မကြာမီထပ်မံရောက်ရှိ ဆိုက်ကပ်မည်**

စာမျက်နှာ » ၂၂

**ချန်ပီယံလိဂ်(၁၆)သင်းအဆင့်ကို ဘယ်အသင်းတွေ တက်လှမ်းလာဦးမလဲ**

စာမျက်နှာ » ၂၅




## UFC 295 ပြိုင်ပွဲတွင် မြန်မာ MMA ဖိုက်တာ ဂျိုရှုအာဗန် အနိုင်ရ

**ရန်ကုန် နိုဝင်ဘာ ၁၂**

မြန်မာစံတော်ချိန် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပသည့် UFC 295 ပြိုင်ပွဲတွင် မြန်မာ MMA ဖိုက်တာ ဂျိုရှုအာဗန်ယှဉ်ပြိုင်ရာ အမှတ်ဖြင့် အနိုင်ရခဲ့သည်။

ဂျိုရှုအာဗန်သည် ပီရူးနိုင်ငံသား ကီဗင်ဘိုးဟိုစ်နှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့ခြင်းဖြစ်ပြီး အချီပြည့်သည်အထိ အရှုံးအနိုင်မပေါ်သော်လည်း အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် အနိုင်ရခဲ့ခြင်းဖြစ်သည်။ အမှတ်ဖြင့် ဆုံးဖြတ်ရာတွင် ဒိုင်လူကြီးသုံးဦးစလုံးက ဂျိုရှုအာဗန်ကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ဂျိုရှုအာဗန်သည် UFC က ကျင်းပသည့်ပြိုင်ပွဲများတွင် နှစ်ပွဲထိုးသတ်ရာ နှစ်ပွဲစလုံး အနိုင်ရထားသည်။ ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ကိုးပွဲထိုးသတ်ရာတွင် ရှစ်ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ဂျိုရှုအာဗန်သည် တိုက်ခိုက်ရေးအဖွဲ့အစည်းများတွင် နာမည်ကျော် UFC နှင့် ပထမဆုံးလက်တွဲခွင့်ရသည့် မြန်မာကစားသမားလည်းဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-UFC

## All In Combat-4 ပြိုင်ပွဲ ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲတွင် ထီရယ်လ်ထန် အရေးနိမ့်

**ရန်ကုန် နိုဝင်ဘာ ၁၂**

All In Combat-4 ပြိုင်ပွဲကို မြန်မာစံတော်ချိန် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက အမေရိကန်နိုင်ငံ၌ ကျင်းပရာ မြန်မာ MMA ဖိုက်တာ ထီရယ်လ်ထန်သည် ဘင်တန်ဝိတ်တန်း ချန်ပီယံခါးပတ်လုပွဲတွင် အရေးနိမ့်ခဲ့သည်။

ထီရယ်လ်ထန်သည် ချန်ပီယံခါးပတ်လုပွဲအဖြစ် အမေရိကန်နိုင်ငံသား အိုလန်နှင့် ထိုးသတ်ရာ အမှတ်ဖြင့်အရေးနိမ့်ပြီး ချန်ပီယံခါးပတ်ပိုင်ဆိုင်မည့်အခွင့်အရေး လက်လွှတ်ခဲ့ရခြင်းဖြစ်သည်။ ပထမအချီတွင် လက်ရည်မကွာသော်လည်း ဒုတိယအချီတွင် အိုလန်က အမှတ်ရနိုင်သည့် ထိုးကွက်များပိုရခဲ့သည်။ ဒုတိယအချီပြီးခါနီးတွင် နှစ်ဦးစလုံးချုပ်ကွက်အသုံးပြုခဲ့ပြီး ထီရယ်လ်ထန်အနေဖြင့်

စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❂



## နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့ကာယဗလ အားကစားအဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၁၂**

ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့သည့် "14th WORLD BODY BUILDING AND PHYSIQUE SPORTS CHAMPIONSHIPS 2023" "(၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲ ၂၀၂၃" တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်းခေါင်းဆောင်သည့် အားကစားသမားနှစ်ဦးပါဝင်သော နိုင်ငံ့ဂုဏ်ဆောင်မြန်မာ့ကာယဗလ အားကစားအဖွဲ့သည်ယနေ့ ညနေပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ❒

### ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၂

ဟားခါး

၄ ဒီဂရီစင်တီဂရိတ်

မိုင်းယန်း

၈ ဒီဂရီစင်တီဂရိတ်

တီးတိန်

၉ ဒီဂရီစင်တီဂရိတ်

ပြင်ဦးလွင်

၁၀ ဒီဂရီစင်တီဂရိတ်